# ဧဝံဂေလိသာသနာလုပ်ငန်း

# လမ်းညွှန်စာအုပ်

**A Handbook**

**for**

**Personal Evangelism**

Dr. William Za Thelh Lo, D. Min
Myanmar Grace Church
Phoenix, Arizona



## မှာကြားလွှာ

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် အမေရိကန်နိုင်ငံသို့ ၂၀၀၈ ခုနှစ်၊ မေ(၂၀)တွင်ရောက်ရှိခဲ့ပါသည်။ ဘုရားသခင်၏လမ်းပြမှုအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဒီရေးဂိုမြို့တွင် အသင်းတော်နှစ်ပါး၊ "ဆန်ဒီရေးဂိုမြန်မာတိုင်းရင်းသားအသင်းတော်" (San Diego Burmese Community Church) နှင့် "အဝေးရောက်မြန်မာမျိုးနွယ်စုအသင်းတော်" (Diaspora Myanmar Community Church) တို့ကို North American Mission Board, Southern Baptist Convention ၏ထောက်ပံ့မှုဖြင့် အောင်မြင်စွာ ပျိုးထောင်နိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် အာရီဇိုးနားပြည်နယ်၊ ဖီးနစ်မြို့ရှိမြန်မာတိုင်းရင်းသားများထံမှ "မာကေဒေါနိခေါ်သံ" ကြောင့် သာသနာနယ်မြေသစ်တိုးချဲ့ရန်ရည်ရွယ်ချက်ဖြင့် ဖီးနစ်မြို့သို့ပြောင်းရွှေ့ခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် "ဖီးနစ်မြန်မာနှစ်ခြင်းအသင်းတော်" (Phoenix Myanmar Baptist Church) ကို ဘုန်းတော်ထင်ရှားဖို့ရန် ပျိုးထောင်နိုင်ခဲ့ပါသည်။ ၂၀၂၁၊ ဒီဇင်ဘာ(၄)ရက်တွင် **Myanmar Grace Church** ဟုအမည်ပြောင်းခဲ့ကြပါသည်။

ဖီးနစ်မြန်မာနှစ်ခြင်းအသင်းတော်သည် သာသနာပြုအသင်းတော်ဖြစ်ပါသည်။ သခင်ယေရှုခရစ်၏အမည်နှင့်၊ ကယ်တင်ခြင်း သတင်းကောင်းကို မကြားဖူးသောသူများထံတွင် ဧဝံဂေလိဟောပြောခြင်းကို အဓိကဆောင်ရွက်ပါသည်။ သင်းအုပ်ဆရာနှင့်လက်တွဲပြီး အတူတကွ သာသနာပြုကြရန် အသင်းတော်ခေါင်းဆောင်များအား "ကိုယ်ပိုင်သာသနာပြုခြင်း" (Personal Evangelism) အကြောင်းကို သင်တန်းပို့ချရာမှ၊ အနာဂါတ်သာသနာအတွက် လက်စွဲအသုံးပြုရန်ရည်ရွယ်ချက်ဖြင့် ဤစာအုပ်ငယ်ကို ရေးသားထုတ်ဝေရခြင်းဖြစ်ပါသည်။

သခင်ယေရှုခရစ်တော်၏ မဟာစေခိုင်းချက်ကိုအကောင်အထည်ဖော်ရာတွင် အုပ်ခဲတစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်လိုသူများအတွက်၊ စေတနာဖြင့် မေတ္တာလက်ဆောင်ပါးအပ်ပါသည်။ အာမင်။

မာတိကာ

ဧဝံဂေလိနှင့်သာသနာလုပ်ငန်း ........ ၃
အပိုင်း(က)
အခန်း(၁)
သာသနာပြုခြင်းအကြောင်း ........ ၄
သာသနာခြင်းဆိုင်ရာဒဏ္ဍာရီများ ........ ၆
သာသနာပြု၏အနက်အဓိပ္ပါယ် ........ ၁၂
သာသနာပြုတာဝန်ဝတ္တရားများ ........ ၁၆
သာသနာပြုအရည်အချင်းများ ........ ၂၀
အခန်း(၂)
သာသနာပြုခြင်းနှင့်ဝိညာဉ်ကယ်ဆယ်ရေး ........ ၂၇
သာသာနာနည်းဗျူဟာများ ........ ၂၉
ဓမ္မသစ်ကျမ်းဧဝံဂေလိလုပ်ငန်း ........ ၃၁
ကနဦးအသင်းတော်၏နည်းဗျူဟာများ ........ ၃၄
ယနေ့အသင်းတော်အားစိန်ခေါ်မှုများ ........ ၃၇
အခန်း(၃)
သာသနာပြုခြင်း၏ကြန်အင်လက္ခဏာ ........ ၄၂
သာသနာပြုနည်းဗျူဟာများ ........ ၄၉
သာသနာပြုများ 'ဆောင်ရန်' နှင့် 'ရှောင်ရန်' ........ ၆၄
အပိုင်း(ခ)
အခန်း(၄)
ကယ်တင်ခြင်းအကြောင်း ........ ၇၂
ကယ်တင်ခြင်းရရန်နည်းလမ်း ........ ၈၁
အခန်း(၅)
ထာဝရအတွက်ကယ်တင်ခြင်း ........ ၈၆
တစ်ချက်ခုတ်၊ထာဝရပြတ် ........ ၉၇
အခန်း(၆)
ယုံကြည်သူသစ်လိုက်နာရန်စည်းမျဉ်းများ ........ ၁၀၇
ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်း ........ ၁၁၉



နိဒါန်း

## ဧဝံဂေလိနှင့်သာသနာလုပ်ငန်း

"ဧဝံဂေလိ" (Gospel=Good news) ဟူသောစကားလုံးကိုဓမ္မသစ်ကျမ်းတွင် (၉၃)ကြိမ်တွေ့ရသည်။ Greek: စကားဖြင့် *euaggelion* ဖြစ်ပြီး၊ (evangel, evangelist, evangelical) (ဧဝံဂေလိသတင်းကောင်း၊ ဧဝံဂေလိဆရာစသည်ဖြင့် ဘာသာပြန်ကြသည်။ အားလုံးကိုအကျဉ်းချုံးလိုက်လျှင်၊ "ဧဝံဂေလိသတင်းကောင်းသည် ကျမ်းစာတစ်အုပ်လုံးနှင့်သက်ဆိုင်ပြီး၊" အသေးစိတ်ဆိုရလျှင် "သခင်ယေရှုခရစ်တော်အကြောင်းနှင့် ကယ်တင်ခြင်းအကြောင်း" ပင်ဖြစ်ပါသည်။

ကျမ်းစာအရ၊ "ဧဝံဂေလိတရားသည် ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်" ဖြစ်သည် (ရော ၁း၁၆)။ တစ်နည်းဆိုသော်၊ "ဧဝံဂေလိတရားသည် သက်ရှင်လှုတ်ရှားနေသောတရား" ဖြစ်သည်။ အင်္ဂလိပ်နှစ်ခြင်းဧဝံဂေလိဆရာကြီး Charles Haddon Spurgeon က၊ "ဧဝံဂေလိတရားသည် ခြသေ့်နှင့်တူ၏။ တရားဟောဆရာ၏အလုပ်မှာ ထိုခြသေ့်ကို တံခါးဖွင့်ပေးပြီး လွှတ်ပေးလိုက်ရန်သာဖြစ်သည်" ဟုဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် "ဧဝံဂေလိခြသေ့်" ကိုလွှတ်ပေးဖို့ရန်၊ ခရစ်ယာန်တိုင်း ဧဝံဂေလိဟောပြောသက်သေခံရပါမည်။

ဤစာအုပ်ကိုအကြမ်းအားဖြင့် နှစ်ပိုင်းပိုင်းထားပါသည်။ ပထမပိုင်းတွင် သာသနာလုပ်ငန်း၏အနက်အဓိပ္ပါယ်နှင့် နည်းဗျူဟာများ၊ ကနဦးအသင်းတော်၏ဧဝံဂေလိလမ်းစဉ်အတိုင်း ကျင့်သုံးပြီး ထိရောက်စွာချဉ်းကပ်နည်းများ၊ ဧဝံဂေလိတရားဟောပြောသူများအားလုံးအတွက် ဆောင်ရန်နှင့်ရှောင်ရန်များကိုဖော်ပြထားသည်။

ဒုတိယပိုင်းတွင် ကယ်တင်ခြင်းတရားဟောပြောနည်း၊ "တစ်ချက်ခုတ်၊ ထာဝရပြတ်" သည့် ဘုရားသခင်၏အကြံအစည်တော်နှင့် ယုံကြည်သူအသစ်များလိုက်နာကျင့်သုံးရမည့်စည်းမျဉ်းများကို အဓိကဖော်ပြထား

သည်။ ထို့နောက် ကျေးဇူးတော်ကို အလွဲသုံးစားလုပ်ပြီး၊ လောကီဆန်စွာ အသက်ရှင်သူခရစ်ယာန်များအား ဘုရားသခင်ဆုံးမပဲ့ပြင်သည့် အကြောင်း ဖြင့် သတိပေးနိဂုံးချုပ်ထားသည်။



အပိုင်း(က)

အခန်း(၁)

## သာသနာပြုခြင်းအကြောင်း

ဗြိတိသျှအာဖရိကသာသနာပြုဆရာကြီး David Livingstone က၊ "ဘုရားသခင်သည် တစ်ဦးတည်းသောသားကို သာသနာပြုခန့်ခဲ့သည်" ဟုဆိုခဲ့သည်။ ထို့ကြောင့် သာသနာပြုခြင်းသည် ကမ္ဘာလောကကြီး သို့ကြွလာပြီး လူသားတိုင်းအတွက် ကယ်တင်ခြင်းလုပ်ငန်းဆောင်ရွက် ခဲ့သော သခင်ယေရှုခရစ်တော်၏စံနမူနာကိုယူကြရသည်။ အကြောင်း မှာ၊ သခင်ယေရှုသည် ကောင်းကင်ဘုံသို့မကြွမြန်းမီ တပည့်တော်များကို အောက်ပါအတိုင်းမိန့်တော်မူခဲ့သည်။

"...ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင် တို့ကို ငါစေလွှတ်သည်" (ယော ၂၀:၂၁)။

"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။" (မာ ၁၆:၁၅)

ဘုရားသခင်သည် သာသနာပြုသောဘုရားသခင်ဖြစ်တော်မူ သည်။ သမ္မာကျမ်းစာသည်လည်း သာသနာပြုကျမ်းကြီးဖြစ်သည်။ ကယ်တင်ခြင်းတရားတော်သည် သာသနာပြုခြင်းတရားတော်ဖြစ်သည်။ အသင်းတော်သည်လည်း သာသနာပြုအဖွဲ့အစည်းဌာနကြီးဖြစ်သည်။ ထို့ကြောင့် အသင်းတော်သည် သာသနာပြုခြင်းကို ရပ်ဆဲသည့်နေ့မှစ၍ သူ၏ယုံကြည်ခြင်းနှင့်ကျင့်သုံးခြင်းသည်လည်း သေဆုံးသွားပြီး သာမန် အဆောက်အဦပျက်ကြီးသဖွယ်ဖြစ်သွားပါမည်။

စကော့လူမျိုးဓမ္မပညာရှင်ကြီး Heinrich Emil Brunner ဆိုသူက၊ “မီးသည် တောက်လောင်ခြင်းအားဖြင့်အသက်ရှင်သလို၊ အသင်းတော်သည်လည်း သာသာပြုခြင်းအားဖြင့်အသက်ရှင်သည်” ဟုအလွန်တိကျမှန်ကန်ပြောင်မြောက်လှသော စကားကိုဆိုခဲ့ဖူးပါသည်။

ယုံကြည်သူခရစ်ယာန်တိုင်းသည် ခရစ်တော်၏သက်သေဖြစ်ကြသော်လည်း၊ ခရစ်ယာန်တိုင်းသည် သာသနာပြုမဟုတ်ကြပါ။ ဘုရားသခင်ခေါ်တော်မူသောသူများပြားသော်လည်း သာသနာတော်အတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသူနည်းပါးပါသည်။ လူတိုင်းသာသနာပြုမဖြစ်နိုင်ကြပါ။ မွေးရာပါကိုယ်တိုင်အရည်အသွေးလည်းမဟုတ်ပါ။ ယုံကြည်သူတိုင်း အလိုအလျောက်သာသနာပြုမဖြစ်နိုင်ပါ။ သာသနာပြုရန် ကိုယ်တိုင်ရွေးချယ်၊ ဆုံးဖြတ်၊ အားထုတ်ရသောအမှုတော်မြတ်ဖြစ်သည်။ ထို့ပြင်၊ အောင်မြင်သောသာသနာပြုတစ်ဦးအဖြစ်သို့ နေ့ချင်းညချင်းမရောက်နိုင်ပါ။ နှစ်နှင့်ချီပြီး အချိန်များစွာ၊ သွေးနှင့်ချွေးနှင့်ရင်းနှီးလုပ်ဆောင်ရသည်။ အလွန်စိတ်ဓာတ်ကျစရာကောင်းသောလုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့်၊ ခံနိုင်စွမ်းရည်ရှိသောသူများသာလျှင် နောက်ဆုံးတွင် သာသနာပြုဆရာကြီးဖြစ်သွားကြပါသည်။

ယခုအချိန်သည် ယခင်ကထက်ပိုမို၍ သာသနာတော်ပြန့်ပွားဖို့ရန်အတွက် အမှုတော်ထမ်းမည့်သာသနာပြုများစွာ လိုအပ်နေသောအချိန်ဖြစ်ပါသည်။ ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ဖို့ရန် ဆက်ကပ်ကြမည့် ပညာရှင်များ၊ ရှုပါရုံရှင်များ၊ ရဲရင့်သူများ၊ စွန့်စားလိုသူများ၊ စိတ်ရှည်သူများ၊ ဇွဲရှိသူများ၊ ရိုးသားဖြောင့်မတ်သူများနှင့် စိတ်နှိမ့်ချသူများစွာ လိုအပ်နေပါသည်။ သာသနာပြုရန်အတွက် အမျိုးမျိုးသောဘက်စုံအရည်အချင်းများစွာလိုအပ်ပါသည်။

သာသနာပြုမည့်သူများသည် ရပ်နီးနှင့်ရပ်ဝေးသာသနာပြုခြင်းအကြောင်းများ၊ အခက်အခဲနှင့်ဆင်းရဲဒုက္ခများ၊ အားနည်းချက်နှင့်အားသန်ချက်များ၊ အကုန်အကျများ၊ ပေးဆက်မှုများနှင့်ဆုံးရှုံးနစ်နာမှုများအကြောင်းကိုကောင်းစွာ ကြိုတင်သိထားရန်လိုအပ်သည်။



## သာသနာပြုခြင်းဆိုင်ရာဒဏ္ဍာရီများ

ဒဏ္ဍာရီဆိုသည်မှာ ပုံပြင်ဖြစ်သည်။ ပုံပြင်တွင် စိတ်ကူးယဉ်များပါရှိသကဲ့သို့၊ အမှန်တရားများလည်းပါရှိပါသည်။ ယခုတင်ပြမည့်အရာများသည် သာသနာလုပ်ငန်းနှင့်ပတ်သက်ပြီး အယူအဆတင်ပြပုံအမျိုးမျိုးအကြောင်းဖြစ်သည်။ အချို့အယူအဆများသည် အခြေအမြစ်မရှိကြသောကြောင့် “ဒဏ္ဍာရီ” သို့မဟုတ် “ယုံတမ်းစကား” များအဖြစ်တင်စားထားခြင်းဖြစ်ပါသည်။

**၁။ သာသနာပြုသည့်ခေတ်ကုန်ဆုံးပြီဟူသောဒဏ္ဍာရီ။** ခရစ်ယာန်အချို့က ရပ်ဝေးသာသနာပြုသည့်ခေတ်ကုန်ဆုံးသွားပြီဟုထင်ကြသည်။ ထိုသို့ ယူဆကြရခြင်းမှာ နယ်ချဲ့ကိုလိုနီစနစ်နှင့်သာသနာပြုခြင်းသည် တူညီနေသယောင်ရောယှက်အထင်မြင်မှားနေသောကြောင့်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း(၂၅၀)ကျော်က သာသနာပြုလုပ်ငန်းသည် အနောက်တိုင်းသားများ၏နယ်ချဲ့ကိုလိုနီစနစ်နှင့်ပူးတွဲသွားလာ လှုတ်ရှားခဲ့ကြောင်းတွေ့ရသည်။ တစ်နည်းအားဖြင့် နယ်ချဲ့ကိုလိုနီအစိုးရ၏နောက်သို့လိုက်ပြီး နယ်မြေသစ်နှင့်လူမျိုးသစ်များထံတွင် သာသနာပြုခဲ့ကြသောကြောင့်ဖြစ်သည်။ နောက်တစ်နည်းအားဖြင့်၊ ကိုလိုနီနယ်ချဲ့အစိုးရတို့သည်လည်း သာသနာပြုများအရင်သွားရောက်ခဲ့သောနေရာများတွင် နောက်မှလိုက်ပြီး နယ်ချဲ့လုပ်ငန်းလုပ်ဆောင်ကြသောကြောင့်ဖြစ်သည်။ ထိုသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့ဝါဒလည်းကုန်ဆုံးသွားခဲ့သည်။ ကိုလိုနီနိုင်ငံများလွတ်လပ်ရေးရကြသည့်အခါ၊ နယ်ချဲ့အစိုးရနှင့်ပါလာသောသာသနာပြုများကိုလည်း နှင်ထုတ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ၁၉၆၂ခုနှစ်၊ တော်လှန်ရေးအစိုးရတက်လာသောအခါ နိုင်ငံခြားသာသနာပြုများအားလုံးကို နှင်ထုတ်ခဲ့ကြပါသည်။ ထို့ကြောင့် ယနေ့ခရစ်ယာန်အသင်းတော်အနေဖြင့် သုံးသပ်ရမည့်အချက်နှစ်ချက်ရှိသည်။ တစ်နည်းအားဖြင့် သာသနာပြုများအပေါ်တွင် အထင်အမြင်လွဲမှားမှုများကိုဖြေရှင်းရန်အတွက် တုန့်ပြန်မှုနှစ်ခုပြုလုပ်ရန်ရှိသည်။

**(၁) သာသနာပြုများနှင့် နယ်ချဲ့ကိုလိုနီတို့ကို အတူတွေ့ရခြင်းသည် တိုက်ဆိုင်မှုတစ်ခုသာဖြစ်သည်။** ထိုအဖွဲ့နှစ်ဖွဲ့တို့သည်

ကြိုတင်စီမံကိန်းရေးဆွဲပြီး အတူလက်တွဲလုပ်ကိုင်ကြသည် မဟုတ်ပါ။ နယ်မြေသစ်ကိုရှာဖွေလိုသည့်စိတ်ဆန္ဒတူညီကြသော်လည်း သွားရောက်လိုသည့်ရည်ရွယ်ချက်မှာမူ အရှေ့နှင့်အနောက်ကဲ့သို့ လုံးလုံးလျားလျား ဆန့်ကျင်ကွဲပြားခြားနားပါသည်။ နယ်ချဲ့ကိုလိုနီတို့သည် ဒေသခံတိုင်းရင်းသားများကိုအနိုင်အထက်ပြုပြီး၊ တိုင်းပြည်၏သယံဇာတပစ္စည်းအဆီအနှစ်ကို အမြတ်ထုတ်ယူရန်ဟူသော စီးပွားရေးအဓိကရည်ရွယ်ချက်ဖြင့် သွားရောက်ခဲ့ကြသည်။ သို့သော်လည်း၊ သာသနာပြုလုပ်ငန်း၏အဓိကရည်ရွယ်ချက်များမှာ ကယ်တင်ခြင်းသာသနာတော်ပြန့်ပွားရန်နှင့် ဒေသခံနိုင်ငံသားများကို လူမှုရေး၊ ပညာရေးနှင့်ကျန်းမာရေးဘက်တွင် ဘက်စုံတိုးတက်ဖွံ့ဖြိုးအောင် ကူညီထောက်ပံ့ရန်တို့ဖြစ်သည်။

ဤနေရာတွင် သိထားအပ်သည့် အချက်တစ်ခုရှိပါသည်။ အကယ်၍ သာသနာပြုကြီးများသည် ကိုလိုနီအစိုးရနှင့်အမှန်တကယ်လက်တွဲသူများဖြစ်ကြပါက ကိုလိုနီစနစ်ကုန်ဆုံးပြီး မိမိတိုင်းပြည်သို့ပြန်သွားကြသည့်အခါ ထိုအစိုးရတို့နှင့်အတူ ပြန်လိုက်သွားကြမည်ဖြစ်ပါသည်။ သို့သော်၊ သာသနာပြုကြီးများသည် ကိုလိုနီအစိုးရနှင့်အတူပြန်သွားခြင်း မရှိကြပါ။ ဆက်လက်နေထိုင်လိုကြသေးသော်လည်း ဒေသခံအစိုးရ၏ နှင်ထုတ်ခြင်းကြောင့် မတတ်သာဘဲ မိမိတို့နိုင်ငံသို့ အသီးသီးပြန်ခဲ့ကြရခြင်းဖြစ်သည်။ ထို့ကြောင့်၊ ယခုခေတ်တွင် ကိုလိုနီစနစ်မရှိတော့သောကြောင့် သူတို့နှင့်ကင်းရှင်းစွာ သာသနာပြုရန်အတွက် ပင်လယ်ရပ်ခြားသို့ပြန်လည်စတင်သင့်ပြီဖြစ်ပါသည်။

(၂) **သာသာနာပြုလုပ်ငန်းသည် မပြီးဆုံးသေးပါ။** အချို့နိုင်ငံများတွင် သာသနာလုပ်ငန်း တစ်ဝက်တစ်ပျက်ဖြင့် ချန်ထားခဲ့ကြရသည်။ ယင်းတို့ကို ဆက်လက်ဆောင်ရွက်ရန်လိုပါသည်။ ထို့ပြင်၊ သခင်ယေရှုဘုရား၏မဟာစေခိုင်းချက်သည် လူမျိုးအားလုံးထံသို့သွားရောက်ကာ တပည့်တော်များဖြစ်လာအောင် သွန်သင်ပေးရန်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် သတင်းကောင်းမကြားဖူးသေးသောလူမျိုး များစွာရှိပါသေးသည်။ ထိုလူမျိုးအားလုံးထံသို့မရောက်မချင်း ခရီးပန်းတိုင်ရောက်ပြီဟု မဆိုနိုင်ပါ။ ကမ္ဘာ့နိုင်ငံအားလုံးသို့သွားရန် ခရီးစဉ်ကျန်ရှိသေးသည်။



**၂။ နိုင်ငံရပ်ခြားသာသနာဒဏ္ဍာရီအကြောင်း။** သခင်ယေရှုက ကမ္ဘာမြေကြီးသည် သူ၏သာသနာနယ်မြေဖြစ်သည်ဟုမိန့်ဆိုထားသည် (မ ၁၃း၃၈)။ ထို့ကြောင့် သာသနာနယ်မြေကို နှစ်ပိုင်းပိုင်းခြားထားကြသည်။ ယင်းတို့မှာ ပြည်တွင်းသာသနာနှင့် ပြည်ပသာသနာဟူ၍ဖြစ်သည်။ ထို့ကြောင့်၊ ပြည်တွင်း၌ကယ်တင်ခြင်းသတင်းကောင်းဟောပြောသူများသည်၄င်း၊ ပြည်ပနိုင်ငံများတွင်သွားရောက်နေထိုင်ပြီး ကယ်တင်ခြင်းသတင်းကောင်းဟောပြောသူများသည်၄င်း၊ နှစ်ဦးစလုံးသည် "သာသနာပြု" များဖြစ်ကြပါသည်။ သို့သော်၊ အမေရိကန်တွင်သာသနာပြုခြင်းနှင့်၊ အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများတွင် သာသနာပြုခြင်းသည် ထပ်တူထပ်မျှမဖြစ်နိုင်ပါ။ ပြည်ပတွင်သာသနာပြုခြင်းသည် အစစအရာရာတွင် ပိုမိုခက်ခဲသည်ကို သိအပ်ပါသည်။ ထို့ကြောင့်၊ ပြည်ပသာသနာအတွက် သာသနာပြုများသည် ဘက်စုံအရည်အချင်းရှိရန်လိုအပ်သည်။

**၃။ အကျည်းတန်သောသာသနာဒဏ္ဍာရီအကြောင်း။** ယခင်က "သာသနာပြုခြင်း" ဟူသောဝေါဟာရသည်အလွန်လေးစားစရာဖြစ်ခဲ့သော်လည်း ယခုခေတ်တွင် သာသနာပြုခြင်းဟူသောဝေါဟာရသည် စွဲမက်စရာ မကောင်းတော့ကြောင်း၊ "သာသနာပြု" ဟူသောဝေါဟာရကိုပင် မသုံးနှုန်းသင့်တော့ကြောင်းတင်ပြသူများရှိကြပြန်သည်။ အကြောင်းရင်းမှာ "ကိုလိုနီအနံ့အသက်" ထွက်နေသောကြောင့် ဟုဆိုကြသည်။ သို့သော်၊ ယင်းအဆိုနှင့်ယူဆချက်သည် မမှန်ပါ။

သီရိလင်္ကာရှိဧဝံဂေလိနှင့်သာသနာပြုဆရာ Daniel T. Niles က၊ အနောက်တိုင်းသာသနာပြုအဖွဲ့အစည်းများထံတွင် အကူအညီတောင်းရာတွင် သာသနာပြုများသာအလိုရှိကြောင်း အောက်ပါအတိုင်းရေးသားတင်ပြခဲ့ပါသည်။ "လူမှုရေးကူညီသူများကို မစေလွှတ်ပါနှင့်။ သာသနာပြုများကိုသာ အလိုရှိပါသည်။ သာသနာပြုဆရာကြီးများကို ရနိုင်သလောက် အာရှနိုင်ငံများသို့စေလွှတ်ပေးကြပါ။ လူမှုရေးအကူအညီကိုပေးသူများကိုမူ ဆန့်ကျင်တော်လှန်ခြင်းတော့မဟုတ်ပါ။ ထိုသူတို့သည် သာသနာပြုမဟုတ်ကြသည့်အချက်ကိုသာ ဆန့်ကျင်ခြင်းဖြစ်သည်။ ထိုသူတို့သည် အကူအညီပေးသူများသာဖြစ်ကြပါသည်။

အကူအညီဆိုသည်မှာ အမြဲလိုအပ်နေပါသည်။ သို့သော်၊ ပိုမိုလိုအပ်သည်မှာ သာသနာပြုဆရာများသာဖြစ်သည်။ လိုအပ်သည်မှာ အလွန်အမင်းလိုအပ်နေခြင်းဖြစ်သည်။”

**၄။ အထူးလက်ရွေးစင်များသာအလိုရှိသည်ဟူသောဒဏ္ဍာရီအကြောင်း။** အချို့က လူတန်းစားအားလုံးပါဝင်နိုင်သော အထွေထွေသာ သာနာပြုလုပ်ငန်းကြီးသည်ကုန်ဆုံးသွားပြီဖြစ်သောကြောင့် ယခုခေတ်တွင် အထူးလက်ရွေးစင်များသာလျှင် သာသနာပြုသင့်သည်ဟု စောဒကတက်ကြသည်။ ယင်းသည် မမှန်ပါ။ ယခင်က သာသနာပြုကြီးများကို ပြန်လည်သုံးသပ်ကြည့်လျှင် အားလုံးအထူးကျွမ်းကျင်တတ်မြောက်သောသူများသာမဟုတ်ဘဲ၊ ကျမ်းစာကျောင်းတစ်ခါမျှမရောက်ဖူးသောသူများလည်းပါဝင်ကြောင်းတွေ့ရပါသည်။ ထို့ကြောင့် ဓမ္မပညာတတ်ကျွမ်းသူနှင့် မတတ်ကျွမ်းသူနှစ်မျိုးစလုံး အမြဲလိုအပ်နေပါသည်။

အမှန်မှာ၊ အရှေ့တိုင်းသားများသည် အနောက်တိုင်းသားများထက် အစစအရာရာတွင်နောက်ကျနေသေးသောကြောင့် အနောက်တိုင်းမှလာသောသာသနာပြုများသည် အရှေ့တိုင်းသားများအတွက် အထူးလက်ရွေးစင်များပင်ဖြစ်ကြကြောင်းမမေ့အပ်ပေ။

**၅။ သာသနာလုပ်ငန်းကြီးပြီးဆုံးသွားပြီဟူသောဒဏ္ဍာရီ။** အချို့က သာသနာနယ်တွင်ရှိသောအသင်းတော်များသည် ခြေသလုံးအိမ်တိုင်ရပ်တည်နိုင်သောသူများဖြစ်ကြောင်း၊ မိမိကိုယ်ကိုထိမ်းသိမ်း စောင့်ရှောက်နိုင်ပြီဖြစ်ကြောင်း၊ “ပြည်ပအားကိုးပုစိန်ရိုး” မဟုတ်ကြတော့သောကြောင့် သွားရောက်သာသနာပြုရန်မလိုတော့ပါဟု တင်ပြကြသည်။ ပြည်တွင်းသာသနာပြုလုပ်ငန်းများဖြင့် အဆင်ပြေစွာနေနိုင်ကြပြီဟုလည်း ယူဆကြသည်။

သိထားရမည့်အဓိကအချက်မှာ သာသနာနယ်များတွင်အသင်းတော်များတည်ထောင်ပြီးစီးခြင်းဖြင့် သာသာနာတော်လုပ်ငန်းပြီးဆုံးသွားပြီဟု မယူဆသင့်ပါ။ အဘယ်ကြောင့်ဆိုသော်၊ တစ်ကမ္ဘာလုံးသို့သွား၍ လူမျိုးအားလုံးကို တပည့်တော်ဖြစ်စေရန်မိန့်မှာထားသော သခင်ယေရှု



ခရစ်တော်၏မဟာစေခိုင်းချက်သည် မပြီးစီးသေးပါ။ တစ်ကမ္ဘာလုံးရှိ လူမျိုးအားလုံးသည် ကယ်တင်ခြင်းသတင်းကောင်းကို မကြားသိကြရသေးပါ။ ထိုသူအားလုံးကယ်တင်ခြင်းမရမချင်း သာသနာလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရဦးမည်ဖြစ်ပါသည်။ သခင်ခရစ်တော်ကြွလာသည့်တိုင်အောင် ဆောင်ရွက်ရမည့်မဟာအမိန့်တော်ဖြစ်ပါသည်။

ဥပမာအားဖြင့်၊ အိန္ဒိယနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများတွင်ရှိသော အသင်းတော်များသည် ထိုက်သင့်သလောက်အင်အားရှိကြသော်လည်း၊ တစ်ပြည်လုံး၏လူဦးရေအတိုင်းအတာဖြင့်နှိုင်းယှဉ်လိုက်လျှင် ၁၀–ရာခိုင်နှုန်းပင်မရှိကြပါ။ ထိုအသင်းတော်များသည် မိမိကိုယ်ကိုယ်အားကိုးရပ်တည်နိုင်ကြသော်လည်း ယင်းတို့ထက် ၉၀–ရာခိုင်နှုန်းပိုမိုများပြားသူများကို ယှဉ်ပြိုင်ရန် မနိုင်းဆာလောက်သောအတိုင်းအတာသာဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပမှအကူအညီ၊ အထောက်အပံ့များလိုအပ်နေကြဆဲဖြစ်သည်ကို သတိချပ်ရန်လိုအပ်ပါသည်။

ထို့ပြင် တစ်ပြည်လုံးလူဦးရေ၏ ၁–ရာခိုင်နှုန်း၊ ၂–ရာခိုင်နှုန်းသာရှိသော လူနည်းစုအသင်းတော်များသည် အဆမတန်များလွန်းလှသော လူထုကြီးကို ယှဉ်ပြိုင်သာသနာပြုရန်မှာလွယ်ကူသောအရာမဟုတ်ပါ။ ဥပမာ၊ ဂျပန်နိုင်ငံရှိအသင်းတော်များသည် အတိုင်းအတာတစ်ခုအားဖြင့် ရုံပုံငွေတောင့်တင်းကြသည်။ သို့သော် တစ်ပြည်လုံးတွင် ၁–ရာခိုင်နှုန်းပင်မရှိသောကြောင့် အဆမတန်များလွန်းသောလူဦးရေကြီးကို ယှဉ်ပြိုင်ပြီး မည်သို့မျှထိရောက်စွာသာသနာမပြုနိုင်ကြပါ။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသကဲ့သို့၊ လူအုပ်ကြီးကြားတွင်နစ်မြုပ်သွားကြရသည်။

ထိုင်းနိုင်ငံတွင် အခြေအနေပိုဆိုးသေးသည်။ ခရစ်ယာန်တစ်ဦးလျှင် ဗုဒ္ဓဘာသာ ၉၉၉ ဦးနှင့်ယှဉ်ပြိုင်နေရသည်။ မြန်မာပြည်ရှိနှစ်ခြင်းအသင်းတော်များသည် အထိုက်အလျောက်တောင့်တင်းကြသော်လည်း ပိုမိုများပြားသောလူဦးရေနှင့်နှိုင်းယှဉ်လိုက်သည့်အခါ တိုင်းရင်းသားများကိုသာ ထိုးဖောက်နိုင်ပြီး၊ ဗမာလူမျိုးများကိုမူထိပင်မထိနိုင်သေးပါ။ မြန်မာပြည်တွင် ခရစ်ယာန်သာသနာစတင်ခဲ့သည်မှာ နှစ်ပေါင်း (၁၇၀)

ကျော်ပြီဖြစ်သော်လည်း ဗမာလူမျိုး ဗုဒ္ဓဘာသာ ၃၇–သန်းကျော်ကို မချဉ်းကပ်နိုင်သေးပါ။

သမ္မာကျမ်းစာကို ဘာသာစကားပေါင်း (၁၈၀၈)မျိုးဖြင့်ဘာသာပြန်ပြီးဖြစ်သော်လည်း၊ ဘာသာစကားပေါင်း (၂၈၆)ခုအတွက်သာလျှင် ဖြန့်ဖြူးနိုင်သေးသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးတွင် သမ္မာကျမ်းစာပိုင်ဆိုင်သူလူဦးရေ အလွန်နည်းနေကြောင်းသိနိုင်သည်။ Wycliffe Bible ကျမ်းစာကို ဘာသာပြန်သူ၊ ဖြန့်ချိသူများ၏ခန့်မှန်းခြေအရ၊ ကမ္ဘာ့လူဦးရေ သန်းနှစ်ရာကျော်သည် သမ္မာကျမ်းစာတစ်ပိုင်းတစ်စမျှပင် မရှိကြသေးကြောင်းသိရသည်။ ထိုသူတို့၏ ဘာသာစကားဖြင့် ဘာသာပြန်ဆိုထားသော သမ္မာကျမ်းစာမရှိသေးကြောင်းဖော်ပြထားပါသည်။

၁၉၆၀ ခုနှစ်တွင် ခရစ်ယာန်ဘာသာသည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ယနေ့တွင် ၃၀ ရာခိုင်နှုန်းသို့ကျဆင်းသွားသည်။ မယုံကြည်သူဦးရေတိုးတက်နှုန်းနှင့် ခရစ်ယာန်ဦးရေတိုးတက်နှုန်းသည် အလွန်ကွာခြားသွားသည်။ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတွင်ရှိသော မယုံကြည်သူလူဦးရေသည် ကမ္ဘာပေါ်ရှိခရစ်ယာန်လူဦးရေစုစုပေါင်းထက် ပင်ပိုများနေကြောင်းသိရသည်။

ထို့ကြောင့် ကမ္ဘာ့သာသနာလုပ်ငန်းကြီးသည် လုံးဝပြီးဆုံးခြင်းမရှိသေးကြောင်းထင်ရှားပါသည်။ တိုင်းရင်းခရစ်ယာန်များသည် အကူအညီလိုအပ်နေဆဲဖြစ်ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)အတွင်းဆောင်ရွက်ခဲ့သောသာသနာလုပ်ငန်းသည် ကမ္ဘာ့အပေါ်ယံအခွံပါးကလေးကို ခြစ်မိရုံမျှသာဖြစ်ကြောင်း သိထားအပ်ပါသည်။



## သာသနာပြု၏အနက်အဓိပ္ပါယ်

"ဘာသာနာပြုခြင်း" ဆိုသည်မှာအဘယ်နည်း။

မြန်မာစကားဖြင့် "သာသနာပြု" ဟုခေါ်သောစကားလုံးသည် အင်္ဂလိပ်လို(missionary)ဟုခေါ်ပြီး၊ လက်တင်စကား*(mitto)*မှဆင်းသက်လာသည်။ အဓိပ္ပါယ်မှာ "စေလွှတ်သည်" ("to send") ဖြစ်ပါသည်။ မူရင်းဂရိဘာသာစကားဖြင့် *(apostello)*ဖြစ်ပြီး "စေလွှတ်သည်" ("to send") ဟုအဓိပ္ပါယ်တူဖြစ်သည်။ မြန်မာကျမ်းစာတွင် "တမန်တော်" ဟုလည်းဘာသာပြန်ထားပါသည်။

ဓမ္မသစ်ကျမ်းတွင် *apostello* ဟူသောဝေါဟာရကို အကြိမ်(၈၀) တွေ့ရသည်။ ဟေဗြဲသြဝါဒကျမ်းတွင် သခင်ယေရှုကိုရည်ညွှန်းထားသည် (ဟေ ၃း၁)။ သခင်ယေရှုခရစ်တော်သည် ပထမဦးဆုံးသော သာသနာပြုဖြစ်ပါသည်။ အမြင့်ဆုံးသောသာသနာပြုလည်းဖြစ်သည်။ သူသည် ခမည်းတော်ဘုရားကိုယ်တိုင်စေလွှတ်သောသာသနာပြုကြီးပင် ဖြစ်ပါသည်။

သူ၏နောက်လိုက်များထဲမှ အထူးလက်ရွေးစင်(၁၂)ဦးကိုရွေးချယ်ပြီး *apostello* "တမန်တော်" အဖြစ်ခန့်အပ်ခဲ့သည်။ ထိုတမန်တော်(၁၂)ပါးကို သခင်ယေရှုခရစ်တော်ကိုယ်တိုင်သင်တန်းပေးပြီး၊ သေခြင်းမှရှင်ပြန်ထမြောက်တော်မူပြီးနောက် တစ်ကမ္ဘာလုံးသို့သွား၍ လူမျိုးအားလုံးကိုတပည့်တော်ဖြစ်စေရန်အမိန့်တော်ချမှတ်ခဲ့ပါသည် (မ ၂၈း၁၈–၂၀)။ ခမည်းတော်ဘုရားသည် သားတော်ဘုရားကိုစေလွှတ်ခဲ့သကဲ့သို့၊ သားတော်သည်လည်း တပည့်တော်များကိုထပ်ဆင့်စေလွှတ်ခဲ့ပါသည် (ယော ၂၀း၂၁)။ ထိုတပည့်တော်(၁၂)ပါးကို တမန်တော်များဟုခေါ်ဆိုကြသလို၊ ရှင်ပေါလုသည်လည်း တမန်တော်ဟုခေါ်ဆိုခြင်းခံရသည်။

တမန်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်၏စေလွှတ်ခြင်းခံကြရသူများ (တ ၁၃း၄)၊ အသင်းတော်၏စေလွှတ်ခြင်းခံကြရသူများ (တ ၁၃း၃) ဖြစ်ကြကြောင်းတွေ့ရသည်။

ယခုခေတ် သာသနာပြုများသည် ရှေးခေတ်တမန်တော်များနှင့် မတူကြပါ (လု ၂၂း၃၀၊ ဗျာ ၂၁း၁၄)။ သို့သော်၊ ရောမအင်ပါယာကြီး အနှံ့သို့ခရီးကြမ်းနှင်ကာ တစ်နေရာပြီးတစ်နေရာလှည့်လည်ပြီး ဧဝံဂေလိ ဟောပြောကြသော အခြားသောသာသနာပြုများနှင့်မူကား အလွန်တူကြပါသည်။ ထိုသူများ၏ထူးခြားချက်တစ်ခုမှာ၊ သူတို့သည် တစ်နေရာတွင် ကြာမြင့်စွာမနေဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏စေခိုင်းချက်အတိုင်း တစ်နယ်ပြီးတစ်နယ်၊ တစ်ပြည်ပြီးတစ်ပြည် လှည့်လည်သွားကြခြင်းဖြစ်သည် (တ ၈း၂၆၊ ၂၉၊ ၃၉။ ၁၆း၆-၇)။

ထို့ကြောင့်၊ ကျမ်းစာအရ သာသနာပြုဆိုသည်မှာ ဘုရားသခင်၏ ခေါ်တော်မူခြင်းခံရပြီး၊ အမှုတော်ကိုအချိန်ပြည့်ထမ်းဆောင်သူများ (တ ၆း၄)၊ မိမိနေရပ်ဒေသကိုစွန့်ခွာပြီး တိုင်းတစ်ပါးသို့ သွားရောက်ဧဝံဂေလိဟောပြောသူများ (တ ၂၂း၂၁) ကိုခေါ်ပါသည်။ ထိုနည်းတူစွာပင်၊ မိမိနေရပ်ဌာနေကိုစွန့်ခွာပြီး အခြားတစ်နေရာသို့ သွားရောက်ဧဝံဂေလိတရားဟောပြောသူတိုင်းကို သာသနာပြုဆရာ (missionary) ဟုခေါ်နိုင်ပါသည်။

ဤနေရာတွင် ဆွေးနွေးရန်အချက်တစ်ခုရှိပါသည်။ သင်းအုပ်ဆရာများ၊ ဧဝံဂေလိဆရာများ၊ သသာနာပြုဆရာများအား "အချိန်ပြည့်အမှုတော်ဆောင်" များဟုသတ်မှတ်ခြင်းကို လက်မခံလိုသူများရှိကြသည်။ မိမိကိုယ်ကို အမှုတော်ဆောင်ရန်ဆက်ကပ်သောခရစ်ယာန်တိုင်းသည် "အချိန်ပြည့်အမှုတော်ဆောင်များ" ဖြစ်ကြသည်ဟုစောဒကတက်ကြသည်။ ထိုမှတဆင့်တက်ကာ ဆက်ကပ်သောခရစ်ယာန်တိုင်းသည် သာသနာပြုဆရာများဖြစ်ကြသည်ဟုအဆိုပြုကြသည်။ ဆက်ကပ်သောသူတိုင်း၊ ဧဝံဂေလိဟောပြောသူတိုင်းသည် သာသာနာပြုဆရာများဖြစ်ကြသည်ဟုဆိုကြသည်။

သို့သော် စကော့တလန်နိုင်ငံ၊ အင်္ဂလိကန်သာသနာပြုဆရာကြီး Stephen Neill က၊ "ခရစ်ယာန်တိုင်း သာသနာပြုဖြစ်လျှင်၊ မည်သူမျှ သာသာနပြုမဟုတ်ပါ" ဟုသတိပေးထားပါသည်။ တရုတ်စကားပုံတစ်ခုက၊ "လူနှစ်ယောက်က မြင်းတစ်ကောင်ကို အစာကျွေးလျှင်၊



ထိုမြင်းပိန်ချုံးသွားလိမ့်မည်။ လူနှစ်ယောက်က လှေတစ်စီးကိုပိုင်ဆိုင်ကြလျှင် မကြာမီထိုလှေရေစိမ့်ဝင်လိမ့်မည်" ဟုဆိုထားသည်။ လူတိုင်းပိုင်ဆိုင်သောအရာကို မည်သူကမှမပိုင်သလို၊ လူတိုင်း၏တာဝန်သည် မည်သူ၏တာဝန်မှမဟုတ်ပါ။ မည်သူကမှ အလေးအနက်ထားမည်မဟုတ်ကြောင်းဆိုလိုပါသည်။ ထိုနည်းတူ၊ ခရစ်ယာန်တိုင်းသာသနာပြုဖြစ်လျှင် မည်သူမျှသီးခြားသာသနာပြုကြတော့မည်မဟုတ်ပါ။

ထို့ကြောင့် မှန်ကန်သောအဆိုမှာ ဤသို့ဖြစ်သည်။

"ခရစ်ယာန်တိုင်းသည် ခရစ်တော်၏သက်သေခံများ (witnesses) ဖြစ်ကြသော်လည်း၊ ခရစ်ယာန်တိုင်းသည်သာသနာပြုများ (missionary) မဟုတ်ကြပါ။ William Carey ကဲ့သို့၄င်း၊ ဆရာကြီး ယုဒသန်ကဲ့သို့၄င်း မိမိနေရပ်ဒေသနှင့်အသင်းတော်ကိုစွန့်ခွာပြီး အခြား ဒေသသို့သွားရောက် ဧဝံဂေလိဟောပြောသူများသာလျှင် သာသနာပြု ဆရာ (missionaries) ဖြစ်ကြပါသည်။"

ဥပမာတစ်ခုဖြင့်ရှင်းလင်းပြပါမည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုတွင် အားလုံးသည်စစ်အတွက်ပြင်ဆင်ကြရသည်။ လူတန်းစားအားလုံးစစ်ပွဲတွင်ပါဝင်ကြပါသည်။ မည်သည့်လုပ်ငန်းရှင်ဖြစ်စေ၊ မည်သည့်အလုပ်သမားဖြစ်စေ၊ ဝင်ငွေအားလုံး၊ ထုတ်လုပ်သောအရာအားလုံးသည် နိုင်ငံတော်အတွက်ဖြစ်သည်။ အချို့သည် စစ်မြေပြင်ကိုတစ်ခါမျှမရောက်ဖူးကြပါ။ စစ်ပွဲလည်း မမြင်ဖူးကြပါ။ မိမိအိမ်၏အပြင်ဘက်မည်သည့်နေရာမှမသွားဖူးကြပါ။ သို့သော်လည်း သူတို့အားလုံးသည် အမေရိကန်ပြည်ထောင်စုအတွက်စစ်ပွဲတွင်တစ်နည်းမဟုတ်တစ်နည်းဖြင့်ပါဝင်ကြသူများဖြစ်ကြပါသည်။ သို့သော်၊ ထိုသူတို့သည် "စစ်သား" မဟုတ်ကြပါ။ "ပြည်သူလူထု" သာဖြစ်ကြပါသည်။ စစ်သားများကစစ်တိုက်ကြပြီး၊ ပြည်သူလူထုကနောက်ပိုင်းမှထောက်ပံ့ပေးကြသည်။ သို့သော်၊ အမေရိကန်အစိုးရ၏အမြင်တွင် စစ်သားနှင့်အရပ်သားသည် အတူတူဖြစ်သည်ဟုသဘောထားပါသည်။ စစ်နိုင်လျှင် အတူနိုင်ပြီး၊ စစ်ရှုံးလျှင်လည်းအတူရှုံးကြရသည်။ သို့ရာတွင်၊ စစ်သား

သည်စစ်သားဖြစ်ပြီး၊ အရပ်သားသည်အရပ်သားသာလျှင်ဖြစ်ကြပါသည်။

ထိုနည်းတူ၊ ခရစ်ယာန်အားလုံးသည် သခင်ယေရှုအတွက် သက်သေခံများဖြစ်ကြသော်လည်း၊ ခရစ်ယာန်အားလုံး မိမိနေရပ်နှင့် အသင်းတော်ကိုစွန့်ခွာပြီး သက်သေခံကြသည်မဟုတ်ပါ။ ထို့ကြောင့်၊ ခရစ်ယာန်အားလုံးသည် သာသနာပြုမဟုတ်ကြပါ။ အရပ်သားသည် စစ်သားမဟုတ်သကဲ့သို့၊ ခရစ်ယာန်အားလုံးသာသနာပြုမဟုတ်ကြပါ။ သို့သော်၊ ဘုရားသခင်၏အမြင်တွင် အားလုံးသည် အမှုတော်ဆောင်များဖြစ်ကြပါသည်။

ထိုသို့ဆိုရာတွင် သာသနာပြုများသည် အသင်းတော်တွင်းရှိသင်းအုပ်ဆရာ၊ သင်းထောက်လူကြီး၊ အသင်းတော်ခေါင်းဆောင်များထက် ဝိညာဉ်ရေးရာတွင်ပိုသာလွန်သည်ဟုမဆိုလိုပါ။ လုပ်ငန်းကဏ္ဍမတူညီခြင်းကိုသာ ခွဲခြားပြသခြင်းဖြစ်ပါသည်။ နောက်ဆုံးသောကာလတွင် ဘုရားသခင်၏ရှေ့မှောက်တွင် အားလုံးတန်းတူလက်ဆောင်ရမည့်သူများဖြစ်ကြပါသည်။

ကောင်းကင်ဘုံတွင် ဖြေရမည့်မေးခွန်းများမှာ၊ သင်သည် သင်၏နာမည်ကျော်ကြားရေးအတွက်အမှုဆောင်သလော၊ (သို့) ဘုရားသခင်ဘုန်းတော်ထင်ရှားဖို့ရန် အမှုတော်ဆောင်သလော (၁ကော ၁၀း၃၁) ဟူသောမေးခွန်းပင်ဖြစ်သည်။ သင်သည် မိမိကိုယ်ကျိုးအတွက်အမှုတော်ဆောင်သလော၊ (သို့) ဘုရားသခင်၏နိုင်ငံတော်အတွက် အမှုဆောင်သလော။ သင်သည်မိမိ၏အလိုဆန္ဒအလျောက်အမှုဆောင်သလော၊ (သို့) သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်မှုဖြင့်အမှုတော်ဆောင်သလော (တ ၁း၈)။ ထိုမေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်ပါက သင်သည် စာပေးပွဲအောင်ပြီး ဆုလဒ်များရရှိမည်ဖြစ်သည်။ မဖြေဆိုနိုင်ပါက သင်ထမ်းရွက်ခဲ့သောအမှုတော်လုပ်ငန်းအားလုံးသည် မီးလောင်တိုက်သွင်းခြင်းခံရမည်ဖြစ်သည် (၁ကော ၃း၁၂–၁၅)။



# သာသနာပြုတာဝန်ဝတ္တရားများ

နယ်မြေရပ်ခြားသာသနာပြုသောသူများအတွက် သိထားသင့်သည့် တာဝန်ဝတ္တရားများမှာအောက်ပါအတိုင်းဖြစ်သည်။

၁။ **ခရစ်တော်၏သံအမတ်ဖြစ်ခြင်း။** ရှင်ဘုရင်တစ်ပါး၏သံတမန်များသည် ဘုရင်ကြီးစေခိုင်းသည့်အတိုင်းသွား၍ကြွေးကြော်ရသည်။ ထိုနည်းတူ၊ သာသနာပြုများသည် လူမျိုးအပေါင်းအားတပည့်ဖြစ်စေရန် သတင်းကောင်းကြွေးကြော်ရမည်ဖြစ်သည် (မ ၂၈း၁၉၊ မာ ၁၆း၁၅)။ လူတိုင်းအားအပြစ်မှနောင်တရရန်နှိုးဆော်ရမည် (တ ၁၇း၃၀)။ သို့မှ၊ အပြစ်လွတ်ခြင်းနှင့်ကယ်တင်ခြင်းခံစားရပြီး၊ အလင်းနိုင်ငံတော်သို့ ဝင်ရောက်နိုင်မည် (ကော ၁း၁၃)။ နောက်ဆုံးသောကာလတွင် လောကီနိုင်ငံအားလုံးသည် ဘုရားသခင်၏နိုင်ငံတော်အတွင်းသို့ သွတ်သွင်းခံရမည်ဖြစ်သည် (ဗျာ ၁၁း၁၅)။ သာသနာပြုသည် ဘုရင်တကာ့ဘုရင်ဖြစ်သောဘုရားသခင်၏ သံတမန်များဖြစ်ကြသောကြောင့် သူတို့နေထိုင်သောတဲကုပ်ကလေးများသည် ဘုရင့်နန်းတော်ကဲ့သို့ အလွန်ထည်ဝါပြီး ခမ်းနားသောနေရာဖြစ်ကြောင်း သိထားအပ်ပါသည်။

သာသနာပြုသူသည် မမှားနိုင်သောသမ္မာတရားကို လက်ကိုင်ထားသောသူဖြစ်သည်။ ဘုရားသခင်၏တရားတော်ကိုနှုတ်ဖြင့်ဆောင်ပြီး၊ ဘုရားသခင်၏တောင်ဝှေးတော်ကိုလက်ဖြင့်ကိုင်လျက်၊ ဘုရားသခင်၏တန်ခိုးတော်ဖြင့်အသက်ရှင်လှုပ်ရှားသူဖြစ်သည်။ ဘုရားသခင်၏ကယ်တင်ခြင်းတရားကိုရဲရဲဝံ့ဝံ့စွာဟောပြောသူဖြစ်သည်။ ယခင်က ဘုရားသခင်သည် လူသားများကိုကြိုက်သလိုနေထိုင်ပြုမူခွင့်ပြုခဲ့သော်လည်း (တ ၁၄း၁၆) သားတော်သခင်ခရစ်တော်အားဖြင့် လက်ဝါးကပ်တိုင်ပေါ်တွင် ကယ်တင်ခြင်းလုပ်ငန်းကိုအပြီးသတ်ဆောင်ရွက်ပြီးသည့်နောက်တွင်မူ၊ အားလုံးနောင်တရပြီး (တ ၁၇း၃၀)၊ ရုပ်တုကိုးကွယ်ခြင်းမှ ရုန်းထွက်ကာ စစ်မှန်သောဘုရားသခင်ထံတော်သို့ပြန်လည်ခိုလှုံပြီး (၁သက် ၁း၉)၊ ယေရှုခရစ်တော်သည် အရာခပ်သိမ်းတို့၏သခင်ဖြစ်တော်မူသည်ဟုဝန်ခံရန်မိန့်မှာခဲ့ပါသည် (ဖိ ၂း၉–၁၁)။

၂။ **အမှန်သစ္စာတရား၏သံတော်ဆင့်များဖြစ်ခြင်း။** သခင်ယေရှုက သူသည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်ကြောင်းမိန့်တော်မူခဲ့သည် (ယော ၁၄း၆)။ ယုံကြည်သူများသည် အမှန်သစ္စာတရားကို သိမြင်ပြီး၊ ထိုအမှန်သစ္စာတရားက သူတို့ကိုလွတ်မြောက်စေမည်ဖြစ်ကြောင်းမိန့်ကြားခဲ့သည် (ယော ၈း၃၂)။ သူ၏နိုင်ငံတော်သည် အမှန်သစ္စာဖြစ်ကြောင်း(ယော ၁၈း၃၆)၊ အမှန်သစ္စာတရားကို နားလည်ခြင်းအပေါ်တွင်တည်ဆောက်ထားကြောင်း(ယော ၈း၃၂)၊ အမှန်သစ္စာတရားကိုဟောပြောခြင်းဖြင့် တိုးတက်မည်ဖြစ်ကြောင်း(ကော ၁း၅–၆) နှင့် အမှန်သစ္စာတရားကိုကျင့်သုံးသောနေရာဖြစ်ကြောင်း(၁ယော ၄း၁–၆) မိန့်တော်မူခဲ့ပါသည်။

သာသနာပြုသူသည် ဘုရားသခင်၏သံအမတ်ဖြစ်သောကြောင့်၊ ရှေ့ပြေးသံတော်ဆင့်လည်း ဖြစ်ပေသည်။ သံတော်ဆင့်၏အလုပ်မှာ ရှင်ဘုရင်မင်းကြီးကြွချီလာပြီဖြစ်ကြောင်းကို အများပြည်သူလူထုကြားသိစေရန် လမ်းခရီးရှေ့တွင် တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့၊ ကြိုတင်သွားပြီးကြေညာမောင်းခတ်ခြင်းဖြစ်သည်။ သံတော်ဆင့်သည် ဘုရင်မင်းကြီးမိန့်မှာတော်မူသည့်အတိုင်း ပြင်ဆင်ဖြည့်စွပ်ခြင်းမပြုဘဲ၊ တိတိကျကျကြေညာပြောကြားရသည်။ ထိုနည်းတူ၊ သခင်ယေရှုခရစ်တော် မိန့်မှာတော်မူသည့်အတိုင်း အတိအကျဟောပြောသက်သေခံခြင်းသည် သခင်ယေရှုခရစ်တော်၏သံတော်ဆင့်လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည် (မ ၁၀း၂၇)။

၃။ **ချစ်ခြင်းမေတ္တာသယ်ဆောင်သူ။** ခရစ်ယာန်ဘာသာသည် ချစ်ခြင်းမေတ္တာဘာသာဖြစ်သည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူပြီး၊ လောကီသားကိုချစ်၍သားတော်ကိုစေလွှတ်တော်မူ၏ (ယော ၃း၁၆)။ ခရစ်ယာန်များသည် ထိုကဲ့သို့ချစ်ကြရန်ဖြစ်သည် (၁ယော ၃း၁၆)။ ချစ်ခြင်းမေတ္တာအားဖြင့်သာ လူအများကဘုရားသခင်ကို သိနိုင်မည်ဖြစ်သည် (ယော ၁၃း၃၅)။

ခရစ်ယာန်များစောင့်ရှောက်ကြရမည့် အကျင့်သီလအားလုံးတွင် ချစ်ခြင်းမေတ္တာသည် အဓိကဖြစ်သည် (၁ကော ၁၃း၁၃)။



ရှေးယခင်သာသနာပြုဆရာကြီးများသည် ချစ်ခြင်းမေတ္တာကို သယ်ဆောင်ကြသူများဖြစ်ကြသည်။ ဥပမာ၊ ၁၈ ရာစုနှစ်များအတွင်း အကျော်ကြားဆုံးသောသာသနာပြုဆရာကြီး Zinzendorf က၊ “ကျွန်ုပ်တွင်ပြင်းပြသောဆန္ဒတစ်ခုတည်းသာရှိ၏။ ထိုဆန္ဒသည် ခရစ်တော်အတွက်သာဖြစ်သည်” ဟုဆိုခဲ့သည်။ တရုတ်နိုင်ငံတွင်နှစ်ပေါင်း(၅၀) အမှုတော်ဆောင်ခဲ့သော သာသနာပြုဆရာကြီး Hudson Taylor က၊ “ကျွန်ုပ်တွင် အသက်ပေါင်းတစ်ထောင်ရှိခဲ့ပါက အားလုံးကို ခရစ်တော်အတွက်သာ ပေးဆပ်လိုပါသည်” ဟုဆိုခဲ့သည်။ သာသနာပြုဆရာကြီး Alexander Mackay ကလည်း “ကျွန်ုပ်၏နှလုံးသားများသည် အာဖရိကအတွက် မီးတောက်လောင်နေပါသည်” ဟုဆိုပါသည်။ ထိုသူတို့သည် ရှင်ပေါလုကဲ့သို့ပင် ခရစ်တော်၏ချစ်ခြင်းမေတ္တာလွှမ်းမိုးခံရသူများဖြစ်ကြသည် (၂ကော ၅း၁၄)။ သာသနာပြုဆရာ၏ချစ်ခြင်းမေတ္တာသည် လူများ၏ ဝိညာဉ်ကယ်ဆယ်ရေးအတွက်သာမဟုတ်ဘဲ၊ လူ၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ်သုံးပါးစလုံးကယ်ဆယ်ရေးအတွက်ဖြစ်ပါသည်။

သာသနာပြုဆရာများသည် သူတစ်ပါးမသွားလိုသောနေရာများသို့ စွန့်စားကာသွားရောက်သာသနာပြုခဲ့ကြသူများ ဖြစ်ကြသည်။ တွေ့ဆုံရသောသူများနှင့်မိသားစုကဲ့သို့နေထိုင်ကြသည်။ အေးအတူ၊ ပူအမျှနေထိုင်စားသောက်ကြပါသည်။ လိုအပ်သည့်အခါ အသက်ကိုပါ ပေးဆက်ကြသူများဖြစ်ကြသည်။ လူသေကိုမရှင်စေနိုင်သော်လည်း၊ ဖျားနာသူများကို ဆေးကုပေးကြသည်။ ဆင်းရဲသားများကိုကျွေးမွေးပြီး၊ အဝတ်မဲ့သူများကို အဝတ်ဝတ်ဆင်ပေးကြသည်။ မုဆိုးမများကိုကူညီထောက်မပြီး၊ မိဘမဲ့ကလေးများကို ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည်။ စွန့်ပစ်ခံရသောကလေးငယ်များကို ကောက်ယူမွေးစားပြီး၊ ပညာသင်ပေးခြင်း၊ အရွယ်ရောက်လျှင် ထိမ်းမြားလက်ထပ်ပေးခြင်းများဆောင်ရွက်ပေးခဲ့ကြသည်။

ရာထောင်ချီပြီး မာတုရအသေခံခဲ့ကြသည်။ ဥပမာ၊ တရုတ်ပြည် “လက်သီးသမားတော်လှန်ရေး” ဖြစ်ပွားစဉ်က သာသနာပြုဆရာပေါင်း ၇၉–ယောက်နှင့်သူတို့၏သားသမီးများအသက်ဆုံးရှုံးခဲ့ကြရ သည်။

သို့ရာတွင် ပြည်တွင်းရေးပြန်လည်ငြိမ်သက်သောအခါ အချို့ သည် တရုတ်ပြည်သို့ပြန်လာပြီး သူတို့၏လုပ်ဖော်ဆောင်ဖက်များကို သတ်ဖြတ်ခဲ့သောသူများအတွက် အစေခံအမှုတော်ဆောင်ခဲ့ကြပြန်ပါသည်။ သူတို့၏ဆုံးရှုံးမှုများအတွက် အစိုးရကနစ်နာကြေးပေးသောအခါ လက်မခံကြပါ။ အကြောင်းမှာ၊ ထိုလူသတ်သမားများအားလုံးကို ခွင့်လွှတ်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။

တရုတ်နှင့်ဂျပန်စစ်ပွဲအတွင်းက သာသနာပြုအမျိုးသမီးများသည် မုဒိန်းကျင့်လိုသောဂျပန်စစ်သားများလက်မှလွတ်အောင် တရုတ်အမျိုးသမီးဒုက္ခသည်များကို သူတို့နေအိမ်များတွင်ဖုံးဝှက်ကာကွယ်ပေးခဲ့ကြသည်။ ၁၉၆၄ခုနှစ်တွင်၊ သားသမီး(၆)ယောက်၏ဖခင်ဖြစ်သောသာသနာပြုဆရာ Hector MacMillan သည် Zaire နိုင်ငံ၊ Simbas တွင်အသတ်ခံခဲ့ရသည်။ ၁၉၆၆ခုနှစ်တွင်သူ၏ဇနီးသည် Zaire သို့ပြန်လာပြီး၊ သူ၏ခင်ပွန်းကိုသတ်သောသူများထံတွင်သာသနာပြုခဲ့သည်။ Ecuador နိုင်ငံ Aucas Indians လူမျိုးများထံတွင်သာသနာပြုသူ (၅)ဦးတို့အသတ်ခံခဲ့ကြသည်။ သို့သော်၊ သူတို့၏ဇနီးများဖြစ်သော Rachel Saint & Betty Elliot တို့သည် ဆက်လက်သာသနာပြုကြရာ အားလုံးပြောင်းလဲသွားခဲ့ကြသည်။ သူတို့၏သားနှစ်ယောက်သည် သူတို့ဖခင်ကိုသတ်ခဲ့သောသူ၏လက်တွင် နှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်။ ယင်းသည် ခရစ်ယာန်တို့၏ချစ်ခြင်းမေတ္တာတန်ခိုးပင်ဖြစ်ပါသည်။

ဥရောပစစ်ဘုရင်ကြီးနပိုလျှန် (Napoleon) သည်၊ Island of St. Helena တွင် တစ်သက်တစ်ကျွန်းကျခံနေစဉ် မိတ်ဆွေတစ်ဦးထံတွင်၊ “Alexander တို့၊ Charlemagne တို့နှင့်ကျုပ်တို့ဟာ အင်အားနဲ့အင်ပါယာကြီးတွေတည်ဆောက်ဖို့ကြိုးစားခဲ့ကြပေမဲ့ ရှုံးနိမ့်ကြရတယ်။ ဒါပေမဲ့၊ သခင်ယေရှုခရစ်တော်ဟာ သူ့ရဲ့အင်ပါယာကြီးကို ချစ်ခြင်းမေတ္တာပေါ်မှာအခြေခံပြီးတည်ဆောက်ခဲ့တာ အပြတ်ကိုအောင်မြင်ခဲ့တယ်။ ဒီကနေ့လူသန်းပေါင်းများစွာဟာ သူ့အတွက်အသက်အသေခံဖို့အဆင်သင့်ရှိနေကြတာကိုပဲကြည့်ပေတော့” ဟုဝန်ခံခဲ့ပါသည်။



## သာသနာပြုအရည်အချင်းများ

မြောက်အမေရိကတိုက်တစ်ခုတည်းတွင်ပင် သာသနာပြုအဖွဲ့အစည်းရှစ်ရာကျော်ရှိပါသည်။ ထိုအဖွဲ့အစည်းအားလုံးတွင် သာသနာပြုနည်းနှင့်ပတ်သက်ပြီး တူညီသောစံနှုန်းများမထားရှိကြပါ။ အချို့အဖွဲ့အစည်းများက သာသနာပြုမည့်သူသည် အသိအမှတ်ပြုထားသောကျမ်းစာကျောင်း တစ်ကျောင်းမှ ဘွဲ့တစ်ခုခုရရှိသူကိုသာလက်ခံသည်။ အချို့ကမူပညာရေး တက္ကသိုလ်ဘွဲ့နှင့်ဘာသာရေးဘွဲ့နှစ်ခုစလုံးရသူများကိုသာ လက်ခံကြသည်။ အချို့ကမူ ဘာသာရေးဘွဲ့မရှိလျှင်လည်း ပညာရေးဘွဲ့အဆင့်မြင့်ရထားလျှင် လက်ခံကြသည်။ အချို့ကလည်း ဒီဂရီဘွဲ့များထက် ဝိညာဉ်ရေးရာပြည့်ဝသူကိုသာ ဦးစားပေးလက်ခံကြသည်။ မည်သို့ပင်ဆိုစေ၊ သာသနာပြုမည့်သူ၏လိုအပ်သော အရည်အချင်းများကို ခေါင်းစဉ်ခွဲအလိုက်တင်ပြလိုက်ပါသည်။

၁။ **ကာယခန္ဓာပိုင်းဆိုင်ရာလိုအပ်ချက်များ။** အမေရိကန်ပြည်ထောင်စုတွင် ပညာရေးကျောင်းတိုင်း၊ လက်နက်ကိုင်အဖွဲ့အစည်းတိုင်းလျှောက်လွှာတင်သည့်အခါ ကိုယ်ခန္ဓာပိုင်းဆိုင်ရာကျမ်းမာရေးထောက်ခံချက်စာကို ရှေးဦးစွာတောင်းဆိုလေ့ရှိကြသည်။ ထိုနည်းတူစွာပင်၊ သာသနာပြုဆရာများကိုလည်း ပထမဦးဆုံးကျမ်းမာရေးစစ်ဆေးရပါမည်။ အားလုံးသိထားကြသည့်အတိုင်း ရပ်ဝေးသာသနာနယ်မြေသည် မိမိဌာနေထက်ပိုမိုခက်ခဲလေ့ရှိပါသည်။ ရာသီဥတုအနေအထားနှင့် ရေမြေအနေအထားကွာခြားမှုများလည်း ရှိကြသည်။ ရောဂါဘယလည်း ပိုမိုထူပြောများပြားတတ်ကြသည်။ ထို့ကြောင့် ကျမ်းမာရေး စစ်ဆေးပြီးနောက် လိုအပ်သောဆေးကုသမှုများပြုလုပ်ကြရန်လိုအပ်ပါသည်။

၂။ **ပညာရေးအရည်အချင်းလိုအပ်ချက်များ။** အသင်းတော်ကြီးများသည် ဓမ္မပညာနှင့်အခြေခံပညာရေးမြင့်မားမှုကိုဦးစားပေးလေ့ရှိကြသည်။ ၁၉–ရာစုခေတ်က သာသနာပြုများအားလုံးလိုလိုပင် ဓမ္မပညာနှင့်အခြေခံပညာရေးအဆင့်မြင့်ဘွဲ့ရရှိသူများဖြစ်ကြကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံသာသနာပြုဆရာကြီး Hudson Taylor က “ပညာရေးအဆင့်

နိမ့်ပြီး၊ ဓမ္မပညာအဆင့်မြင့်သူများကိုသာ စေလွှတ်ပေးပါ” ဟုတောင်း ပန်စာ ရေးခဲ့ဖူးသည်။ ထို့ကြောင့် သာသနာလုပ်ငန်းအတွက် လောကီ ပညာရေးအဆင့်မြင့်မှုထက်၊ ဝိညာဉ်ရေးပညာအဆင့်မြင့်မှုကသည် ပိုမို အရေးကြီးပါသည်။

**၃။ နည်းပညာဆိုင်ရာအရည်အချင်းများ။** သာသနာပြုသူတိုင်း သက်ဆိုင်သောနည်းပညာများကို ကျွမ်းကျင်နိုင်နင်းစပ် ရန် လိုအပ်သည်။ ဥပမာ၊ သာသနာပြုခြင်းပညာ၊ ကမ္ဘာ့သမိုင်း၊ ဩဂိအောလော်ဂျီ၊ ဒဿနိကဗေဒ၊ နည်းဗျူဟာပညာ၊ အခြားဘာသာဗေဒ များ၊ လူမျိုးခြားများ၏ယဉ်ကျေးမှုနှင့်လူမှုဆက်ဆံရေး၊ အသင်းတော် တည်ထောင်နည်းပညာများ စသည်တို့ကိုအထူးလေ့လာဆည်းပူးရပါမည်။ မိမိတို့သွားရောက်သာသနာပြုမည့် လူမျိုးများအတွက် သမ္မာကျမ်းစာများ ကို ဘာသာပြန်ပေးနိုင်ရန် မူရင်းဂရိဘာသာနှင့်ဟေဗြဲဘာသာစာပေများကို ကျွမ်းကျင်နိုင်နင်းစွာလေ့လာဆည်းပူးထားရပါမည်။

**၄။ စိတ်ပညာဆိုင်ရာအရည်အချင်းများ။** စိတ်ပညာဟုဆိုရာ တွင် လူတစ်ဦး၏စိတ်နေစိတ်ထားအကြောင်း၊ သူ၏ပင်ကိုယ်သဘာဝ အကြောင်းများကိုဆိုလိုပါသည်။ တစ်နည်းအားဖြင့်၊ လူတစ်ဦးတစ် ယောက်၏ ပင်ကိုမူလစိတ်ထားများကို နားလည်တတ်ရန်လိုပါသည်။ အောက်ပါတို့သည် အရေးကြီးသောလိုအပ်ချက်များဖြစ်ကြပါသည်။

(က) **စိတ်လှုပ်ရှားမှုကို တည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခြင်း။** တစ်ခါမျှမသိဖူးသောလူစိမ်းတစ်ဦးထံ ချဉ်းကပ်ပြီး ကယ်တင်ခြင်းသတင်း ကောင်းဝေမျှရန်အတွက် စကားနည်းလွန်းသူများ၊ စိတ်အားငယ်လွယ်သူ များ၊ အများရှေ့တွင်ကြောင်တတ်သူများ၊ အရှက်ကြီးလွန်းသူများသည် တစ်ပန်းရှုံးပြီးသားဖြစ်သည်။ သာသနာနယ်တွင် အမှုဆောင်သူသည် စိတ်ဓာတ်ခိုင်မာပြီး၊ တည်ငြိမ်အေးဆေးသွက်လက်သူဖြစ်ရန် လိုအပ်သည်။

(ခ) **အထိုက်အလျောက်အံဝင်ဂွင်ကျ နေတတ်ခြင်း။** တရုတ် ပညာရှင်ကြီး Confucius က၊ “နယ်မြေသစ်တစ်ခုသို့ သင်ရောက်သွား သည့်အခါ၊ သူတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို အရင်လေ့လာရန်



မမေ့ပါနှင့်” ဟုမှာကြားဖူးပါသည်။ ယင်းနှင့်တူသော အင်္ဂလိပ်စကားပုံ တစ်ခုမှာ၊ “ရောမမှာနေလျှင် ရောမလိုကျင့်ရမည်” ဟူ၍ဖြစ်သည်။ ထို့ကြောင့်၊ နယ်တွင်သာသနာပြုသောသူသည် မိမိနှင့်တွေ့ဆုံနေရသော သူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် လိုက်လျောညီထွေစွာနေတတ် ရန် လိုအပ်ပါသည်။

(ဂ) **ပျော်ရွှင်တတ်သောဉာဏ်ရှိရန်လိုအပ်ခြင်း။** သာသနာ လုပ်ငန်းဆိုသည်မှာ အလွန်လေးနက်လှပါသည်။ အကြောင်းမှာ ဘုရင် တကာတို့၏ဘုရင်မင်းမြတ်ကြီးဖြစ်တော်မူသောဘုရားသခင်၏အမှုတော် လုပ်ငန်းဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် အမှုတော်ဆောင်သော သာသနာပြုများသည် တစ်ချိန်လုံး လေးလေးနက်နက်၊ ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲဖြင့် မဆောင်ရွက်သင့်ပါ။ ဘုရားသခင်၏တန်ခိုးကို အားကိုးရင်း ပျော်ပျော်ပါးပါး၊ ရွှင်ရွှင်လန်းလန်း ဆောင်ရွက်တတ်ရန် လိုအပ်သည်။ အခက်အခဲပြဿနာများနှင့်ရင်ဆိုင်ရသည့်အခါ ရွှင်လန်း ပေါ့ပါးစွာ ဖြေရှင်းတတ်ရန်လိုအပ်ပါသည်။

(ဃ) **အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း။** သာသနာလုပ် ငန်းဆိုသည်မှာ အားကစားအသင်းနှင့်တူပါသည်။ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရပါ။ တစ်ကိုယ်တော်မင်းသား လုပ်၍လည်း မရပါ။ “စည်းလုံးညီညာအောင်ကြောင်းဖြာ” ဆိုသလို၊ ဝိုင်းဝန်းကူညီလုပ်ဆောင်ရန်လိုအပ်သည်။ ရှင်ပေါလုက မိမိအတွက်သာ မက၊ သူတစ်ပါးအတွက်လည်းလုပ်ဆောင်ရန်သွန်သင်ထားသည် (ဖိ ၂း၄)။

(င) **ဆင်းရဲဒုက္ခခံနိုင်ခြင်း။** “အနာခံမှ၊ အသာစံရမည်” ဟူသော စကားပုံအတိုင်းပင်ဖြစ်သည်။ များသောအားဖြင့် သာသနာပြုများသည် အိမ်ထောင်သည်များဖြစ်ကြသည့်အတွက် မိသားစုအပေါ်တွင် မမျှော် လင့်သော ဒုက္ခပြဿနာအမျိုးမျိုးကျရောက်လာတတ်ပါသည်။ အဆုံးထိ ခံနိုင်သောသူသည် ရွေးသရဖူဆောင်းရမည်ကိုမမေ့အပ်ပေ။

(စ) **စိတ်ရှည်ဇွဲကြီးခြင်း။** တစ်ကြိမ်တည်းသာသနာပြုရုံမျှနှင့် လူအများပြောင်းလဲလာကြမည်မဟုတ်ပါ။ လောကကြီး၏ပြောင်းလဲခြင်း

သည် နေ့တွင်းချင်းညတွင်းချင်းဖြစ်လာမည်မဟုတ်ပါ။ ထို့ကြောင့် စိတ်ရှည်စွာဖြင့် ဖြေးညင်းစွာပုံမှန်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဆန္ဒမစောကြဖို့ အလွန်အရေးကြီးပါသည်။ ဆရာကြီးယုဒသန်သည် (၆)နှစ်ကြာမှ ဦးနောတစ်ဦးတည်းကိုသာ ရရှိခဲ့သည်ကို မမေ့အပ်ပေ။

(ဇ) **ဘဝင်မြင့်စိတ်ကင်းရှင်းခြင်း။** သာသနာနယ်ရှိလူများထက် မိမိကပိုမိုသာလွန်သည်ဟုစိတ်ထင်ပြီး၊ “ငါ ဆရာဘဲ” ဟုဘဝင်မြင့်ကာ သူတစ်ပါးကိုနှိမ်၍ ဆက်ဆံခြင်းမျိုးလုံးဝမပြုလုပ်သင့်ပါ။ ရှေးယခင်က သာသနာပြုကြီးများ၏အမှားများကိုသင်ခန်းစာယူရမည်ဖြစ်သည်။

(ဈ) **လူမျိုးရေးတစ်ယူသန်မှုကင်းရှင်းခြင်း။** သူတစ်ပါး၏ အခြေအနေမှန်ကို မသိရမီကပင်၊ “ဤသူသည် ဆိုးမည်၊ ကောင်းမည်” စသည်ဖြင့် မိမိစိတ်ထင်ဖြင့် စွဲချက်တင်သတ်မှတ်သည့် “အဆိုးမြင်ဝါဒ”၊ “တစ်ယူသန်ဝါဒ” မျိုးလုံးဝ မပြုလုပ်သင့်ပါ။ သခင်ခရစ်တော်၏စံနမူနာကိုယူပြီး လူတိုင်းအပေါ်တွင် “အကောင်းမြင်ဝါဒ” ရှိရမည်။

**၅။ ဝိညာဉ်ရေးရာအရည်အချင်းများ။** ယုံကြည်ခြင်းရင့်ကျက်သူနှင့် ဝိညာဉ်ရေးတွင်နိုးကြားသူများသာလျှင် သာသနာပြုသွားသင့်သည်။ အကြောင်းမှာ “သာသနာလုပ်ငန်းသည် ဝိညာဉ်ရေးလုပ်ငန်း” ဖြစ်သည်။ “ဝိညာဉ်ရေးလုပ်ငန်းကို ဝိညာဉ်နည်းဗျူဟာ” များဖြင့်သာ ဆောင်ရွက်ပြီးစီးနိုင်သည်။ ထို့ကြောင့် ဝိညာဉ်ဆုကျေးဇူးရရှိသူများဖြစ်သင့်သည်။ အကြမ်းအားဖြင့် အောက်ပါအရည်အချင်းများရှိရမည်။

(က) **အသစ်မွေးခြင်းခံပြီးသူ၊ စစ်မှန်စွာပြောင်းလဲသူ။** သာသနာ ပြုမည့်သူသည် သူကိုယ်တိုင်အမှန်တစ်ကယ်ပြောင်းလဲသူ၊ အသစ်မွေး ခြင်းခံရသောသူဖြစ်ရမည်။ မိမိကိုယ်တိုင်ကိုယ်၌ကပင် ကယ်တင်ခြင်းမရသေးသောသူ၊ ဘဝသစ်သို့ပြောင်းလဲခြင်းမရှိသေးသောသူသည် အခြားသူများအား ကယ်တင်ခြင်းနှင့်ပြောင်းလဲခြင်းရရှိရန် ခရစ်တော်ထံသို့ ပို့ဆောင်နိုင်မည်မဟုတ်ပါ။

(ခ) **သမ္မာကျမ်းစာဗဟုသုတရှိခြင်း။** သာသနာပြုသူ၏အဓိကတာဝန်မှာ မယုံကြည်သောသူများအား သခင်ယေရှုခရစ်တော်၏ကယ်



တင်ခြင်းဧဝံဂေလိတရားကိုဝေမျှရန်ဖြစ်သည်။ သခင်ယေရှုခရစ်တော်၏အကြောင်း၊ ကယ်တင်ခြင်းအကြောင်းများကို သမ္မာကျမ်းစာမှသာလျှင် ရရှိနိုင်ပါသည်။ ထို့ကြောင့် သူတစ်ပါးအား သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံပြီး ကယ်တင်ခြင်းဆုကျေးဇူးရရှိခံစားနိုင်ရန်နှင့်နေ့စဉ်အသက်တာတွင် သခင်ဘုရား၏အလိုတော်အတိုင်းအသက်ရှင်နိုင်ရန်အတွက်ဆုံးမဩဝါဒပေးနိုင်ရန်အတွက် သမ္မာကျမ်းစာကို နားလည်သဘောပေါက်ထားရမည် (၂တိ ၃း၁၅)။ မည်သည့်လောကီပညာကမှ သမ္မာကျမ်းစာပညာကို အစားထိုး၍မရပါ။ ထို့ကြောင့် သာသနာပြုမည့်သူသည် သမ္မာကျမ်းစာသွန်သင်သောဘုရားသခင်အကြောင်း၊ လူသားအကြောင်း၊ အပြစ်တရားအကြောင်း၊ ကယ်တင်ခြင်းအကြောင်း စသည်တို့ကို ကောင်းမွန်စွာနားလည်သဘောပေါက်ရန်လိုအပ်ပါသည်။

(ဂ) **ဘုရားသခင်၏လမ်းပြမှုခံယူခြင်း။** သာသနာပြုသူတစ်ဦးသည် မိမိရောက်ရှိနေသောအရပ်ဒေသတွင် ဘုရားသခင်ကိုယ်တော်တိုင်ပို့ဆောင်တော်မူသောကြောင့်သာလျှင် ရောက်ရှိခဲ့ရကြောင်းကို လေးလေးနက်နက်ခံယူနားလည်ထားသူဖြစ်ရမည်။ သို့မဟုတ်ပါက အခက်အခဲအမျိုးမျိုး၊ ဆင်းရဲဒုက္ခအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ရသည့်အခါ စိတ်ဓာတ်ကျပြီး အရှုံးပေးထွက်ပြေးသွားမည်ဖြစ်သည်။ သို့သော်၊ ဤနေရာဒေသနှင့်လူမျိုးများထံသို့ ဘုရားသခင်ပို့ဆောင်တော်မူသောကြောင့် ရောက်ရှိရခြင်းဖြစ်ကြောင်း ကောင်းစွာခံစားသဘောပေါက်ပါက အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး အောင်လံတလူလူလွှင့်ထူနိုင်မည်ဖြစ်ပါသည်။

(ဃ) **ကိုယ်ပိုင်ဆက်ကပ်ဆုတောင်းခြင်းအသက်တာ။** သာသနာပြုတစ်ဦး၏အသက်တာတွင် ကိုယ်ပိုင်ဆုတောင်းဆက်ကပ်ခြင်းသည် အလွန်အရေးကြီးပါသည်။ သမ္မာကျမ်းစာဖတ်ခြင်း၊ ဆုတောင်းဆက်ကပ်ခြင်းဖြင့် ဝိညာဉ်ခွန်အားယူရပါသည်။ ထို့ပြင်၊ သာသနာပြုသူသည် သူတစ်ပါးအားလမ်းညွှန်ရသူဖြစ်ပြီး၊ ပြဿနာတစ်စုံတစ်ရာကြုံရသည့်အခါ သူ့ကိုလမ်းညွှန်အားပေးမည့်သူမရှိပါ။ ထို့ကြောင့် သူသည်ဘုရားနှင့်အမြဲဆက်သွယ်သူဖြစ်ရမည်။ ဆရာကြီး Hudson Taylor ၏တရုတ်ပြည်

သာသနာသမိုင်းကိုလေ့လာသည့်အခါ၊ "သူသည် နှစ်ပေါင်း(၅၀)အတွင်း ဒူးထောင်ဆုတောင်းခြင်းမပြုသည့်နေ့ တစ်နေ့မှမရှိကြောင်း" မှတ်တမ်းထားကြောင်းတွေ့ရပါသည်။

(င) **ကိုယ်ပိုင်စည်းကမ်းရှိခြင်း။** သာသနာပြုသူသည် ကိုယ်တိုင်စည်းကမ်းရှိသူဖြစ်ရသည်။ စည်းကမ်းနှစ်မျိုးရှိသည်။ တစ်ခုမှာ အစိုးရမှသော်၎င်း၊ အဖွဲ့အစည်းတစ်ခု၏အကြီးအကဲများမှသော်၎င်း၊ ပြဋ္ဌာန်းထားသောစည်းမျဉ်းစည်းကမ်းများဖြစ်သည်။ အခြားတစ်ခုမှာ လူတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်ပြဋ္ဌာန်းထားသော အသိတရားစည်းမျဉ်းစည်းကမ်းဖြစ်သည်။ နှစ်မျိုးစလုံးအရေးကြီးသည်။ သာသနာပြုဆရာသည် ဦးဆောင်လမ်းပြသူဖြစ်သောကြောင့် ကိုယ်တိုင်စည်းကမ်းရှိသူဖြစ်ရမည်။ သင်းအုပ်ဆရာတစ်ဦးသည် အသင်းတော်ခေါင်းဆောင်များ၊ ကော်မီတီလူကြီးများဝိုင်းရံနေသောကြောင့် စည်းကမ်းဖောက်ဖျက်ရန် သိပ်မလွယ်ပါ။ သို့သော်လည်း၊ သာသနာပြုဆရာသည် သူ့ကိုအရေးယူမည့်ခေါင်းဆောင်များ၊ ကော်မီတီဝင်များနှင့်အလွန်ဝေးကွာနေသောကြောင့် စည်းကမ်းဖောက်ဖျက်ရန် အလွန်လွယ်ကူသည်။ သာသနာနယ်မြေတာဝန်ခံဒါရိုက်တာများသည်လည်း တစ်နှစ်တွင် တစ်ကြိမ်၊ သို့မဟုတ် နှစ်နှစ်တွင်တစ်ကြိမ်သာလာရောက်စစ်ဆေးနိုင်သောကြောင့် လိမ်ညာပြောဆိုရန်လွယ်သည်။ ထို့ကြောင့်၊ မိမိဘာလုပ်နေသည်ကို မည်သူကမှမမြင်ရလျှင်လည်း ဘုရားသခင်မြင်တော်မူသည်ကိုသတိရပြီး၊ ကိုယ်ပိုင်စည်းကမ်းရှိရမည်။ မိမိကိုယ်တိုင် စည်းကမ်းထိန်းသိမ်းနိုင်ခြင်းသည် "မိမိကိုယ်ကိုအုပ်ချုပ်နိုင်ခြင်း" ဖြစ်ကြောင်းကျမ်းစာတွင် ဖော်ပြထားပါသည် (ဂ ၅း၂၃)။

(စ) **ချစ်ခြင်းမေတ္တာရှိခြင်း။** ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်တို့၏ဝိသေသလက္ခဏာဖြစ်သည် (ယော ၁၃း၃၄–၃၅)။ ခရစ်ယာန်အမှုတော်လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည် (၁ကော ၁၃း၁၃)။ ရှင်ပေါလုနှင့်တမန်တော်များသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတန်ခိုးဖြင့် ချုပ်နှောင်ရစ်ပတ်မှုကိုခံစားကြရသဖြင့် (၂ကော ၅း၁၄)၊ ခရစ်တော်အတွက်အသက်ကိုစတေးပြီး စွန့်စွန့်စားစားအမှုတော်



ဆောင်ခဲ့ကြသည် (တ ၁၅း၂၆)။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတန်ခိုးဖြင့် "လောကီနိုင်ငံကို မှောက်လှန်သော" သူများဖြစ်ခဲ့ကြသည် (တ ၁၇း၆)။ ထို့ကြောင့် သာသနာပြုသူ၏စွမ်းအားသည် "ချစ်ခြင်းမေတ္တာ" ဖြစ်သည်။ သာသနာပြုမည့်သူသည် သာသနာပြုမည့်လူများအပေါ်တွင် ချစ်ခြင်းမေတ္တာရှိရမည်။ သာသနာပြုသူ၏ချစ်ခြင်းမေတ္တာကို ကြည့်ခြင်းအားဖြင့်သာ လူများသည် သူဟောပြောသက်သေခံနေသော မေတ္တာတော်ရှင်ဘုရားသခင်၏သားတော် သခင်ယေရှုဘုရား၏ဧဝံဂေလိတရားကို နားလည်လက်ခံလာကြမည်ဖြစ်သည်။

အခန်း(၂)

## သာသနာပြုခြင်းနှင့်ဝိညာဉ်ကယ်ဆယ်ရေး

လောကကြီးတွင် ပျောက်ဆုံးသောဝိညာဉ်ကယ်တင်ခြင်းသည် အလွန်အရေးကြီးသည်။ သာသနာပြုခြင်းသည် ဝိညာဉ်ကယ်ဆယ်ရေးဖြင့် စတင်ရမည်။ “ဝိညာဉ်ရေး” ကိုအဓိကမထားလျှင်၊ “လူမှုရေး” အကျိုးဆောင်အဆင့်သို့ကျဆင်းသွားမည်။ ဝိညာဉ်ကယ်တင်ရေးဆောင်ရွက်လျက်၊ လူမှုရေးကိစ္စကိုလည်းမလစ်လျူဘဲ ဆောင်ရွက်ရမည်။ ထို့ကြောင့်၊ ဝိညာဉ် ကယ်ဆယ်ရေးအရေးကြီးပုံကို အောက်ပါအချက်အလက်များအားဖြင့် သုံးသပ်ကြည့်ကြပါစို့။

**၁။ ဘုရားသခင်၏စေခိုင်းချက်ဖြစ်သည်။** ဝိညာဉ်ကယ်တင်ခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ကယ်တင်ခြင်းလုပ်ငန်းတစ်ခုလုံး၏ရည်ရွယ်ချက်မှာ ပျောက်ဆုံးသောဝိညာဉ်ကယ်ဆယ်ရေးဖြစ်သည်။

(က) ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် ကယ်တင်ရှင်ဖြစ်တော်မူကြောင်း (၇)ကြိမ်တွေ့ရသည် (ဆာ ၁၀၆း၂၁၊ ဟေရှာ ၄၅း၁၅၊ ၂၁၊ ၄၉း၂၆၊ ၆၀း၁၆၊ ၆၃း၈)။ ဓမ္မသစ်ကျမ်းတွင်လည်း ထပ်မံတွေ့ရှိရသည် (လု ၁း၄၇၊ ၁တိ ၁း၁၊ ၄း၁၀၊ တိတု ၁၊၃၊ ၂း၁၀၊ ယုဒ ၂၅)။

(ခ) ဘုရားသခင်သည် လူကိုကယ်တင်လိုသည့် ဆန္ဒရှိသည်။

“အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။ အိုဣသရေလအမျိုးတို့၊ သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့် အသေခံလိုကြသနည်း။” (ယေဇ ၃၃း၁၁)



အောက်ပါကျမ်းများတွင်လည်း ဘုရားသခင်၏ကယ်တင်ခြင်းဆိုင်ရာစိတ်ဆန္ဒများကိုတွေ့ရသည် (ယေဇ ၁၈း၂၃၊ ၃၂၊ ဟော ၁၁း၈၊ ၁တိ ၂း၄၊ ၂ပေ ၃း၉)

(ဂ) စာတန်၏တန်ခိုးကိုချေမှုန်းပြီး၊ လူသားများကိုကယ်တင်ရန် ကတိတော်အတိုင်း သားတော်ကိုစေလွှတ်ခဲ့သည်။ ဧဒင်ဥယျာဉ်တွင် စာတန်ကိုချေမှုန်းမည့်သူ၊ မိန်းမမျိုးနွယ်ထဲမှပေါ်ထွန်းလာမည်ဖြစ်ကြောင်း ကြိုတင်ဖော်ပြထားပြီးဖြစ်သည်။

“သင်နှင့်မိန်းမကို၄င်း၊ သင်၏မျိုးနွယ်နှင့်မိန်းမ၏မျိုးနွယ်ကို၄င်း၊ ငါသည်ရန်ညှိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်၊ သင်သည်သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏။” (က ၃း၁၅)

သခင်ယေရှုလက်ဝါးကပ်တိုင်ပေါ်တွင်အသေခံတော်မူခြင်းသည် စာတန်က သူ၏ဖနောင့်ကိုပေါက်လိုက်သည့်သဘောဖြစ်သည်။ ထို့နောက်၊ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းသည် စာတန်၏ဦးခေါင်းကို ကြိတ်လိုက်ခြင်းဖြစ်ပါသည်။

“[၁၆] ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။” (ယော ၃း၁၆)

ထို့ကြောင့်၊ သားတော်သခင်ယေရှုခရစ်ကို ယုံကြည်လက်ခံသောသူ အားလုံးထာဝရအသက်ရပြီဖြစ်သည်။ အခြားကျမ်းပိုဒ်များကိုလည်းကြည့်ပါ။ (ဟေ ၂း၁၄၊ ၁ယော ၄း၁၄၊ တမန် ၃း၂၆၊ ဂ ၄း၄)။

### ၂။ သခင်ယေရှုခရစ်တော်၏ကယ်တင်ခြင်းအမှုတော်။

(က) ယေရှု၏အမည်သည် ကယ်တင်ခြင်းကိုဖော်ပြသည်။ (မ ၁း၂၁၊ လု ၂း၁၁၊ ယော ၄း၄၂၊ တ ၅း၃၁၊ ၁၃း၂၃၊ ဖိ ၃း၂၀၊ ၂တိ ၁း၁၀၊ တိတု ၁း၄၊ ၂း၁၃၊ ၃း၆၊ ၂ပေ ၁း၁၁၊ ၂း၂၀၊ ၃း၂၊ ၁၈၊ ၁ယော ၄း၁၄)။

(ခ) ပျောက်ဆုံးဝိညာဉ်ကယ်တင်ရန် သခင်ယေရှုကြွလာသည်။

"လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်းဟုဇကွဲကိုမိန့်တော်မူ၏။" (လု ၁၉း၁၀)

(ဂ) ကားတိုင်ပေါ်တွင်အသေခံခြင်းဖြင့်အပြီးစီးဆောင်ရွက်ပြီး၊ "အမှုပြီးပြီ" ဟုကြွေးကြော်ခဲ့သည်(ယော ၁၉း၃၀)။ (ယော ၁၂း၃၂၊ လု ၂၃း၃၂-၄၃၊ တိ ၂း၁၄)။

(ဃ) သာသနာတော်အတွက် "မဟာစေခိုင်းချက်" ကိုထုတ်ပြန် ကြေညာခဲ့သည်။ (မ ၂၈း၁၉)။

၃။ ကနဦးအသင်းတော်သည် ကယ်တင်ခြင်းအမှုတော်ကို စွမ်းစွမ်းတမန်ဆောင်ရွက်ခဲ့သည်။ (တ ၂း၄၁၊ ၄း၄၊ ၅း၁၄၊ ၆း၇၊ ၁၂း၂၄၊ ၁၉း၁၈၊ ၂၀)။

## သာသနာနည်းဗျူဟာများ

လူများစုက တရားဟောပွဲကျင်းပခြင်း (mass-evangelism) သည် အထိရောက်ဆုံးသောသာသနာပြုနည်းဟု အထင်အမြင်မှားနေကြသည်။ တရားဟောပွဲသည် ကောင်းပါသည်။ သို့သော် ကိုယ်ပိုင်သာသနာပြုခြင်း (personal evangelism) ကိုတော့ မမှီနိုင်ပါ။ ကိုယ်ပိုင်သာသနာပြုနည်း သည် တရားဟောပွဲကျင်းပခြင်းထက်သာ၍ ထိရောက်သောနည်းဗျူဟာ ဖြစ်ပြီး၊ ဝိညာဉ်ပျောက်များကို ပိုမိုကယ်တင်နိုင်ခဲ့ကြောင်း သမိုင်းအ ထောက်အထားများတွေ့ရပါသည်။

ကိုယ်ပိုင်သာသနာပြုခြင်း၏ ထိရောက်မှုကိုဖော်ပြရန် ဆရာကြီး Charles Spurgeon က၊ "ခင်ဗျားမှာ ပုလင်းအလွတ်တစ်ရာ ရှိတယ်စိုကြ ပါစို့။ ရေပုံးကြီးတစ်ပုံးနဲ့ အဲဒီပုလင်းတွေအပေါ်မှာရေလောင်းချလိုက်လျှင် ရေနည်းနည်းလေးဘဲ ပုလင်းထဲရောက်ပြီး၊ ရေအများစုကတော့အပြင် ဘက်ကိုဖိတ်ကျကုန်မှာဖြစ်တယ်။ ဒါပေမဲ့လည်း၊ ပုလင်းတစ်ပုလင်းစီကို



ရေသေသေချာချာလောင်းထည့်လိုက်ရင် အားလုံးဝင်သွားပြီး ပုလင်းပြည့် သွားမှာဖြစ်တယ်" ဟုဥပမာပေးထားပါသည်။ တရားဟောပွဲကြီးများတွင် ဝိညာဉ်ကယ်တင်မှုနည်းပြီး၊ ကိုယ်ပိုင်သာသနာပြုခြင်းဖြင့် ဝိညာဉ် ပျောက်များစွာဖမ်းမိနိုင်ကြောင်း ဆိုလိုရင်းဖြစ်သည်။

နာမည်ကျော်သာသနာပြုဆရာကြီး D. L. Moody ကလည်း၊ "လူတစ်ရာကို ပြောင်းလဲစေခြင်းထက်၊ လူတစ်ဆယ်ကို သာသနာပြု ဖြစ်အောင်လုပ်ပေးနိုင်ရင် ပိုပြီးထိရောက်မယ်" ဟုရှင်းပြဖူးပါသည်။ ဆရာကြီး Dr. Charles G. Trumbull ကလည်း၊ "လူတွေကို သခင်ခရစ် တော်စီကို ခေါ်ဆောင်တဲ့အခါမှာ အုပ်လိုက်ကြီးခေါ်ဆောင်သွားလို့ မရဘူး။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းသာ ခေါ်ဆောင်လို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ လူတွေဟာ အုပ်လိုက်ကြီးမွေးဖွားလာကြတာ မဟုတ်ဘူး။ တစ်ယောက်ချင်းဘဲမွေးဖွားလာကြတာ။ သေတဲ့အခါမှာလဲ တစ်ချိန်ထဲမှာဘဲ အတူသေကြတာမဟုတ်ဘူး။ တစ်ယောက်ချင်းသေကြ ရတယ်။ ဝိညာဉ်ပျောက်ဖမ်းတဲ့အခါမှာ အုပ်လိုက်ကြီးဖမ်းဖို့ကြိုးစားတာ ဟာ တစ်ခါတစ်လေ ကောင်းပါတယ်။ ဒါပေမဲ့ ရေရှည်အတွက်မှာတော့ တစ်ယောက်ချင်းဖမ်းတာဟာအကောင်းဆုံးဘဲ။ ဆန်စပါးကို လက်နဲ့ဘဲ ရိတ်သိမ်းသင့်ပါတယ်" ဟုပြောပြဖူးသည်။ ဆရာကြီး James A. Stewart ကလည်း၊ တရားဟောပြောပွဲမှာကယ်တင်ခဲ့တဲ့ ဝိညာဉ်ပျောက် တွေထက် တစ်ဦးချင်းကိုယ်ပိုင်သာသနာလုပ်ငန်းမှာကယ်တင်တဲ့ ဝိညာဉ် ပျောက်တွေဟာ အံ့မခန်းလောက်အောင် အဆပေါင်းများစွာသာလွန်နေ တာဟာ လက်တွေ့ပါဘဲ" ဟုတင်ပြခဲ့ပါသည်။

ယုံကြည်သူလူငါးထောင်ထဲမှ၊ တစ်ဦးလျှင် တစ်နှစ်တွင် ဝိညာဉ် (၄)ဦးစီရကြမည်ဆိုလျှင် ကမ္ဘာကြီးကိုလွယ်ကူစွာကောက်ရိတ်သိမ်းနိုင် မည့်အကြောင်း ဆရာကြီး James A. Stewart က အောက်တွင် တွက်ပြ ထားပါသည်။

| | | |
|---|---|---|
| တစ်နှစ် | ................................ | ၂၀,၀၀၀ |
| နှစ်နှစ် | ................................ | ၈၀,၀၀၀ |
| သုံးနှစ် | ................................ | ၃၂၀၀၀၀ |

| | | |
|---|---|---|
| လေးနှစ် | ...................................... | ၁,၂၈၀,၀၀၀ |
| ငါးနှစ် | ...................................... | ၅,၁၂၀,၀၀၀ |
| ခြောက်နှစ် | ...................................... | ၂၀,၄၈၀,၀၀၀ |
| ခုနစ်နှစ် | ...................................... | ၈၁,၉၂၀,၀၀၀ |
| ရှစ်နှစ် | ...................................... | ၃၂၇,၆၈၀,၀၀၀ |
| ကိုးနှစ် | ...................................... | ၁,၃၁၀,၇၂၀,၀၀၀ |

အထက်ပါကိန်းဂဏန်းများသည် ခန့်မှန်းခြေမျှသာဖြစ်ပါသည်။ သို့သော်၊ ယုံကြည်သူတိုင်း ကိုယ်ပိုင်သာသနာပြုမည်ဆိုပါက ဆယ်နှစ်အတွင်းမှာပင် ကမ္ဘာ့လူဦးရေအားလုံးနီးပါးကို ခရစ်တော်ထံသို့ ခေါ်ဆောင်နိုင်ကြမည်မှာသေချာပေါက်ဖြစ်ပါသည်။

## ဓမ္မသစ်ကျမ်းဧဝံဂေလိလုပ်ငန်း

### ၁။ တမန်တော်များ ခရစ်တော်အမွေကိုဆက်ခံခြင်း

Dr. Graham Scroggie က "တမန်တော်ဝတ္ထုသည် ခရစ်တော်ကောင်းကင်ဘုံသို့ချီဆောင်ခံရသည့်နောက်ပိုင်း နှစ်ပေါင်း(၅၃)နှစ်အတွင်း ယုံကြည်သူများ၏ဧဝံဂေလိလုပ်ငန်းများနှင့် ခရစ်ယာန်သမိုင်းတွင် အထိရောက်ဆုံးနှင့်အပြင်းထန်ဆုံးသော သာသနာတော်ပြန့်ပွားရေးလုပ်ငန်းအကြောင်းကိုဖော်ပြထားသောကျမ်းဖြစ်သည်။ အကယ်၍ ထိုစံနှုန်းအတိုင်း နောက်ပိုင်းအသင်းတော်များသည် ဆက်လက်သာသနာပြုခဲ့ပါက၊ ယခုအချိန်တွင် ကမ္ဘာကြီးကို (၅)ကြိမ်တိုင်တိုင် သာသနာပြုပြီးသားဖြစ်ပါလိမ့်မည်" ဟုတွက်ပြပါသည်။

အလွန်မှန်ပြီး၊ မှတ်သားလောက်ပါပေသည်။ ယခုခေတ်အသင်းတော်များသည် သာသနာလုပ်ငန်းတွင် ကနဦးအသင်းတော်များကို မမှီနိုင်တော့ပေ။ အဘယ်ကြောင့်နည်း။



ကနဦးအသင်းတော်တည်ရှိပြီး (၂၅)နှစ်အတွင်းဆောင်ရွက်ပြီးစီးခဲ့သောအမှုလုပ်ငန်းသည် အသင်းတော်သမိုင်းတစ်လျှောက်တွင်အကြီးမားဆုံးသောအောင်မြင်မှုကြီးဖြစ်သည်။ အသင်းတော်သည် အသင်းသားဦးရေ(၁၂၀)ဖြင့်စတင်ခဲ့ပြီး၊ နောက်တစ်နေ့တွင် ယုံကြည်သူပေါင်း (၃၀၀၀) တိုးလာပြီး၊ နောက်ရက်ပေါင်းမကြာမီတွင် လူဦးရေ(၅၀၀၀)အထိရောက်ခဲ့သည်။

ထိုစဉ်က အသင်းတော်သည် ရန်သူပေါင်းသောင်းခြောက်ထောင်ကြားတွင်ရှင်သန်ကြီးထွားခဲ့ရပြီး၊ ကြွေးကြော်ခဲ့သောသတင်းကောင်းသည်လည်း ဂျူးဘာသာရေးနှင့်သော်၎င်း၊ အုပ်စိုးသူရောမအစိုးရ၏မူဝါဒနှင့်သော်၎င်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။ အသင်းတော်သည် ဂျူးဘာသာနှင့်ရောမအစိုးရ၏နှစ်ဖက်ညှက်နှိပ်စက်ညှင်းပန်းခြင်းကိုကြီးစွာခံခဲ့ရသည်။ ထိုသို့သောဆင်းရဲဒုက္ခအမျိုးမျိုးကြားထဲမှ အောင်လံတလူလူလွှင့်နိုင်ခဲ့ခြင်းမှာ အောက်ပါအချက်များကြောင့်ဖြစ်သည်။

### ၂။ အသက်ရှင်သောခရစ်တော်သည်သူတို့နှင့်အတူရှိနေခြင်း

ရှင်ပြန်ထမြောက်တော်မူသောသခင်ခရစ်တော်သည် သူတို့နှင့်အတူပါရှိပြီး၊ သူတို့သည်လည်း ရဲရင့်စွာခရစ်တော်အတွက် သက်သေခံကြသည်။ တန်ခိုးနှင့်ပြည့်စုံကြသဖြင့် ရန်သူများပင် စိတ်ညွှတ်ကာပြောင်းလဲလာခဲ့ကြသည်(တ ၄း၁၃)။

### ၃။ ခရစ်တော်အတွက်သီးခြားသန့်စင်စွာအသက်ရှင်ခြင်း

သူတို့၏သန့်ရှင်းသောအသက်တာသည် သူတို့၏စွမ်းအားဖြစ်ခဲ့သည်။ စင်ကြယ်သောအသက်တာဆိုသည်မှာ လောကီရေးရာနှင့်မရောနှောဘဲ၊ ဘုရားအတွက်သီးသန့်နေထိုင်ခြင်းဖြစ်သည်။ ဥပုသ်နေ့သည် ဘုရားသခင်အတွက်သီးသန့်ခွဲခြားထားသကဲ့သို့၊ သူတို့၏အသက်တာသည် သခင်ဘုရားအတွက်ဆက်ကပ်အသက်ရှင်ခဲ့ကြသည်။ ယနေ့ခရစ်ယာန်များ၏အားနည်းချက်သည် လောကီရေးရာနှင့်ရောထွေးနေထိုင် သွားလာကြခြင်းဖြစ်သည်။ အမှန်မှာ၊ ခရစ်ယာန်များသည်

အသစ်ပြုပြင်ဖန်ဆင်းထားသော လူတန်းစားတစ်ရပ်ဖြစ်ပေသည်။ (၂ကော ၅း၁၇)။

### ၄။ အသင်းတော် ရက်စက်စွာနှိပ်စက်ညှင်းပန်းခံကြရခြင်း

အသင်းတော်သည် နေ့စဉ်နေ့တိုင်း ရန်သူများ၏ဖမ်းဆီးနှိပ်စက်ခြင်းများ၊ အသေသတ်ခြင်းများခံခဲ့ကြရသည်။ သခင်ယေရှုကို ယုံကြည်သောသူတိုင်း နှစ်ခြင်းခံပြီးသည်နှင့်တပြိုင်နက် ဖမ်းဆီးထောင်ချခြင်းများ၊ နှိပ်စက်ညှင်းပန်းခြင်းအမျိုးမျိုးခံခဲ့ကြသည်။

### ၅။ အသင်းတော်သည်ဆုတောင်းအားကြီးခြင်း

အသင်းတော်သည် နှိပ်စက်ညှင်းပန်းခြင်းအမျိုးမျိုးကြားမှ ထိုးဖောက်ရှင်သန်နိုင်ခြင်းမှာ ဆုတောင်းအားကြီးမားခြင်းကြောင့်ဖြစ်သည်။ နေ့စဉ်နေ့တိုင်း စုဝေးပြီးဆုတောင်းခဲ့ကြသည်။ ဆုတောင်းခြင်းသည် အသက်ရှင်ခြင်း၊ အသက်ရှင်ခြင်းသည် ဆုတောင်းခြင်းဖြစ်ခဲ့သည်။

### ၆။ အသင်းတော်လုပ်ငန်းအကြီးဆုံးမှာသက်သေခံခြင်း

(က) "သက်သေခံခြင်း" ဟူသော ဝေါဟာရစကားလုံးသည် ဂရိစကား *martura* (martyr) မှဆင်းသက်လာသည်။ ထိုစကားလုံးသည် ခရစ်တော်အကြောင်းကို ဟောပြောသောကြောင့် အသတ်ခံရသူများကို ခေါ်သောစကားလုံးဖြစ်သည်။ ထို့ကြောင့်၊ သခင်ယေရှုခရစ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကယ်တင်ခြင်းသတင်းကောင်းကို အသေခံပြီးဟောပြောခြင်းကိုဆိုလိုသည်။ တစ်နည်းအားဖြင့်၊ သခင်ယေရှု၏ဧဝံဂေလိသတင်းကောင်းကို နေပူမိုးရွာမရှောင်၊ "အရိုးကျေကျေ၊ အရေခမ်းခမ်း" သက်သေခံကြသူများဖြစ်ကြသည်။

(ခ) "ဟောပြောခြင်း" ဆိုသည်မှာ အသုံးပြုပုံအမျိုးမျိုးရှိသည်။ အများအားဖြင့် သတင်းကောင်းတစ်ခုကိုလူသိရှင်ကြားကြော်ငြာခြင်းဖြစ်သည်။ သို့သော်၊ တမန်တော် ၁၁း၁၉–၂၀ တွင်အသုံးပြုသောစကားလုံးသည်အနည်းငယ်ထူးဆန်းသည်။ အကြောင်းမှာ၊ "တီးတိုးပြောခြင်း" ၊ "လျှို့ဝှက်စွာပြောခြင်း" သို့မဟုတ်၊ ကလေးငယ်တစ်ဦး၏ ပထမဦးဆုံးနှုတ်ထွက်စကားသံကိုဖော်ပြရာတွင် အသုံးပြုသောစကားလုံးဖြစ်နေသည်။ ထိုခေတ်က၊ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုပြောသောသူတိုင်း ဖမ်းဆီးခံရသောကြောင့်၊ "တိုးတိုးတိတ်တိတ်" ပြောဆိုရာမှခေါ်တွင်လာသောစကားဖြစ်သည်။ လူမျိုးတိုင်းတွင်တူညီကြသည့်အချက်တစ်ခုမှာ၊ အလွန်အရေးကြီးသည့်အကြောင်းအရာဆိုလျှင်နားတွင်ကပ်ပြီး တီးတိုးပြောကြသည့်အလေ့အထပင်ဖြစ်သည်။ ထို့ကြောင့်၊ ဧဝံဂေလိ ကယ်တင်ခြင်းသတင်းကောင်းသည် အလွန်အရေးကြီးကြောင်းပေါ်လွင်စေပါသည်။

ထို့ပြင် ကလေးငယ်စကားသင်သည့်အခါ ပထမဦးဆုံးပြောသောစကားလုံးဖြစ်သောကြောင့်၊ "သတင်းဦး သတင်းဖျား၊" "အလွန်အရေးကြီးသောသတင်း" ဟူသောအနက်ကိုလည်းဆောင်ပါသည်။

### ၇။ သင်းအုပ်နှင့်အသင်းသားလူတန်းစားခွဲခြားမှုမရှိခြင်း။

ကနဦးအသင်းတော်တွင်၊ ယုံကြည်သူအားလုံး တန်းတူရည်တူ သာသနာပြန့်ပွားရေးအမှုတော် ဆောင်ကြသည်။ ဧဝံဂေလိဟောပြောခြင်းသည် တမန်တော်များနှင့်သာမန်အသင်းသားများအားလုံး အတူတကွ လက်တွဲလုပ်ဆောင်ခဲ့သည်။ တမန်တော်များသာမက၊ အသင်းသားအားလုံး၏တာဝန်ဖြစ်သည်။ ယုံကြည်သူတိုင်း ညီညီညာညာ မခိုမကပ် လက်တွဲဆောင်ရွက်ကြသောကြောင့် ဧဝံဂေလိသတင်းကောင်းသည် ရောမဧကရာဇ်မင်း၏နန်းတော်အထိပင် ဝင်ရောက်ထိုးဖောက်နိုင်ခဲ့သည်။

ယခုခေတ်တွင် အများအားဖြင့် သာသနာပြုလုပ်ငန်းသည် ဓမ္မဆရာများ၏အလုပ်တာဝန်ဟုယူဆကြပြီး၊ ဓမ္မဆရာများသာလျှင် သာသနာပြုကြသောကြောင့် ထိရောက်မှုနည်းနေခြင်းဖြစ်သည်။ ဧဝံဂေလိတရားဟောဆရာများသည်လည်း အသင်းတော်အတွင်း၊ ယုံကြည်သူများကြားတွင်သာ ဟောပြောကြသောကြောင့် သာသနာပြုလုပ်ငန်းအားနည်းနေပါသည်။ အမှန်မှာ၊ သခင်ယေရှုက "သင်တို့သည် သွား၍" ဟုမိန့်တော်မူခဲ့သည့်အတိုင်း ခရစ်ယာန်အားလုံးက ကယ်တင်ခြင်း

ဧဝံဂေလိသတင်းကောင်းဟောပြောရန်တာဝန်ရှိကြပါသည်။

## ကနဦးအသင်းတော်၏နည်းဗျူဟာများ

ဂရိစကားဖြင့် အသင်းတော်ကို *ecclesia* ဟုခေါ်ပြီး၊ "တူညီသောရည်ရွယ်ချက်တစ်ခုကိုအတူဆောင်ရွက်ရန် စုစည်းသည့်လက်ရွေးစင်များ" ဟုအဓိပ္ပါယ်ရှိပါသည်။ အသင်းတော်ဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်မှာ ဧဝံဂေလိသတင်းကောင်းပြန့်ပွားစေရန်ဖြစ်သည်။ တမန်တော်များနှင့် ရှင်ပေါလုတို့သည် အိမ်တွင်းအသင်းတော်ငယ်ကလေးများမှတစ်ဆင့်၊ ပိုမိုကြီးမားသောဒေသန္တရအသင်းတော်များတည်ထောင်ပြီး၊ သင့်တော်သောသင်းအုပ်များကိုခန့်အပ်ခဲ့ကြသည်။ ထိုဒေသန္တရအသင်းတော်များသည် ကိုယ်ပိုင်သာသနာလုပ်ငန်းများကို တစ်ဦးချင်း၊ တစ်ယောက်ချင်းဆောင်ရွက်ကြပြီး၊ ယုံကြည်သူလူသစ်များကို ခရစ်ယာန်အသက်တာအတွက် လိုအပ်သောသွန်သင်မှုများပြုလုပ်နိုင်ရန် အသင်းတော်တွင်းသို့ အသင်းသားများအဖြစ်သွတ်သွင်းကြသည်။ ထိုယုံကြည်သူလူသစ်များသည်လည်း တစ်ဖန်ကိုယ်ပိုင်သာသနာပြုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ကြခြင်းဖြင့် ယုံကြည်သူဦးရေတဟုန်ထိုးပွားများလာခဲ့သည်။

Dr. G. Campbell Morgan က အန္တိအုတ်အသင်းတော်အကြောင်းတင်ပြရာတွင်၊ "ဆိုင်ပရပ်ကျွန်းသားများနှင့် စီးရင်းနိုင်ငံသားများက အန္တိအုတ်မြို့တွင် သခင်ခရစ်တော်၏ဧဝံဂေလိတရားကို ရဲရင့်စွာဟောပြောကြသဖြင့် ယုံကြည်သူများနှစ်ခြင်းမင်္ဂလာယူကြသည်။ ထိုသူများသည် ခိုင်မာသော အသင်းတော်ကိုတည်ထောင်ကြသည်။ ထိုသူတို့ကလည်း တဆင့် မယုံကြည်သူများထံ ဆက်လက်ဟောပြောကြပြီး၊ ယုံကြည်သူများကိုနှစ်ခြင်းမင်္ဂလာပေးကြပြန်သည်။ ထို့နောက် သူတို့သည် ယေရုရှလင်မြို့ရှိအသင်းတော်နှင့်ပူးပေါင်းပြီး အမှုတော်ဆောင်ကြသည်။ ထူးခြားချက်တစ်ခုမှာ၊ အန္တိအုတ်အသင်းတော်သည် တမန်တော်များတည်ထောင်ထားသောအသင်းတော်မဟုတ်ဘဲ၊ ရိုးရိုးအသင်းသားများ၏စုပေါင်းတည်ထောင်ထားသောအသင်းတော်ဖြစ်ခြင်းပင်ဖြစ်သည်" ဟုရေးသားထားပါသည်။



သူတို့၏အဓိကအခြေခံအုတ်မြစ်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ မည်သည့်ကိစ္စ၊ မည်သည့်ပြဿနာ၊ မည်သည့်အခြေအနေမျိုးမှာမဆို ဝိညာဉ်တော်ကိုတိုင်ပင်ပြီး၊ ဝိညာဉ်တော်၏လမ်းပြမှုအတိုင်း တစ်သွေမတိမ်းလိုက်နာဆောင်ရွက်ခဲ့ကြသည်။

သခင်ယေရှုက၊ သူတို့အားကတိပေးထားသည်။ သူတို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝပြီးနောက်၊ ယုဒပြည်၊ ရှမာရိပြည်နှင့်တစ်ကမ္ဘာလုံးတွင် ဧဝံဂေလိဟောပြောရန်မှာကြားထားသည့်အတိုင်းပင် လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

"... သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ် တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" (တ ၁း၈)

အမှန်တကယ်ပင်၊ ယုံကြည်သူများသည် နှိပ်စက်ညှင်းဆဲခြင်းများကြောင့် ယုဒပြည်မှရှမာရိပြည်သို့၊ ထိုမှတဆင့်နေရာအနှံ့အပြားသို့ ပြန့်နှံ့ရောက်ရှိသွားကြသည်။

"ထိုအခါ ယေရုရှလင်မြို့၌ရှိသောအသင်းတော်သည် ပြင်းစွာသောညှင်းဆဲခြင်းကိုခံရသဖြင့် တမန်တော်တို့မှတစ်ပါး သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည်အရပ်ရပ်တို့၌ အနှံ့အပြားကွဲလွင့်ကြ၏" (တ ၈း၁)။

အရပ်ရပ်သို့ကွဲလွင့်သွားကြသော ခရစ်ယာန်များသည် ရောက်သည့် နေရာတိုင်းတွင် ဧဝံဂေလိတရားဟောပြောကြကြောင်းတွေ့ရသည်။

"ထို့ကြောင့် အရပ်ရပ်သို့ကွဲလွင့်သောသူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသောဧဝံဂေလိတရားကိုဟောပြောကြ၏။" (တ ၈း၄)

ကနဦးအသင်းတော်၏သာသနာပြုနည်း၊ ဧဝံဂေလိနည်းဗျူဟာများကိုလေ့လာသည့်အခါ အောက်ပါအတိုင်းတွေ့ရသည်။

(က) **ယုံကြည်သူအားလုံး** ဧဝံဂေလိကိုဟောပြောကြသည်။

(ခ) **နေရာတိုင်းတွင်** ဧဝံဂေလိကိုဟောပြောကြသည်။

(ဂ) **ကိုယ်ပိုင်သာသနာပြုနည်းဖြင့်** ဟောပြောကြသည်။

သူတို့သည် ရောက်သည့်နေရာတိုင်းတွင်၊ တွေ့သည့်လူတိုင်းအား တစ်ဦးချင်းထိရောက်စွာဟောပြောသက်သေခံကြသည်။ ကွင်းပြင်လွင်ပြင်ကြီးများ၊ ခန်းမဆောင်ကြီးများကိုအသုံးပြုခြင်းမရှိကြပါ။ လူအုပ်လိုက်ဟောပြောခြင်းထက် တစ်ဦးချင်းတစ်ယောက်ချင်းသာဟောပြောကြသည်။

တသေဖန်နှင့်ဖိလိပ္ပုတို့သည် သင်းထောက်လူကြီးများဖြစ်ကြသည်။ တမန်တော်များမဟုတ်ကြပါ။ သို့သော် ဧဝံဂေလိတရားဟောပြောရာတွင် တမန်တော်များ၏တာဝန်ဟုသဘောမထားဘဲ၊ ကိုယ်တိုင်ဟောပြောသက်သေခံခဲ့ကြသည်။ ထိုနည်းတူစွာ၊ ယနေ့တွင်လည်း အသင်းသားတိုင်း သာသနာပြုရန်လိုအပ်နေပြီဖြစ်သည်။

ဓမ္မဆရာများသည် အသင်းတော်တာဝန်များဖြစ်သော တရားဒေသနာဟောကြားခြင်း၊ နှစ်ခြင်းမင်္ဂလာပေးခြင်း၊ ပွဲတော်မင်္ဂလာဆောင်ရွက်ခြင်းများနှင့်အိမ်ထောင်လည်ပတ်ဆုတောင်းပေးခြင်းများပြုလုပ်ရသည်။ ဓမ္မဆရာများကိုသာ သာသနာပြုထွက်ရမည်ဆိုလျှင် အသင်းတော်ကိုလွှတ်ထားရတော့မည်။ ထို့ကြောင့် သာသနာပြုခြင်း၊ ဟောပြောခြင်းများကို အသင်းသားများကလည်းပါဝင်လုပ်ကိုင်ရန်လိုအပ်နေပါသည်။ သင်းအုပ်ဆရာများကိုသာစေလွှတ်လျှင် သာသနာတော်ပြန့်ပွားရေးအလွန်နှေးကွေးသွားမည်ဖြစ်သည်။

## ယနေ့အသင်းတော်အားစိန်ခေါ်မှုများ

(က) သာသနာပြုခြင်းကို ဓမ္မဆရာများ၊ ကျမ်းစာကျောင်းထွက်များ၊ ဧဝံဂေလိဆရာများအား လွှဲထားခြင်း၊

(ခ) အသင်းတော်ဘဏ္ဍာတော်များစွာကုန်ကျခံကာ ဧဝံဂေလိဆရာများဖိတ်ခေါ်ပြီး (crusade, campaigns) တရားပွဲများကျင်းပခြင်း၊



(ဂ) အသင်းတော်ဘဏ္ဍာတော်များစွာကုန်ကျခံကာ ကြီးမားသောခန်းမဆောင်ကြီးများဆောက်လုပ်ပြီး၊ တရားပွဲများတွင်လာရောက်ကြရန် ကြော်ညာခြင်း၊ ဖိတ်ကြားခြင်းများပြုလုပ်ခြင်းဖြစ်သည်။

F. B. Meyer က ဤသို့သုံးသပ်ထားသည်။ "တမန်တော်များကိုသာ အားကိုးမည်ဆိုလျှင်၊ အန္တိအုတ်အသင်းတော်ပေါ်ပေါက်လာမည်မဟုတ်ပါ။ ယေရုရှလင်မြို့မှနှိပ်စက်ညှင်းဆဲခြင်းကြောင့် ထွက်ပြေးလာသူများအားလုံးက ဧဝံဂေလိဟောပြောသာသနာပြုကြသောကြောင့်သာ အန္တိအုတ်အသင်းတော်ဖြစ်ပေါ်လာခဲ့ပါသည်။"

ဤနေရာတွင် အံ့ဘွယ်ရာတစ်ခုတွေ့ရသည်။ ယေရုရှလင်မြို့တွင် ခရစ်ယာန်များကိုနှိပ်စက်ညှင်းဆဲသောသူသည် ရှောလု(ခေါ်) ပေါလုဖြစ်သည်။ နောက်ပိုင်းတွင် ပေါလုကိုကြောက်၍ ထွက်ပြေးလာသူများတည်ထောင်ထားသောအန္တိအုတ်အသင်းတော်ကပင် ပေါလုနှင့်ဗာနဗကိုသာသနာပြုအဖြစ်စေလွှတ်ပြီး သာသနာတော်ကြီးကျယ်စွာ ထွန်းကားခဲ့သည်ကို တွေ့ရသည်။ အတုယူစရာဖြစ်သည်။

## ၁။ မိုဟာမက်ဒန်စိန်ခေါ်မှု

Dr. Samuel M. Zwemer က ဤသို့သုံးသပ်ခဲ့သည်။ "ယခုခေတ်ခရစ်ယာန်သာသနာလုပ်ငန်းသည် အသင်းတော်နှင့်မိရှင်အဖွဲ့အစည်း၏လုပ်ငန်းသဖွယ်တွေ့ရသည်။ ယင်းသည် မိုဟာမက်ဒန်များနှင့်ကွာခြားချက်ဖြစ်သည်။ မူဆလင်သာသနာကိုလေ့လာသုံးသပ်သည့်အခါ အဖွဲ့အစည်း၊ အသင်းတော်၏လုပ်ငန်းမဟုတ်ဘဲ၊ အီစလမ်ဘာသာဝင်တိုင်း၏ကိုယ်ပိုင်လုပ်ငန်းဖြစ်နေကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံရှိ မူဆလင်သာသနာကိုလေ့လာသည့်အခါ ဆယ်နှစ်အတွင်း တစ်နိုင်ငံလုံးလူဦးရေ၏သုံးဆယ်ရာခိုင်နှုန်းအထိရောက်ခဲ့ဖူးသည်ကိုတွေ့ရသည်။ အရှေ့အလယ်ပိုင်းတွင် မူဆလင်နိုင်ငံဖြစ်သွားရခြင်းမှာ မူဆလင်တစ်ဦးစီ၏ကိုယ်ပိုင်သာသနာလုပ်ငန်းကြောင့်ဖြစ်သည်။ သူတို့သည် ဓမ္မဆရာများမဟုတ်ကြပါ။ သာမန်အသင်းသားကုန်သည်များသာဖြစ်ကြသည်။ အကြောင်းမှာ မူဆလင်တိုင်း သာသနာပြုဖြစ်ကြသောကြောင့်ဖြစ်သည်။

မူဆလင်သူဌေးများသည် ကိုရန်ကျမ်းစာနှင့်အဘိဓာန်စာအုပ်များအတွက် ငွေကိုပုံအောပေးလှူကြသည်။ Lahore နှင့် Calcutta လမ်းများတွင် ကြည့်လိုက်ပါက၊ စာရေးများ၊ ကုန်သည်များ၊ စာအုပ်ချုပ်သမားများ၊ ကူလီအလုပ်သမားများသည် အချိန်ရသလောက်ကိုအသုံးချပြီး အီဆလမ်တရားဟောပြောခြင်း၊ ခရစ်ယာန်ဘာသာကိုတိုက်ခိုက်ခြင်းများကို ဖွဲလုံ့လကြီးစွာလုပ်ဆောင်နေကြကြောင်းနေ့စဉ်တွေ့နိုင်ပါသည်။ မိတ်ဆွေ ဗုဒ္ဓဘာသာဝင်များကိုလည်းလေ့လာကြည့်ပါ။ ဘုန်းကြီးများက လူတွေအကြား အပင်ပန်းခံကာ သွားရောက်သာသနာပြုခြင်းထက်၊ ဗုဒ္ဓဘာသာဝင်လူဝတ်ကြောင်များကသာလျှင် သာသနာပြန့်ပွားအောင် ဆောင်ရွက်နေကြကြောင်းတွေ့ရမည်ဖြစ်သည်။ ဘုန်းကြီးများကိုသာ အားကိုးနေလျှင် ဗုဒ္ဓသာသနာပြန့်ပွားမှုနှုန်း အလွန်နှေးကွေးသွားမည် ဖြစ်သည်။

## ၂။ ကွန်မြူနစ်များ၏စိန်ခေါ်မှု

ကွန်မြူနစ်များသည် ခရစ်ယာန်ကျမ်းစာကိုအသုံးချပြီး ဝါဒဖြန့်နေကြသည်။ ကွန်မြူနစ်ဝါဒဖြန့်ချိရာတွင် ခရစ်ယာန်ဓမ္မကျမ်းကို အဓိကလက်စွဲကျမ်းအဖြစ်အသုံးပြုကြသည်။ ဥပမာ၊ ဆိုဗီယက်ကွန်မြူ နစ်များ၊ နာဇီဟစ်တလာတို့သည် ဓမ္မသစ်သာသနာပြုနည်းဖြင့် ဝါဒဖြန့်ချိကြပါသည်။ ကနဦးအသင်းတော်များ၏ကိုယ်ပိုင်သာသနာပြုနည်းကိုအသုံးပြုပြီး ဝါဒဖြန့်ချိကြရာ၊ ကွန်မြူနစ်တို့၏နှစ်ပေါင်း(၃၀)အတွင်းလုပ်ဆောင်မှုသည်၊ ခရစ်ယာန်တို့၏နှစ်တစ်ရာအတွင်းသာသနာလုပ်ငန်းဆောင်ရွက်မှုထက်သာ၍ အောင်မြင်စွာဝါဒဖြန့်ချိနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ အဘယ်ကြောင့်နည်း။ ကွန်မြူနစ်ပါတီဝင်တိုင်းသည် ဝါဒဖြန့်ချိရေးလုပ်ငန်းတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ကြသောကြောင့် ဖြစ်သည်။

ခရစ်ယာန်များသည် ငွေကုန်ကြေးကျများစွာဖြင့် ကြီးမားသော တရားဟောပြောပွဲကြီးများကိုကျင်းပကြသည်။ အလွန်တရားဟောကောင်းသောဆရာများကို လက်ဆောင်များစွာပေးပြီး ဖိတ်ခေါ်ကာ တရားဒေသနာများ ဟောစေခဲ့ကြသည်။ ကြော်ငြာစာများ အမျိုးမျိုး



ဖြန့်ဝေပြီး လူများစွာပါဝင်လာအောင်ဆွဲဆောင်ကြသည်။ လူပေါင်းထောင်သောင်းမက တရားဒေသနာကိုနားထောင်စေကြသည်။ ထောင်နှင့်သောင်းနှင့်ချီသောလူအုပ်ကြီးကို တရားဟောဆရာတစ်ဦး၊ နှစ်ဦးဖြင့် သတင်းကောင်းဟောပြောစေကြသည်။ ထို့ကြောင့် ထိရောက်သင့်သလောက် မထိရောက်ပါ။ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဖြစ်နေသည်ကို သတိပြုစေလိုသည်။ နှစ်ပေါင်းရာနှင့်ချီပြီး ကြာမြင့်ပြီဖြစ်သော ထိုတရားပွဲကြီးများကိုလေ့လာသုံးသပ်သည့်အခါ၊ ပုံမှန်အားဖြင့် ထိုတရားပွဲသို့ တက်ရောက်လာကြသောသူအားလုံး၏ (၉၀)ရာခိုင်နှုန်းသည် ယုံကြည်ပြီးသား ခရစ်ယာန်များသာဖြစ်ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆရာကြီး Paul Fleming က၊ "လူတစ်ရာတွင် လူ(၉၀)၌ ဖုန်စုတ်စက်ရှိပြီးသားဖြစ်သည်ဆိုပါစို့။ ထိုသူတို့အား ဖုန်စုတ်စက်သွားရောက်ရောင်းချသည်နှင့်တူနေပါသည်" ဟု ကောက်နုတ်ချက်ချခဲ့ပါသည်။ မှန်ပါသည်။ ညစဉ်ညတိုင်း တရားဒေသနာ လာရောက်နားထောင်သူများသည် ခရစ်ယာန်များသာလျှင်ဖြစ်ကြပါသည်။ အားလုံးလူသစ်များ မဟုတ်ကြပါ။ ထို့ကြောင့်၊ ကယ်တင်ခြင်းဧဝံဂေလိသတင်းကောင်းကို လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြား၊ ဈေးဆိုင်များ၊ အလုပ်ရုံများတွင် တစ်ဦးချင်းတစ်ယောက်ချင်းဟောပြောသက်သေခံရန် လိုအပ်ပါသည်။

## ၃။ ကနဦးအသင်းတော်၏စိန်ခေါ်မှု

မယုံကြည်သူများအား ဘုရားကျောင်းများ၊ ဟောပြောပွဲများတွင် ဖိတ်ကြားခြင်းသည် ထိရောက်မှုအလွန်နည်းသောနည်းစနစ်ဖြစ်သည်။ ထို့ထက်ပိုမိုထိရောက်သောနည်းလမ်းကိုအသုံးပြုသင့်သည်။ အထိရောက်ဆုံးသောနည်းစနစ်မှာ လူတွေရှိသောနေရာ၊ လမ်းများတွင်သွားရောက်ကာ တစ်ဦးချင်းဟောပြောသက်သေခံခြင်းဖြစ်သည်။

တမန်တော်များသည် မိုးကောင်းကင်ပြာကြီးအောက်တွင် နေရာတိုင်းသို့သွားရောက်ဟောပြောသက်သေခံခဲ့ကြသည်။ သခင်ယေရှုသည်လည်း ငါးဖမ်းလှေကိုတရားဟောစဉ်အဖြစ်အသုံးပြုပြီး ဟောပြောတော်မူခဲ့သည်။ ရှင်ပေတရုတို့ညီအကိုနှင့်ရှင်ယောဟန်တို့သည် တံငါလုပ်ငန်း

ခွင့်၌ရှိစဉ်ခေါ်တော်မူခြင်းခံကြသည်။ ရှင်မဿဲသည် ရုံးတွင်ထိုင်နေစဉ် ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။ ရှင်ပေါလုသည်လည်း အေသင်မြို့ရှိဂရိဒဿန ပညာရှင်များနှင့် မာရ်တောင်ကုန်းနှင့်နတ်စင်နတ်နန်းများတွင် ဧဝံဂေလိ ဟောပြောခဲ့သည်။ ဖိလိပ္ပုသည် အီသီယိုးပီးယားအမတ်ကြီးအား လမ်းပေါ်တွင်ပင် ဟောပြောအောင်မြင်ခဲ့သည်။ အမေရိကန်တရားဟောဆရာကြီး D. L. Moody သည်လည်း ရှူးဖိနပ်ဆိုင်တွင်ပင် ပြောင်းလဲလာခဲ့သူဖြစ်သည်။ John Wesley သည် သင်္ချိုင်းကုန်းရှိ ဖခင်၏အုပ်ဂူပေါ်တွင် တရားဟောပြောခဲ့သည်။

ရဲအရာရှိကြီးဘဝမှ၊ ဧဝံဂေလိတရားဟောဆရာဘဝသို့ကူးပြောင်းခဲ့သူ Sergeant Wheeler သည် အင်္ဂလန်တွင်အကြီးမားဆုံးသောဧဝံဂေလိဆရာအဖြစ်အသိအမှတ်ပြုခြင်းခံရသူဖြစ်သည်။ သူသည်မည်သည့်အခါမျှ ဘုရားကျောင်း၊ ခန်းမဆောင်များနှင့်အားကစားကွင်းများတွင် တရားဟောပြောလေ့မရှိပါ။ သူ၏ပြောင်မြောက်သောအဆိုတစ်ခုမှာအောက်ပါအတိုင်းဖြစ်သည်။ "တစ်ချို့တရားဟောဆရာများနဲ့ ဧဝံဂေလိဆရာများဟာ ဘာကြောင့် ငါးရှိတဲ့နေရာကိုမသွားချင်ကြသလဲဆိုတာကို ကျွန်တော်စဉ်းစားလို့မရဘူးဗျ။ အမှန်တော့၊ ကျွန်တော်တို့ရဲ့တာဝန်ဟာ ငါးတွေ ကိုယ့်ဆီလာတာကိုစောင့်နေဖို့မဟုတ်ဘဲ၊ ငါးရှိတဲ့နေရာကိုသွားပြီး ဖမ်းရမှာဖြစ်တယ်ဗျ။"

ရှေးခေတ် သာသနာပြုနည်းဖြစ်သော ကိုယ်ပိုင်သာသနာပြုခြင်းကို မည်သည့်အခါမျှ လူထုတရားပွဲကြီးနှင့်အစားထိုး၍ရမည်မဟုတ်ပါ။ "နေမင်းကြီးလည်း သူ့အဆင်းနဲ့ သူ့အလင်းနဲ့၊ ဖရောင်းတိုင်ငယ်လည်း သူ့အဆင်းနဲ့အလင်းနဲ့' ဆိုသကဲ့သို့၊ တရားဟောပြောပွဲနှင့် အချိန်ပြည့်အမှုတော်ဆောင်ဓမ္မဆရာများကိုသာအားကိုးခြင်းမဟုတ်ဘဲ၊ ကိုယ်တိုင်တောထွက်ဧဝံဂေလိတရားဟောပြောသက်သေခံရန်လိုအပ်ပါသည်။ "လက်ဖြင့်ခူးသောပန်းသီးသည် စက်ဖြင့်ခူးသောပန်းသီးထက်" အမြဲသာလွန်ပါသည်။ ခရစ်ယာန်တိုင်း ဧဝံဂေလိဟောပြောကြပါစို့။



အခန်း(၃)

## သာသနာပြုခြင်း၏ကြန်အင်လက္ခဏာ

### ၁။ ခရစ်တော်၏သံတမန်ရာထူး

"ထိုကြောင့် ငါတို့သည် **ခရစ်တော်၏သံတမန်** ဖြစ်ကြ၏။ သင်တို့ သည်ရန်ငြိမ်း၍ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြလော့ဟု ဘုရား သခင်သည် ငါတို့အားဖြင့်နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍ သင်တို့ကိုတောင်းပန်သွေးဆောင်ကြ၏။" (၂ကော ၅း၂၀)။

"ခရစ်တော်၏သံတမန်" ဆိုသည်မှာ အလွန်ကြီးမားသောရာထူးဂုဏ်ထူးဖြစ်သည်။ "သံတမန်" ဟူသောဝေါဟာရစကားလုံးသည် ရောမဧကရာဇ်မင်းကြီး၏ ကိုယ်စားလှယ်အဖြစ်၊ နိုင်ငံခြားတွင်သွားရောက်သူများကိုခေါ်သောစကားလုံးဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူ၊ အထူးသဖြင့် သာသနာပြုသူများသည် ဘုရင်တကာတို့၏ဘုရင်မင်းကြီးဖြစ်သော သခင်ယေရှုခရစ်တော်၏သံတမန်များဖြစ်ကြသည်ဟုဆိုလိုပါသည်။

### ၂။ သာသနာပြု၏တာဝန်ဝတ္တရား

"[၁၉] အလွန်နှိမ့်ချသောစိတ်ရှိလျက်၊ မျက်ရည်ကျလျက်၊ ယုဒလူတို့၏ မကောင်းသောအကြံအားဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကိုခံလျက်၊ သခင်ဘုရား၏အမှုတော်ကို ငါဆောင်ရွက်သည်အကြောင်းအရာကို သင်တို့သိကြ၏။ [၂၀] သင်တို့အကျိုးပြုစုရာတစ်စုံတစ်ခုကိုမျှ ငါမထိမ်ဝှက်။ လူစုဝေးရာ၌၄င်း၊ အိမ်များ၌၄င်း၊ သင်တို့အားဟောပြော၍ ဆုံးမသြဝါဒပေးသဖြင့်၊ [၂၁] ဘုရားသခင်၏ရှေ့တော်၌ နောင်တရခြင်းတရားကို၄င်း၊ ငါတို့ သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းတရားကို၄င်း၊ ယုဒလူ၊ ဟေလသလူတို့အား သက်သေခံသည်အကြောင်းအရာကို သင်တို့ သိကြ၏။" (တမန် ၂၀း၁၉–၂၁)

"ငါသည် ဧဝံဂေလိတရားကို ဟောရုံပြုလျှင် ဝါကြွားခြင်းအကြောင်းမရှိသေး။ အကြောင်းမူကား၊ ငါမဟောဘဲမနေနိုင်၊ ငါမဟောဘဲနေလျှင် အင်္ဂလာရှိ၏။" (၁ကော ၉း၁၆)

ကယ်တင်ခြင်းရပြီးနောက် သူတစ်ပါးအားကယ်တင်ခြင်းသတင်းကောင်းဟောပြောသက်သေခံရန်ဆန္ဒမရှိသူသည် ဟန်ဆောင်ခရစ်ယာန်များသာဖြစ်သည်။ အကြောင်းမှာ သတင်းကောင်းဝေငှရန်စိတ်ဆန္ဒမရှိသူသည် ကိုယ်တိုင်ကယ်တင်ခြင်းမရသောသူသာဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်၊ ကယ်တင်ခြင်းရပြီးသောသူသည် သခင်ယေရှုခရစ်၏ချစ်ခြင်းမေတ္တာတော်က အတင်းနှိုးဆော်တိုက်တွန်းသောကြောင့်ဖြစ်ပါသည်။ သမ္မာကျမ်းစာကိုကြည့်ပါ။

"[၁၄] အကြောင်းမူကား၊ တစ်ယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့်အသေခံသည်မှန်လျှင်၊ [၁၅] လူအပေါင်းတို့သည်သေလျက်နေကြသည်ဟူ၍၎င်း၊ အသက်ရှင်သောသူတို့သည် တစ်ဖန်ကိုယ်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှ ပြန်ရှင်တော်မူသောသူ၏အလိုသို့လိုက်၍ရှင်စေမည်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့် အသေခံတော်မူသည်ဟူ၍၎င်း၊ ငါတို့သည် သဘောထားလျက်၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကိုအနိုင်အထက်သွေးဆောင်၏။" (၂ကော ၅း၁၄–၁၅)

သွေးသားဇာတိအားဖြင့်မွေးသောကလေးသည် မွေးပြီးသည်နှင့်တပြိုင်နက်အောင်ငိုကြသလို၊ ဝိညာဉ်တော်၏အသစ်မွေးဖွားခြင်းခံရသောလူသစ်သည်လည်း မွေးပြီးသည်နှင့်တပြိုင်နက် ဧဝံဂေလိသတင်းကောင်းကို ဟောပြောကြပါသည်။

## ၃။ သာသနာပြု၏လုပ်ငန်း

တမန်တော်ဝတ္ထု(၂၆း၁၈)တွင် သာသနာပြုသူ၏လုပ်ငန်းကို စုစည်းဖော်ပြထားသည်။

"တပါးအမျိုးသားတို့သည် မှောင်မိုက်မှအလင်းသို့ကူးပြောင်း၍၊



စာတန်၏အာဏာထဲမှ ဘုရားသခင့်အထံတော်သို့ပြောင်းလဲစေသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကိုခံရမည်အကြောင်းနှင့်၊ ငါ့ကိုယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ရောက်သောသူတို့နှင့်ဆက်ဆံ၍အမွေခံရမည်အကြောင်း၊ သူတို့၏မျက်စိကိုဖွင့်စေခြင်းငှါ သူတို့ဆီသို့သင့်ကို ငါစေလွှတ်မည်ဟုမိန့်တော်မူ၏။" (တ ၂၆း၁၈)

သာသနာပြု၏လုပ်ငန်းစဉ်သည်၊

(၁) မှောင်မိုက်မှအလင်းသို့ပို့ဆောင်ရန်၊
(၂) စာတန်၏အာဏာထဲမှဘုရားသခင်ထံပြောင်းလဲရန်၊
(၃) သူတို့၏မျက်စိကိုဖွင့်ရန် စသည်တို့ဖြစ်ကြသည်။

မယုံကြည်သူသည် အဝိဇ္ဇာအမှောင်ဖုံးလွှမ်းခြင်းခံနေရသောသူဖြစ်သည်။ တစ်နည်းအားဖြင့် အပြစ်တွင်သေနေသောသူဖြစ်သည်။ ဝိညာဉ်ရေးရာသေနေသောသူကို ဝိညာဉ်ပြန်လည်ရှင်သန်အောင် ဘုရားသခင်ကသာလျှင်တတ်စွမ်းနိုင်ပါသည်။ အပြစ်မှနောင်တရ၍ ဘုရားသခင်ခံတော်သို့ တိုးဝင်ချဉ်းကပ်ခြင်းသည် ဝိညာဉ်တော်၏အမှုတော်ဖြစ်သည်။

"[၁-၂] သင်တို့သည် အထက်ကလောကီတရားသို့လိုက်၍ အာကာသကောင်းကင်၏တန်ခိုးကို အစိုးရသောမင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ပြုပြင်သောဝိညာဉ်၏အလိုနှင့်အညီ၊ ဒုစရိုက်အပြစ်တို့၌ကျင်လည်ကြ၍၊ ထိုဒုစရိုက်အပြစ်၌သေလျက်ရှိနေသောသင်တို့ကိုပင် ဘုရားသခင်သည်အသက်ရှင်စေတော်မူပြီ။" (ဧ ၂း၁–၂)

"ထိုသူတို့သည် ဉာဏ်အလင်းကွယ်သည်ဖြစ်၍ စိတ်နှလုံးမိုက်မဲသောအားဖြင့် အလျှင်းမသိသောကြောင့်၊ ဘုရားသခင်၏အသက်နှင့်ကွာရှင်းလျက်ရှိကြ၏။" (ဧ ၄း၁၈)

သာသနာပြု၏လုပ်ငန်းသည် ဧဝံဂေလိတရားမျိုးစေ့ကြဲရန်သာဖြစ်သည်။ အပင်ပေါက်ခြင်း၊ ရှင်သန်ကြီးထွားခြင်းအမှုသည် ဘုရားသခင်၏အမှုသာဖြစ်သည်။

“၆ ငါသည်စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသောသူဖြစ်၏။ အပင်ကိုကြီးပွားစေသောသူကား၊ ဘုရားသခင်ပေတည်း။ ၇ စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်းသောသူလည်း မတတ်နိုင်။ ကြီးပွားစေတော်မူသောဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏။ ၈ သို့သော်လည်း၊ စိုက်ပျိုးသောသူနှင့်ရေလောင်းသောသူသည် တစ်လုံးတဝတည်းဖြစ်၍ အသီးအသီးမိမိလုပ်သည်အတိုင်း မိမိအကျိုးကိုခံရလိမ့်မည်။” (၁ကော ၃း၆–၇)

## ၄။ သာသနာပြု၏ဒေသနာ

သာသနာပြု၏အဓိကတရားဒေသနာသည် “သတင်းကောင်း” ဖြစ်သည်။ ဂရိဘာသာစကားဖြင့် သတင်းကောင်းကို *euaggelion* ဟုခေါ်ပြီး၊ “အလွန်ဝမ်းမြောက်ဖွယ်သတင်းကောင်း” ဟုဆိုလိုသည်။ ကောင်းကင်တမန်များက ခရစ်တော်မွေးဖွားခြင်းကို သိုးထိန်းတို့အား ကြွေးကြော်သောအခါ၊ အောက်ပါအတိုင်းတွေ့ရသည်။

“၁၀ ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် **အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်းကို** ငါသည် သင့်တို့အားကြားပြောရ၏။ ၁၁ ယနေ့တွင်ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလို့ငှါ ဖွားမြင်ခြင်းကိုခံတော်မူပြီ။” (လု ၂း၁၀–၁၁)

ဆရာကြီး Dr. Archibald Brown က သာသနာပြုများအား မှာကြားသည့်အချက်များသည် နှလုံးသွင်းရန်အလွန်ကောင်းပါသည်။

ဧဝံဂေလိသတင်းကောင်းသည်....

(၁) အစစ်အမှန်တရားဖြစ်၍ ရိုးသားဖြူစင်စွာဟောပါ။
(၂) ဝမ်းမြောက်ဖွယ်တရားဖြစ်၍ တက်ကြွစွာဟောပါ။
(၃) ခိုင်လုံသောတရားဖြစ်၍ သစ္စာရှိစွာဟောပါ။
(၄) အနန္တတရားဖြစ်၍ စိတ်အားထက်သန်စွာဟောပါ။
(၅) အနန္တမေတ္တာဖြစ်၍ ခံစားချက်ဖြင့်ဟောပါ။



(၆) သိမ်မွေ့နက်နဲသဖြင့် ဥပမာများဖြင့်ဟောပါ။
(၇) ပုဂ္ဂိုလ်အကြောင်းဖြစ်၍ ယေရှုခရစ်တော်ကိုဟောပါ။

## ၅။သာသနာပြုသူ၏အရည်အချင်း

**(၁) သာသနာပြုသူသည် ကိုယ်တိုင်ကယ်တင်ခြင်းစိတ်ချရမည်။**

“ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူတို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟုသိစေခြင်းငှါ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။” (၁ယော ၅း၁၃)

တရားဟောသူသည် ကိုယ်တိုင်မသေချာမရေရာဖြစ်၍မရပါ။ မိမိတွင်မရှိသောအရာကို သူတစ်ပါးအားပေး၍မရပါ။ သာသနာပြုသူသည် ကိုယ်တိုင်အသစ်မွေးခြင်းခံရသူဖြစ်ရမည်။

“လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့ သည် အသစ်ဖြစ်ကြပြီ။” (၂ကော ၅း၁၇)

**(၂) သာသနာပြုသူသည် သန့်ရှင်းစင်ကြယ်စွာအသက်ရှင်ရမည်။**

လူ့သဘာဝအားဖြင့် ဟောပြောသောတရားဒေသနာထက် ဟောပြောသူ၏ကိုယ်ကျင့်တရားကို အဓိကမြင်တတ်ကြသည်။ ဓမ္မဟောင်းကျမ်းတွင် အာရုန်မျိုးနွယ်မှဆင်းသက်သော်လည်း ယဇ်ပရောဟိတ်များလိုက်နာကျင့်သုံးရမည့် သီလ(၁၄၀)ပါးကို မစောင့်ထိန်းနိုင်လျှင် ဗိမာန်တော်တွင်အမှုဆောင်ခွင့်မပြုပါ။ အကြမ်းအားဖြင့် သီလ(၂၀)ပါးကို စောင့်ရှောက်နိုင်မှသာလျှင် ယဇ်ပူဇော်ခြင်းကိုဦးဆောင်နိုင်သည်။

“သို့ဖြစ်၍၊ အထက်ဆိုခဲ့ပြီးသောအကျင့်တို့ကိုပယ်၍၊ မိမိကိုစင်ကြယ်စေသောသူမည်သည်ကား၊ အသရေရှိသောတန်ဆာ၊ သန့်ရှင်း၍

အိမ်ရှင်သုံးစရာကောင်းသောတန်ဆာ၊ ကောင်းသောအမှုများအဖို့အလိုငှါ ပြင်ဆင်သောတန်ဆာဖြစ်လိမ့်မည်။” (၂တိ ၂း၂၁)

သာသနာပြုသူသည် လောကီရေးရာတွင် ရောနှောရှုတ်ထွေးသူမဟုတ်ဘဲ၊ ယင်းတို့နှင့်ကင်းရှင်းသောသူဖြစ်ရမည်။

“[၃] ထိုသို့အလိုငှါ သင်သည် ခရစ်တော်၌ကောင်းသောစစ်သူရဲကဲ့သို့၊ ဆင်းရဲဒုက္ခကိုသည်းခံလော့။ [၄] စစ်သူရဲမည်သည်ကား၊ မိမိကို စစ်သူရဲအရာ၌ခန့်ထားသူကိုနှစ်သက်စေခြင်းငှါ၊ လောကီမှုရေးနှင့်ပြွန်းနှောရှုတ်ထွေးခြင်းကိုပယ်ရှားတတ်၏။” (၂တိ ၂း၃–၄)

## (၃) သာသနာပြုသူသည် ဝိညာဉ်ပျောက်များကို နှမြောရမည်။

“ငါ၏လူမျိုး သတို့သမီးနှင့်ဆိုင်သောအသေကောင်များအတွက်၊ ငါသည် နေ့ညဉ့်မပြတ်ငိုရမည်အကြောင်း၊ ငါ့ဦးခေါင်းသည် ရေသက်သက်၊ ငါ့မျက်စိတို့သည် မျက်ရည်ထွက်သောစမ်းဖြစ်ပါစေသော။” (ယေ ၉း၁)

ဆရာကြီး John Smith ၏အတ္ထုပ္ပတ္တိတွင် ဤသို့မှတ်တမ်းတင်ထားသည်။ “သူမျှော်မှန်းထားသော လူဦးရေမပြည့်လျှင် နေ့ရောညရော ဒူးထောက်ငိုကြွေးပြီးဆုတောင်းသည်။ သူ၏ဆောင်ပုဒ်မှာ၊ ‘ယုံကြည်သူအသစ်ပေးပါ၊ သို့မဟုတ် ကျွန်ုပ်သေပါရစေ’ ဟူ၍ဖြစ်သည်။”

ထိုနည်းတူစွာ၊ John Knox သည်လည်း ညသန်းခေါင်ယံတွင် သူ၏ဥယျာဉ်တွင် အောက်ပါအတိုင်းဆုတောင်းခဲ့သည်။

“အိုအဖဘုရား၊ စကော့လန်နိုင်ငံကို အကျွန်ုပ်အားပေးတော်မူပါ။ သို့မဟုတ် အကျွန်ုပ်သေပါရစေ။”

## (၄) သာသနာပြုသူသည် ဝိညာဉ်သိုင်းပညာကျွမ်းကျင်ရမည်။

သမ္မာကျမ်းစာ၏အနှစ်ချုပ်ကိုနားလည်သောသူဖြစ်ရမည်။ သူ၏



အဓိကဓားလက်နက်သည် သမ္မာကျမ်းစာဖြစ်သောကြောင့် အဖက်ဖက်မှ နောကြေနေသူဖြစ်ရမည်။

“[၁၇] ကယ်တင်ခြင်းတည်းဟူသောသံခမောက်ကိုငှင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ဓားကိုငှင်း ယူကြလော့။” (ဧ ၆း၁၇)

“[၁၅] သင်မူကား၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ ဘုရားသခင်၏အသိအမှတ်ပြုခြင်းကိုခံယူသူအဖြစ် မိမိကိုယ်ကိုဆက်သခြင်းငှါ အကောင်းဆုံးကြိုးစားအားထုတ်လော့။” (၂တိ ၂း၁၅)

## (၅) သာသနာပြုသူသည် တိကျသောဒေသနာကို ဟောရမည်။

မှန်းဆပြောဆိုခြင်းမဟုတ်ဘဲ၊ တိကျစွာချိန်၍ပစ်မှတ်ကိုမှန်အောင်ပစ်တတ်သူ၊ ဂိုးကိုမှန်အောင်သွင်းတတ်သူဖြစ်ရမည်။ ထိုကြောင့်၊ ခရစ်ယာန်ကျမ်းစာနှင့်သီဩလော်ဂျီနှင့်သာသနာအကြောင်း ကောင်းစွာနားလည်သူဖြစ်ရန်လိုအပ်သည်။

## (၆) သာသနာပြုသူသည် ဝိညာဉ်အတွက် တိုက်ပွဲဝင်ရမည်။

စာတန်သည် နည်းမျိုးစုံဖြင့် အနှောက်အယှက်ပေးမည်ဖြစ်သည်။ ဣသရေလတို့ကိုအမျိုးမျိုးတားဆီးနေသော ဖါရောဘုရင်သည် စာတန်၏ပုံသဏ္ဌာန်ဖြစ်သည်။ မည်သို့ပင်ဖွဲကြီးစွာနှောင့်ယှက်ဖျက်ဆီးသော်လည်း နောက်ဆုံးတွင် ဘုရားသခင်၏တန်းခိုးတော်သာလျှင်အောင်ပန်းဆင်ခဲ့သည်။ ထိုနည်းတူစွာ၊ သာသနာပြုသည် မောရှေကဲ့သို့စိတ်ဓာတ်ခိုင်မာစွာဖြင့် နောက်မဆုတ်တမ်း၊ ရှေ့သို့ချီတက်ရန်လိုသည်။

“ဖြောင့်မတ်သောသူ သီးသောအသီးသည် အသက်ပင်အသီးဖြစ်၏။ သူတစ်ပါးတို့၏စိတ်ဝိညာဉ်ကိုရသောသူသည် ပညာရှိဖြစ်၏” (သု ၁၁း၃၀)။

အထက်ကျမ်းပိုဒ်တွင် အသုံးပြုထားသော "ဝိညာဉ်ကိုရသောသူ" သည် စစ်တပ်သုံးစကားဖြစ်သည်။ သူတစ်ပါးနိုင်ငံကို ဝိုင်းရံပိတ်ဆို့ပြီး အားလုံးကို သိမ်းပိုက်သည့်အခါတွင် သုံးသောစကားစုဖြစ်သည်။ ထို့ကြောင့် လူတစ်ဦး၏ဝိညာဉ်ကို ကယ်ဆယ်ရာတွင် သူ့ကိုချည်နှောင်ထားသော အပြစ်တရားကိုပါမကျန် တွန်းလှန်အောင်ခြင်းကိုဆိုလိုသည်။

**(၇) သာသနာပြုသူသည် သူတစ်ပါးအတွက်အသက်ပေးရမည်။**

ဝိညာဉ်ကယ်ဆယ်ရေးသည် ပေးဆပ်စွန့်စားရသောလုပ်ငန်းဖြစ်သည်။ ဝိညာဉ်တစ်ခုရရှိရန် မိမိအသက်ကိုပင်ပေးဆက်ဝံ့သူဖြစ်ရမည်။ သခင်ယေရှုနှင့်ပတ်သက်ပြီး ယဇ်ပရောဟိတ်မင်းကြီးကာယဖပြောသော စကားသည် အလွန်မှန်ပေသည်။

"ယုဒလူမျိုးအကုန်အစင်ပျက်စီးသည်ထက်၊ လူတစ်ယောက် သည် လူများတို့အတွက်သေသော်သာ၍ကောင်းသည်ကို သင်တို့ မဆင်ခြင်ပါတကား...။" (ယော ၁၁း၅၀)

ခရစ်တော်သည် လူသားများအတွက်အသေခံတော်မူခဲ့သည်။ ထိုသခင်ထံမှလာသောချစ်ခြင်းမေတ္တာ၊ ဝိညာဉ်ပျောက်ကိုချစ်သည့်မေတ္တာ လိုအပ်ပါသည်။



## သာသနာပြုနည်းဗျူဟာများ

### ဘာကြောင့်ဧဝံဂေလိဟောရန်လိုသနည်း

(၁) **ဘုရားသခင်၏မိန့်မှာချက်ဖြစ်သည်** (God's Command)။

"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" (မာ ၁၆း၁၅)။

"နှုတ်ကပတ်တော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။" (၂တိ ၄း၂)

"ငါသည် ဧဝံဂေလိတရားကိုဟောရုံပြုလျှင် ဝါကြွားခြင်းအကြောင်းမရှိသေး။ အကြောင်းမူကား၊ ငါမဟောဘဲမနေနိုင်၊ ငါ မဟောဘဲနေလျှင် အင်္ဂလာရှိ၏။" (၁ကော ၉း၁၆)

(၂) **ဘုရားပေးအခွင့်အရေးဖြစ်သည်** (Our Privilege)။

"ဧဝံဂေလိတရားကို စောင့်ထိုက်သောသူအဖြစ် ငါတို့ကိုဘုရားသခင်လက်ခံတော်မူသည်နှင့်အညီ၊ လူကိုနှစ်သိမ့်စေဖို့မဟုတ်၊ ငါတို့စိတ်နှလုံးကိုစစ်ကြောသောဘုရားသခင်ကိုနှစ်သိမ့်စေဖို့ ငါတို့ ဟောပြောကြ၏။" (၁သက် ၂း၄)

"သို့ဖြစ်၍ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။" (ရော ၁၀း၁၇)

"ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသောယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟုမိန့်တော်မူ၏။" (တ ၁း၈)

“သင်တို့သည်များစွာသော အသီးကိုသီးသောအားဖြင့်၊ ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။” (ယော ၁၅း၈)

## ကြိုတင်ပြင်ဆင်ရန်အချက်များ

### ၁။ သူတို့အတွက် ကြိုတင်ဆုတောင်းဆက်ကပ်ပါ။

သွားရောက်လည်ပတ်မည့် မိတ်ဆွေနှင့်မိသားစုအတွက် ကြိုတင်ပြီး ဘုရားကျောင်းတွင်ဆုတောင်းထားရမည်။ ဟောပြောသက်သေခံချက်များကို သူတစ်ပါးနားလည်သဘောပေါက်လက်ခံနိုင်ရန်အတွက်၊ သူတို့၏စိတ်နှလုံးသားကို ဘုရားသခင်က ဦးစွာဆွဲဆောင်ဖို့ရန် အထူးဆုတောင်းရမည်။ အပြောအဟောကောင်းသောကြောင့်မဟုတ်၊ ဆွဲဆောင်မှုရှိသောကြောင့်လည်းမဟုတ်၊ ဘုရားသခင်၏အလိုတော်နှင့် တန်ခိုးတော်အားဖြင့်သာလျှင် လူတွေကိုပြောင်းလဲစေနိုင်ပါသည်။

“ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည် သွေးဆောင်တော်မမူလျှင် အဘယ်သူမျှ ငါ့ထံသို့မလာနိုင်။ လာသောသူကို နောက်ဆုံးနေ့၌ ငါပြန်ရှင်စေမည်။” (ယော ၆း၄၄)

### ၂။ မိမိကိုယ်တိုင်အတွက် ဆုတောင်းဆက်ကပ်ပါ။

သွားရောက် ဧဝံဂေလိဟောပြောမည့်သူနှင့်အဖွဲ့အတွက်လည်း အထူးဆက်ကပ်ဆုတောင်းရမည်။ တပည့်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ပြီးမှသာလျှင် ဧဝံဂေလိတရားသက်သေခံထွက်ကြရန်မှာကြားထားသည်အတိုင်းလိုက်နာကာစောင့်နေကြသည်။ ပင်တေကုတ္တေပွဲတွင် သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ပြီးနောက် ပေတရု၏တရားဟောသက်သေခံခြင်းကြောင့် လူပေါင်းသုံးထောင်တစ်ရက်တည်းတွင် ပြောင်းလဲသွားခဲ့ကြသည် (တ ၁း၈၊ ၂း၄၁)။ ဝိညာဉ်တော်လမ်းပြဖို့ ဆုတောင်းရမည်။ ဝိညာဉ်တော်မပါရှိလျှင် အချည်းနှီးသာဖြစ်မည်။



### ၃။ ကျမ်းစာ၊ ဝေစာ၊ စသည်တို့ကို လက်ဆောင်ပေးပါ။

ကျမ်းစာနှင့်ကယ်တင်ခြင်းအကြောင်း ဝေစာများနှင့် အခြားသောလက်ဆောင်ပွန်များပေးကမ်းနိုင်လျှင် သာ၍ထိရောက်မှုရှိပါသည်။ လက်ဆောင်ပေးခြင်းသည် လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမဟုတ်ပါ။ ချစ်ခြင်းမေတ္တာပြသခြင်းဖြစ်သည်။ မြန်မာအဆိုတွင်၊ “မေတ္တာသည် ရောင်ပြန်ဟပ်တတ်သည်” ဟုဆိုထားသည့်အတိုင်း၊ ရောင်ပြန်ဟပ်နိုင်ရန် မိမိတို့က အရင်ဦးစွာ ခရစ်ယာန်တို့၏အကြွင်းမဲ့မေတ္တာကို မြင်သာအောင်ပြသရပါမည်။

### ၄။ တံငါသည် နည်းပညာကို အသုံးချပါ။

ငါးမျှားမည့် တံငါသည်များသည် ပထမဦးဆုံးအနေဖြင့် ငါးကိုကြောက်လန့်အောင်မလုပ်ဘဲ၊ နည်းအမျိုးမျိုးဖြင့် အရင်ဆွဲဆောင်ကြသည်။ ငါးမျှားတံသုံးသင့်သည့်နေရာ၊ ပိုက်ကွန်ချသင့်သည့်နေရာ စသည်ဖြင့် သုံးသပ်ဆုံးဖြတ်ပြီးမှ တစ်ဆင့်စီလုပ်ဆောင်ရသည်။ ထိုနည်းတူ၊ သာသနာပြုသူသည် “လူကိုဖမ်းသောတံငါ” ဖြစ်သောကြောင့်၊ ထိုနည်းဗျူဟာကိုပင် အသုံးချရမည်။ ပထမဦးဆုံးသောခြေလှမ်းသည် နောက်ဆုံးသောပန်းတိုင်အတွက် အရေးကြီးဆုံးဖြစ်သည်။ “အစကောင်းမှအနှောင်းသေချာ” ဟူသောစကားပုံကဲ့သို့ဖြစ်သည်။ သမ္မာကျမ်းစာက စကားပြောချိုသာခြင်း၏အကျိုးကိုဖော်ပြထားသည်။

“[၁၁] လျောက်ပတ်သောစကားသည် ငွေအပြောက်မှာစီခြယ်သော ရွှေရောက်သီးနှင့်တူ၏။ [၁၂] နားထောင်တတ်သောသူကို လျောက်ပတ်စွာဆုံးမတတ်သောသူသည် ရွှေနားတောင်းကဲ့သို့၄င်း၊ ရွှေစင်တန်ဆာကဲ့သို့၄င်းဖြစ်၏။” (သု ၂၅း၁၁-၁၂)

မြန်မာစကားပုံတွင် “ပုဂ္ဂိုလ်ခင်မှတရားမင်” ဟုဆိုထားပါသည်။ မြန်မာတိုင်းရင်းသားများသည် အများအားဖြင့်ခင်မင်တတ်ကြပါသည်။ လူပုဂ္ဂိုလ်ကိုခင်မင်လျှင် ထိုသူ၏အယူအဆ၊ အထင်အမြင်များကိုလည်း လက်ခံရန်မခဲယဉ်းတော့ပါ။ ထို့ကြောင့်၊ ငါးများ၏ရင်းနှီးမှုကိုရှေးဦးစွာ ရယူသင့်သည်။

သာသနပြုရာတွင် မလွဲမသွေလိုက်နာကျင့်သုံးရမည့်နည်းဗျူဟာများကို အောက်တွင် ရှင်းလင်းဖော်ပြထားပါသည်။

### ၁။ မိတ်ဖွဲ့ပါ။ လည်ပတ်ပါ။

မိတ်ဖွဲ့ရာတွင် အိမ်သို့သွားရောက်လည်ပတ်ခြင်းသည် ပထမခြေလှမ်းဖြစ်သည်။ အိမ်လည်ပတ်ခြင်းသည် မိတ်ဖွဲ့ရာတွင်အထိရောက်ဆုံးသောနည်းဗျူဟာတစ်ခုဖြစ်သည်။ ဥပမာအားဖြင့်၊ သခင်ယေရှုသည် အခွန်ခံဇက်ခဲ၏အိမ်သို့ သွားရောက်လည်ပတ်ပြီး၊ တရားဟောတော်မူသောကြောင့် ဇက်ခဲ၏ဘဝပြောင်းလဲသွားခဲ့သည်။

### ၂။ အိမ်တွင်းကျမ်းစာသင်တန်းတွင်ဖိတ်ခေါ်ပါ။

ကနဦးအသင်းတော်သည် ဧဝံဂေလိသာသနာပြုရာတွင် အိမ်ထောင်ဝတ်ပြုခြင်းစနစ်ကို ကျင့်သုံးခဲ့ကြသည်။

"ဗိမာန်တော်၌၄င်း၊ **အိမ်၌၄င်း**၊ နေ့တိုင်းအစဉ်ဆုံးမသွန်သင်လျက်၊ ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျက်နေကြ၏။" (တ ၅း၄၂)

မယုံကြည်သူများအိမ်တွင် အရင်ဦးစွာသွားရောက်လည်ပတ်ရမည်။ ဝိညာဉ်တော်နှင့်ထိတွေ့မှုမရှိမီ ဘုရားကျောင်းသွားခြင်း၊ တရားနာယူခြင်းတို့ကိုစိတ်ဝင်စားဦးမည် မဟုတ်သေးပါ။ ထို့ကြောင့်၊ အိမ်တွင် ဧဝံဂေလိတရား အရင်ဦးစွာပြောဟောရမည်။ ထို့နောက် တဖြည်းဖြည်းနားလည်သဘောပေါက်လာသည့်အခါ အရသာခံစားတတ်လာပြီး၊ ထိုမှဘုရားကျောင်းတက်လိုစိတ် ပေါ်ပေါက်လာမည်ဖြစ်သည်။ ထိုနည်းဖြင့် ဧဝံဂေလိမျိုးစေ့များကို ကြဲနိုင်သလောက်ကြဲလျှင် ကောက်ပဲသီးနှံများစွာပြန်လည်ရိတ်သိမ်းရမည်မှာသေချာပေါက်ဖြစ်ပါသည်။

"အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟုမှတ်ကြလော့။" (၂ကော ၉း၆)



### ၃။ ဝတ်ပြုအစည်းအဝေး (သို့) ဘုရားကျောင်းခေါ်လာပါ။

ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်နှင့် ဘုရားကျောင်းတက်မှသာ တရားဒေသနာကို ပိုမိုပြည့်စုံစွာကြားနာနိုင်မည်။ ဝတ်ပြုအစည်းအဝေးတွင်ဟောပြောသောကယ်တင်ခြင်းတရားကို နားထောင်ခြင်းဖြင့်၊ ဝိညာဉ်တော်တို့ထိမှုခံရသောအခါ ထိုမိတ်ဆွေသည်ပြောင်းလဲသွားမည်ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားကျောင်းသို့ မိတ်ဆွေများများခေါ်လာနိုင်လေလေ၊ ကယ်တင်ခြင်းသတင်းကောင်းကို ဝေမျှခွင့်များများရလေလေဖြစ်မည်။

### ၄။ ဘုရားကျောင်း **Sunday School** သို့ဖိတ်ခေါ်ပါ။

Sunday School ပုံမှန်တက်သောလူငယ်များသည် ယုံကြည်သူခရစ်ယာန်ဖြစ်သွားကြပါသည်။ ထို့ပြင်၊ သူတို့၏ယုံကြည်ချက်လည်း အခြေခံကောင်းပြီး ခိုင်မြဲတတ်ပါသည်။ လူငယ်၊ လူကြီး Sunday School များတွင်၊ ကယ်တင်ခြင်းနှင့် ခရစ်ယာန်အသက်တာအကြောင်းသင်ပေးသောကြောင့် ရင့်ကျက်သောခရစ်ယာန်ဖြစ်လာစေပါသည်။ ထို့ကြောင့်၊ မိတ်ဆွေများ (ကလေး၊လူကြီး) အားလုံးကို Sunday School သို့ဖိတ်ခေါ်နိုင်ရန် အလွန်အရေးကြီးပါသည်။

### ၅။ လိင်တူချင်းဟောပြောလျှင် သာ၍ကောင်းသည်။

လူစိမ်းအမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦး အိမ်ထဲတွင်၄င်း၊ တစ်နေရာရာတွင်၄င်း စကားလက်စုံကျသည့်အခါ ပတ်ဝန်းကျင်ဝေဖန်မှုများရှိတတ်သည်။ အမျိုးသားအပြင်ထွက်သည့်အချိန်ဖြစ်စေ၊ အမျိုးသမီးတစ်ဦးတည်းအိမ်တွင်ရှိသည့်အချိန်မျိုးတွင်ဖြစ်စေ၊ အမျိုးသမီးအချင်းချင်းအတူထိုင်ပြီး စကားပြောမည်ဆိုလျှင်အဆင်ပြေပါသည်။ သို့မဟုတ်၊ မာရ်နတ်စာတန်က အကွက်ကောင်းယူတတ်သည်။ အန္တရာယ်ကိုဝေးဝေးမှရှောင်နိုင်လျှင်အကောင်းဆုံးဖြစ်သည်။

### ၆။ တစ်နေ့တစ်လံ၊ ပုဂံဘယ်ပြေးမလဲ။

တစ်ကြိမ်တွင်တစ်အိမ်တည်း၊ (သို့မဟုတ်) တစ်ဦးတစ်ယောက်

တည်းကိုသာလျှင် အဓိကပစ်မှတ်ထားပြီး ရေရှည်စီမံကိန်းမျိုးဖြင့် ဟောပြောသက်သေခံသင့်ပါသည်။ ဟောပြောသည့်အခါတွင်လည်း၊ ကယ်တင်ခြင်းသတင်းကောင်းအခြေခံ အကြောင်းကိုသာ အဓိကထားပြီး ဟောပြောသွန်သင်ရမည်။ အခြားသီဩလော်ဂျီသဘောတရားများကိုမူ ယုံကြည်လက်ခံပြီးမှသာလျှင် ခရစ်ယာန်အသက်တာအတွက်၊ အသင်းတော်အတွက်၊ သာသနာလုပ်ငန်းအတွက် အလျင်းသင့်သလို၊ ထိရောက်စွာ သင်ကြားပို့ချပေးရမည်ဖြစ်သည်။

### ၇။ အချိန်ရှိခိုက်လုံ့လစိုက်ပြီး ကယ်တင်ခြင်းဟောပြောပါ။

မိတ်ဆွေဖြစ်ပြီးနောက်၊ အချိန်ကုန်အောင်အကြာကြီးစောင့်မနေပါနှင့်။ ဧဝံဂေလိတရားကို ရဲရင့်စွာစတင်ပြောဟောပါ။ အချိန်သည် လူကိုမစောင့်ပါ။ အချိန်ရှိခိုက်လုံ့လစိုက်ကာ ကယ်တင်ခြင်းအကြောင်းကို ဝေငှရန် အခွင့်ကောင်းရသည်နှင့်တစ်ပြိုင်နက် ချက်ချင်းအမိအရအသုံးချပါ။ ထိုသို့ စတင်နိုင်ရန်အတွက်၊ စကားပြောကြသည့်အခါ ကယ်တင်ခြင်းလမ်းကြောင်းထဲဝင်လာအောင် တမင်ဖန်တီးတတ်ရန်လိုပါသည်။

### ၈။ တစ်ဖက်သား၏လိုအပ်ချက်ကို အရင်ရှာပါ။

ဆရာဝန်တစ်ဦးသည် လူနာကိုထိရောက်စွာကုသနိုင်ရန် ရောဂါဇစ်မြစ်ကို စုံစမ်းမေးမြန်းလေ့လာသကဲ့သို့၊ တစ်ဖက်သား၏ဝိညာဉ်ရေးရာနှင့် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို အရင်သိအောင်ကြိုးစားရမည်။ ကြားသိရသောအချက်အလက်များပေါ်တွင် အခြေခံကာ ကယ်တင်ခြင်းအကြောင်းကို မည်သည့်နည်းလမ်းဖြင့် ဝေမျှရမည်ကို စဉ်းစားဆုံးဖြတ်ရမည်။ ထို့ကြောင့်၊ အချက်အလက်များများသိနိုင်ရန် မေးခွန်းများစွာမေးမြန်းပြီး၊ အကွက်ကောင်းရသည်နှင့်တပြိုင်နက် ထိုအချက်ကိုထောက်ပြီး သက်ဆိုင်ရာကျမ်းပိုဒ်များဖြင့် စတင်ဟောပြောရမည်ဖြစ်သည်။

### ၉။ ကောက်ပင်ရိတ်လှဲစကားပြောနည်းကို ကျင့်သုံးပါ။

ကယ်တင်ခြင်းသတင်းကောင်းဝေမျှရန် စကားလမ်းစရှာသည့်အခါ၊ မိမိအကြောင်းကို များစွာမပြောပါနှင့်။ ညီးငွေ့သွားလိမ့်မည်။ လူသည် အတ္တသမားများဖြစ်ကြသောကြောင့် သူတို့အကြောင်းကိုသာများများပြောအောင် မေးခွန်းမေးခြင်း၊ ရင်ဖွင့်အောင်အားပေးခြင်းများပြုလုပ်ပါ။ သူတို့မိသားစု၏အခက်အခဲ၊ ပြဿနာများကိုသိရသည့်အခါဆုတောင်းပေးရမည်။ ပြီးမှ သူတို့တင်ပြသောအိမ်ထောင်ပြဿနာများကိုအခြေခံပြီး၊ အကွက်ဝင်လာသည်နှင့် ကိုက်ညီသောကျမ်းချက်များကိုဖတ်ကြားပေးခြင်း၊ ရှင်းပြပေးခြင်းအားဖြင့် ဧဝံဂေလိတရားကို စတင်ဟောပြောရမည်။ ထိမိစွာဟောပြောနိုင်ရန်အတွက် ကယ်တင်ခြင်းဆိုင်ရာကျမ်းပိုဒ်များနှင့် တင်ပြမည့်အချက်အလက်များကို အဆင်သင့် ပြင်ဆင်ထားပါ။

ရှာမရိအမျိုးသမီး၏ပြောဆိုချက်၊ ခံယူချက်များကိုထောက်ပြီး သခင်ယေရှုဟောပြောခြင်းကြောင့် သူမတစ်ဦးတည်းသာမကဘဲ တစ်ရွာလုံး ယုံကြည်လက်ခံသွားခဲ့ကြသည် (ယော ၄း၇–၄၂)။

### ၁၀။ လိမ္မာပါးနပ်စွာအကွက်ဆင်ပါ။

“အထိမခံ၊ ရွှေပန်းကန်” များကိုသတိထားတတ်ရမည်။ သိမ်မွေ့စွာကိုင်တွယ်တတ်ရမည်။ တစ်ခါ Robert Murray M’Cheyne သည် အမျိုးသမီးတစ်ဦးနှင့်စကားလက်စုံကျရင်း၊ “ကယ်တင်ခြင်းရပြီးလား” ဟုမေးလိုက်ရာ၊ သူက “ကျွန်မဟာ Bishop တစ်ဦးရဲ့သမီးပါ” ဟုပြန်ပြောလိုက်သဖြင့်၊ ချက်ချင်းပင် “အော်၊ ဒီလိုပါ။ ဘုရင်တကာ့ဘုရင်ကြီးရဲ့သမီးမဖြစ်ချင်ဘူးလားလို့မေးမလို့ပါ” ဟုသူ့စကားကိုပြန်ပြင်လိုက်ပါသည်။ မကြာမီ ထိုအမျိုးသမီးထံမှ စာတစ်စောင်ရောက်လာပြီး၊ သူမသည် ဘုရင့်သမီးဖြစ်သွားပြီဖြစ်ကြောင်းသတင်းကောင်းပါးလိုက်ပါတော့သည်။ အဓိကအရေးကြီးသည့်အချက်တစ်ခုမှာ၊ အပြောအဆိုမရိုင်းရန်ပင်ဖြစ်ပါသည်။ မတော်တဆပြောမှားဆိုမှားရှိလျှင် အလျှင်အမြန်ပြုပြင်တတ်ရန်လိုအပ်ပါသည်။

### ၁၁။ စကားလမ်းကြောင်းလွဲချမခံရအောင်သတိထားပါ။

အချို့က ဧဝံဂေလိမဟောနိုင်အောင် လိမ္မာပါးနပ်စွာရှောင်ရှားရန်

ကြိုးစားကြလိမ့်မည်။ ထိုအခါမျိုးတွင် သူတို့၏စကားကြောရှည်ကြီးထဲတွင် မိမိကိုယ်တိုင်မျောပါမသွားရန် သတိထားရမည်။ ရှမာရိအမျိုးသမီးသည် ဂျူးနှင့်ရှမာရိတို့၏ ဘာသာအယူဝါဒခြားနားမှုနှင့် ဝတ်ပြုကိုးကွယ်သည့်နေရာ မတူသည့်အချက်ဘက်သို့ စကားလမ်းကြောင်းလွှဲရန် ကြိုးစားခဲ့သော်လည်း သခင်ယေရှုသည် အငိုက်မိမခံဘဲ မရရအောင် လိုရာသို့ ဆွဲဆောင်ခဲ့သည်။ ထို့ကြောင့်၊ အချို့က စကားလမ်းကြောင်းပြောင်းသွားအောင်ဖြတ်လျှင်လည်း မရရအောင်ပြန်ကောက်ပါ။

## ၁၂။ ဘုရားသခင်ကောင်းမြတ်ခြင်းကိုသက်သေခံပါ။

ရှင်ပေါလုသည် ဧဝံဂေလိဟောပြောသည့်အခါ ဘုရားသခင်ကောင်းမြတ်သည့်အကြောင်းကိုသာ အမြဲတမ်းသက်သေခံကြောင်းတွေ့ရသည်။ ထို့ကြောင့် ရှင်ပေါလုကဲ့သို့ပင်၊ ခရစ်တော်၏ ကယ်တင်ခြင်းသတင်းကောင်းအကြောင်းနှင့် ဘုရားသခင်ကောင်းမြတ်သည့်အကြောင်းကိုသာလျှင် များများသက်သေခံသင့်သည်။ ယင်းနည်းဗျူဟာသည် ပြောမှားဆိုမှားခြင်းမှကင်းလွတ်သည့်အပြင် အလွန်ထိရောက်ပါသည်။

"အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း။" (ဆာ ၁၀၀း၄–၅)

"ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သောသဘောရှိ၍၊ ဖန်ဆင်းတော်မူသမျှတို့ကိုသနားစုံမက်တော်မူ၏" (ဆာ ၁၄၅း၉)။

## ၁၃။ ယဉ်ကျေးသိမ်မွေ့စွာဟောပြောသက်သေခံပါ။

သမ္မာကျမ်းစာက၊ ခရစ်ယာန်များသည် မိမိ၏ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းများကို သူတစ်ပါးအား ယဉ်ကျေးသိမ်မွေ့စွာပြန်လည်ရှင်းပြရန်တိုက်တွန်းထားပါသည်။

"စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မျှော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသူရှိသမျှတို့အား



နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့်ပြန်ပြောခြင်းငှါ၊ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့" (၁ပေ ၃း၁၅) ဟုဆိုထားသည်။

ထို့ကြောင့်၊ နူးညံ့သိမ်မွေ့စွာနှင့်၄င်း၊ ရိုသေလေးစားစွာဖြင့်၄င်း ဟောပြောသက်သေခံရပါမည်။ မြန်မာအဆို "နှုတ်ချို၊ လျှိုတစ်ပါး" ဟုဆိုထားသကဲ့သို့ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုခြင်းဖြင့် သူတစ်ပါးစိတ်ဝင်စားအောင်ဆွဲဆောင်သင့်ပါသည်။

## ၁၄။ နားလည်လွယ်သောရိုးရိုးစကားဖြင့်ဟောပါ။

ဆရာဝန်တစ်ဦးသည် သူ၏လူနာများကိုဆေးပညာစကားဖြင့် ရှင်းပြလျှင် နားလည်ကြလိမ့်မည်မဟုတ်။ ရိုးရိုးစကားနှင့်ပြောမှသာလျှင် နားလည်နိုင်ပြီး၊ အကျိုးရှိမည်ဖြစ်သည်။ ထိုနည်းတူ၊ ဧဝံဂေလိတရားဟောပြောသောအခါ၊ နက်နဲသော သီဩလော်ဂျီစကားကိုမသုံးဘဲ၊ နေ့စဉ်သုံးသည့် ရိုးရိုးစကားဖြင့်ဟောပြောမှသာလျှင် နားလည်သဘောပေါက်ပြီး အကျိုးရှိမည်ဖြစ်သည်။ ဥပမာ၊ "ဒုတိယမွေးခြင်း၊ ဖြောင့်မတ်စေခြင်း၊ စင်ကြယ်စေခြင်း၊ အခြားဘာသာစကား" စသည်တို့သည် ခရစ်ယာန်ဖြစ်ပြီး နောက်ပိုင်းမှရှင်းပြသင့်သည်။

"ထိုနည်းတူ၊ သင်တို့သည် နားလည်လွယ်သောစကားကိုနှုတ်ဖြင့် မမြွက်လျှင် မြွက်သောစကားကို အဘယ်သို့သိနိုင်မည်နည်း။ အာကာသကောင်းကင်ကိုပြောသောသူကဲ့သို့ဖြစ်လိမ့်မည်။" (၁ကော ၁၄း၉)။

## ၁၅။ ဖြူစင်သောချစ်ခြင်းမေတ္တာထားရှိရမည်။

သခင်ယေရှုက အကြီးမားဆုံးသောပညတ်တော်သည် (၁) ဘုရားသခင်ကိုချစ်ခြင်း၊ နှင့် (၂) သူတစ်ပါးကိုချစ်ခြင်းတို့ဖြစ်ကြောင်း အတိအလင်းမိန့်တော်မူခဲ့သည်။

"[၃၇] ယေရှုက၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့၊ [၃၈] ဟူသောပညတ်သည် ပထမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ [၃၉] ထိုမှတစ်ပါးကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယ

ပညတ်သည် ပထမပညတ်နှင့်သဘောတူ၏။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းရှိသမျှတို့၏အချုပ်အခြာပင်ဖြစ်သတည်းဟု မိန့်တော်မူ၏။" (မ ၂၂း၃၇-၃၉)

ထို့ကြောင့် ဧဝံဂေလိမဟောပြောမီ၊ သွားရောက်ချဉ်းကပ်မည့် မိသားစုနှင့်ပတ်သက်ပြီး၊ "ဒီမိသားစုကို ကျွန်တော်၊ ကျွန်မ တကယ်ဘဲ ချစ်ပါသလား။ တကယ်ဘဲ စေတနာရှိသလား" ဟု မိမိကိုယ်ကိုမေးခွန်း အမြဲထုတ်ရမည်။ မျက်စိဖြင့်မြင်တွေ့နိုင်သော လူပုဂ္ဂိုလ်ကိုမချစ်ဘဲ၊ မမြင်နိုင်သည့်သူ၏ဝိညာဉ်ကို မည်သည့်နည်းနှင့်မျှမချစ်နိုင်ကြပါ။ သိထားရမည့်အချက်မှာ၊ "လူကိုမချစ်ဘဲ သူ၏ဝိညာဉ်ကိုမချစ်နိုင်ပါ" ဟူသောအချက်ဖြစ်သည်။ မိမိဧဝံဂေလိဟောပြောမည့်သူကို အမှန်တကယ်ချစ်မှသာလျှင် မိမိဟောပြောသောသတင်းကောင်းသည် ကျေးဇူးတော်ကြောင့် ထိရောက်မှုရှိနိုင်မည်။

"၂၀ တစ်စုံတစ်ယောက်သောသူက၊ ငါသည်ဘုရားသခင်ကိုချစ်၏ ဟုဆိုလျက်ပင် မိမိညီအကိုကိုမုန်းလျှင်၊ ထိုသူသည် မုသာကိုသုံးသောသူ ဖြစ်၏။ မိမိမြင်ရသောမိမိညီအကိုကိုမချစ်လျှင်၊ မမြင်သေးသော ဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း။ ၂၁ ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအကိုကိုချစ်ရမည်ဟူသောပညတ်တော်ကို ခရစ်တော်ထံ၌ ခံရကြပြီ။" (၁ယော ၄း၂၀-၂၁)

## ၁၆။ အပြောနှင့်အလုပ်ညီပါစေ။

"ပါးစပ်ကဘုရားဘုရား၊ လက်ကကိုးယိုးကားယား" မဖြစ်ပါစေနှင့်။ "အပြုအမူသည် ပြောစကားထက်ပိုမိုကျယ်လောင်သည်" ("Action speaks louder than words.")။ လက်တွေ့မပါသောတရားဒေသနာသည် အနှစ်သာရမရှိပါ။ အထူးသဖြင့်၊ မြန်မာလူမျိုးများသည် တရားဒေသနာထက်၊ ဟောပြောသူ၏အသက်တာ၊ ကိုယ်ကျင့်တရားကို အထူးဂရုပြုတတ်ကြပါသည်။ တရားသောသောလူပုဂ္ဂိုလ်ကို ကြည်ညိုလေးစားမှသာလျှင် သူ၏တရားဒေသနာကိုလက်ခံနှလုံးသွင်းလေ့ရှိကြသည်။ ထို့ကြောင့်၊ သခင်ယေရှုက အောက်ပါအတိုင်းမိန့်တော်မူခဲ့သည်။



"၁၄ သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သောမြို့ကို မကွယ်နိုင်။ ၁၅ ဆီမီးထွန်း၍ တောင်းဇလားအောက်၌ ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းငှါ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။ ၁၆ ထိုနည်းတူ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတစ်ပါးရှေ့၌ သင်တို့ အလင်းကိုလင်းစေကြလော့။" (မ ၅း၁၄-၁၆)

'ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည်၊ ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်။" (၁ယော ၂း၆)

## ၁၇။ ကယ်တင်ခြင်းသည် ဝိညာဉ်တော်၏အလုပ်ဖြစ်သည်။

တရားဒေသနာဟောပြောခြင်းသည် လူတို့၏တာဝန်ဖြစ်ပြီး၊ ကယ်တင်ခြင်းလုပ်ငန်းသည် ဝိညာဉ်တော်၏အမှုတော်ဖြစ်သည်။ ထို့ကြောင့်၊ ဧဝံဂေလိဟောပြောပြီးလျှင် ဘုရားသခင်ထံဆုတောင်းပြီး အပ်နှံပါ။ ဧဝံဂေလိတရားကိုချက်ချင်း လက်မခံနိုင်သေးသော်လည်း စိတ်မပျက်သင့်ပါ။

ဆရာကြီး Edward Kimball သည် လူငယ် D. L. Moody ကို ဆုတောင်းပေးပြီးသည့်နောက် ပြောင်းလဲလာလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ သို့သော် နောက်ပိုင်းတွင်၊ D. L. Moody သည် ကမ္ဘာပေါ်တွင်အထင်ရှားဆုံးနှင့်အကျော်ကြားဆုံးသော ဧဝံဂေလိတရားဟောဆရာကြီးတစ်ဦး ဖြစ်ခဲ့သည်ကို မမေ့သင့်ပါ။

## ၁၈။ အတင်းအကြပ်ပြုခြင်း၊ ဖိအားပေးခြင်း မလုပ်ပါနှင့်။

လူကိုပြောင်းလဲစေသောသူသည် ဘုရားသခင်ဖြစ်ကြောင်း အမြဲသတိရပါ။ စိတ်ဆန္ဒဆောပြီး ချက်ချင်းအဖြေတောင်းခြင်းသည် သူတစ်ပါးအား ဖိအားပေးသလိုဖြစ်သောကြောင့် နောက်ထပ်ချဉ်းကပ်ရန် အခွင့်အလမ်းများ ပိတ်သွားစေနိုင်ပါသည်။ အတင်းဖိအားပေးခံရသောကြောင့် နောက်တစ်ဖန်ဧဝံဂေလိတရားကို မကြားချင်၊ လက်မခံချင်သော

သူများ၊ အိမ်သို့လည်ပတ်ခြင်းကိုပင် လက်မခံတော့သူများကြုံတွေ့ကြရသည်။ ထို့ကြောင့်၊ ဆုံးဖြတ်ရန်အတွက်အချိန်ပေးပြီး၊ စိတ်ရှည်ရှည်ဖြင့် ဖွဲ့မလျှော့ဘဲ၊ ဆက်လက်ချဉ်းကပ်ဆုတောင်းပေးရမည်။

### ၁၉။ ကယ်တင်ခြင်းရပြီးလျှင် ကတိသစ္စာပြုရန်သင်ပေးပါ။

“[၉] အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှရှင်ပြန်စေတော်မူပြီဟုစိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ [၁၀] ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ [၁၁] ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။” (ရော ၁၀း၉–၁၁)

သခင်ယေရှုခရစ်တော်သည် မိမိ၏ကယ်တင်ရှင် သခင်အဖြစ် နှုတ်ဖြင့်ဝန်ခံခြင်းနှင့်နှစ်ခြင်းမင်္ဂလာခံယူခြင်းတို့သည် ကယ်တင်ခြင်းအမှန်တကယ်ရရှိကြောင်း သက်သေအထောက်အထားဖြစ်ကြောင်း ရှင်းပြရန်လိုအပ်သည်။

### ၂၀။ ကိုယ်တိုင်ကျမ်းစာဖတ်တတ်အောင် ကျမ်းချက်များရွေးပေးပါ။

ကယ်တင်ခြင်းအတွက် အဓိကကျမ်းပိုဒ်များကိုရွေးချယ်မှတ်သားပေးပါ။ သမ္မာကျမ်းစာသည် သူ၏လက်ကိုင်ဖြစ်ရမည်။

“ထိုကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟုစောင့်ရှောက်ခြင်းအလို့ငှါ ကျမ်းစာကို မဖတ်မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဖတ်ရှုရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။” (ယောရှု ၁း၈)

### ၂၁။ တုန့်ပြန်သူမရှိလျှင်လည်း စိတ်ဓာတ်မကျပါနှင့်။

မျိုးစေ့ကြဲသည့်အခါ အချို့သည် မာကြောသောလမ်းပေါ်တွင်၄င်း၊ ကျောက်ပေါသောမြေတွင်၄င်း၊ ဆူးပင်ကြားတွင်၄င်း၊ ကောင်းသောမြေတွင်၄င်း အသီးသီးကျရောက်ကြသည်ကို မမေ့သင့်ပါ။



မျိုးစေ့ကြဲခြင်းသည် သာသနာပြု၏တာဝန်ဖြစ်ပြီး၊ အပင်ပေါက်ခြင်းနှင့်ကြီးထွားခြင်း၊ အသီးသီးခြင်းတို့သည် ဘုရားသခင်၏ကဏ္ဍဖြစ်ကြောင်းသတိရပါ။

### ၂၂။ ဖွဲ့မလျှော့ပါနှင့်။

ဧဝံဂေလိတရားဟောခြင်းကို လက်မခံသူများ၊ မိတ်ဖွဲ့ခြင်းကိုပင်မလိုလားသူများ၊ ဘုရားကျောင်းတက်ရန်ငြင်းဆန်သူများ၊ သခင်ယေရှုခရစ်တော်ကိုလက်မခံလိုသူများအား စိတ်ရှည်သည်းခံပြီး၊ ဖွဲ့ကြီးစွာဖြင့် အမြဲဖိတ်ခေါ်ဆွဲဆောင်ရမည်။

“နှုတ်ကပတ်တော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။” (၂တိ ၄း၂)

ဆရာကြီးယုဒသန်မြန်မာပြည်ကိုသာသနာပြုစဉ်က၊ နှစ်(၂၀)တွင်လူပေါင်း(၁၀၀)မျှော်လင့်ခဲ့သော်လည်း၊ (၁၈)ယောက်သာရခဲ့သည်။ (၆)နှစ်ကြာမှဦးနောတစ်ဦးတည်းကိုရရှိခဲ့ကြောင်းသတိရပါ။ သူသည် “မြန်မာပြည်တွင် လက်ဝါးကပ်တိုင်ကို အစဉ်ထာဝရအတွက် မစိုက်ထူနိုင်သမျှကာလပတ်လုံး၊ ကျွန်ုပ်အိမ်မပြန်” ဟုအဓိဌာန်ပြုခဲ့သည့်အတိုင်း ယခုမြန်မာပြည်တွင် လက်ဝါးကပ်တိုင်သည် ခိုင်မြဲစွာစိုက်ထူပြီးပြီဖြစ်သည်။ သူကွယ်လွန်ပြီးနှစ်(၃၀)တွင် မြန်မာပြည်တွင် အသင်းတော်(၆၃)ပါး၊ သာသနာပြုဆရာ(၁၆၀)၊ နှစ်ခြင်းခံပြီးခရစ်ယာန်လူဦးရေ(၇၀၀၀၀)ကျော်ရှိခဲ့သည်။ ယုဒသန်ရာပြည့်ပွဲတော်တွင် ခရစ်ယာန်လူဦးရေနှစ်သိန်းကျော်နေပြီဖြစ်ကြောင်းသတိရပါ။

### ၂၃။ လူတန်းစားအမျိုးမျိုးကို သတိပြုပါ။

“လူချင်းတူသော်လည်း အသက်ရှုခြင်းကွဲ၏” ဟူသောစကားပုံအတိုင်း၊ လူတစ်ဦးနှင့်တစ်ဦးမတူညီကြသောကြောင့်၊ မိမိဆက်ဆံနေသောသူ၏စိတ်နေစိတ်ထား၊ ခံယူချက်၊ အတွေးအခေါ်စသည်တို့ကို

သိထားရန်လိုသည်။ လူအမျိုးမျိုးတို့မှာအောက်ပါအတိုင်းဖြစ်သည်။

စိတ်ဝင်စားသော်လည်း အထင်သေး၊ နှိမ်လိုသောသူများ၊
စိတ်ဝင်စားသော်လည်း နိုင်ငံခြားဘာသာအလိုမရှိသူများ၊
စိတ်ဝင်စားသော်လည်း အလေးမထားသူများ၊
စိတ်ဝင်စားသော်လည်း သံသယစိတ်ရှိသူများ၊
စိတ်ဝင်စားသော်လည်း ကယ်တင်ခြင်းလိုအပ်မှုကိုမသိသူများ၊
စိတ်ဝင်စားသော်လည်း စူးစမ်းလိုသေးသောသူများ၊
စိတ်ဝင်စားသော်လည်း ငြင်းခုံလိုသောသူများ၊
စိတ်ဝင်စားသော်လည်း မျှော်လင့်ချက်ကင်းမဲ့နေသူများ၊
စိတ်ဝင်စားသော်လည်း အပြစ်ကိုဝန်မခံလိုသောသူများ၊
စိတ်ဝင်စားသော်လည်း ဘာသာမကူးလိုသောသူများ၊
စိတ်ဝင်စားသော်လည်း မိရိုးဖလာဘာသာကိုမစွန့်လိုသူများ၊
စိတ်ဝင်စားသော်လည်း စာတန်ကြောင့်မျက်ကန်းနေသူများ၊
စိတ်ဝင်စားသော်လည်း မယုံကြည်နိုင်သောသူများ

အထက်ဖော်ပြပါ ပုဂ္ဂိုလ်အမျိုးအစားတို့ကို ဆက်နွယ်ရာတွင် နည်းပရိယာယ်အမျိုးမျိုးသုံးချရန် လိုအပ်ပေမည်။ ဥပမာ၊

(၁) တာရှုမြို့သားရှောလုသည် ဘဝင်မြင့်၊ မာနထောင်လွှားသူဖြစ်သဖြင့် သူ၏မန်ဆွယ်ကိုချိုးပစ်ရန်လိုသည် (တ ၉း၁–၁၉)။

(၂) အဲသယောပိအမတ်သည် ကျမ်းစာကိုနားလည်အောင်ရှင်းပြရန်လိုအပ်သည် (တ ၈း၂၆–၄၀)။

(၃) လုဒိဟူသောအမျိုးသမီးသည် တရားဒေသနာဟောကြားခြင်းလိုအပ်နေသည် (တ ၁၆း၁၄–၁၅)။

(၄) ဖိလိပ္ပိထောင်မှူးသည် သူ၏အယူအဆပြောင်းလဲအောင်ဟောပြောရန်လိုအပ်သည် (တ ၁၆း၂၀–၃၄)။



## ၂၄။ ဧဝံဂေလိတရားကို ကဲ့ရဲ့ဆော်ကားလျှင် ပါးနပ်စွာဖြင့်ရှောင်ကျဉ်ပါ။

သို့သော်၊ ဧဝံဂေလိသတင်းကောင်းတရားကိုစော်ကားမော်ကားပြုပြီး၊ ပြောင်လှောင်သူများကိုမူ လက်လျှော့သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ "စေတနာဆိုသည်မှာ လူတိုင်းနှင့်မတန်" သောကြောင့်ဖြစ်ပါသည်။ သခင်ယေရှုကလည်း၊ စေတနာနှင့်မထိုက်သူများကိုအောက်ပါအတိုင်းသတိတော်မူခဲ့သည်။

"ဖြူစင်သောအရာကို ခွေးတို့အားမပေးကြနှင့်။ ပုလဲရတနာတို့ကိုဝက်တို့ရှေ့မှာမချထားကြနှင့်။ သို့ပြုလျှင် ထိုအရာတို့ကို ကျော်နင်း၍သင်တို့ကိုလှည့်လျက် ကိုက်ဖြတ်ကြလိမ့်မည်။" (မ ၇း၆)

ဧဝံဂေလိသတင်းကောင်းကို နားလည်သဘောပေါက်ခြင်းမရှိသောကြောင့် ငြင်းပယ်သူများကို စိတ်ရှည်သည်းခံပြီး ဆက်လက်ချဉ်းကပ်ရမည်။ သို့သော် နားလည်သယောင်နှင့် မထီမဲ့မြင်ပြုလျှင်မူကား၊ နောက်ဆုတ်၊ စွန့်ခွာသင့်ပါသည်။ အကြောင်းမှာ၊ အခြေအနေကိုစောင့်ကြည့်ချင့်ချိန်တတ်ရန်လိုအပ်ပါသည်။ အချိန်ကောင်း၊ အခွင့်ကောင်းမရဘဲလျက် ဆင်ကန်းတောတိုးပုံစံမျိုးဖြင့် ချဉ်းကပ်ခြင်းသည် အကျိုးမရှိသောကြောင့်ဖြစ်သည်။

"အကြင်သူသည် သင်တို့ကိုလက်မခံ၊ သင်တို့၏စကားကိုနားမထောင်ဘဲနေ၏။ ထိုသူနေသောအိမ်မှ၄င်း၊ မြို့မှ၄င်းထွက်သွားစဉ်၊ သင်တို့၏ခြေဖဝါးမှမြေမှုန့်ကိုခါလိုက်ကြလော့။" (မ ၁၀း၁၄)

တမန်တော်များသည် အမှန်တကယ်ပင် လက်မခံသောသူများ၏အိမ်မှထွက်ခွာသည့်အခါ ခြေဖဝါးတွင်ကပ်ညိနေသောဖုန်မှုန့်များကိုခါချခဲ့ကြကြောင်းကျမ်းစာအထောက်အထားတွေ့ရသည်။

"တမန်တော်တို့သည် မိမိတို့ခြေဖဝါး၌ကပ်သောမြေမှုန့်ကို ထိုသူတို့အားခါလိုက်ပြီးမှ၊ ဣကောနိသို့သွားကြ၏။" (တ ၁၃း၅၁)

## သာသနာပြုများ 'ဆောင်ရန်' နှင့် 'ရှောင်ရန်'

### ရှောင်ရန်ကိစ္စများ

### ၁။ မိမိ၏အောင်မြင်မှုများကိုမပြောပါနှင့်။

မိမိ၏အောင်မြင်မှုများကို သက်သေခံလိုက်ခြင်းအားဖြင့်၊ ဆုံးရှုံးသောသူများကို စိတ်နာအောင်ဆွပေးသလိုဖြစ်ပြီး၊ ဘုရားသခင်သည် သူတို့ကိုမူ မသနား၊ မကူညီချင်သယောင်ထင်သွားကြလိမ့်မည်။ ထို့ပြင်၊ သင့်အပေါ်တွင် မနာလိုဝန်တိုစိတ်ဝင်လာပြီး သင်၏တရားဒေသနာကို နားထောင်လိုစိတ်ပင် ကုန်သွားစေလိမ့်မည်။ ဥပမာ၊ စာမေးပွဲကျသူထံတွင်၊ မိမိစာမေးပွဲအောင်ကြောင်း၊ ဂုဏ်ထူးရကြောင်းသက်သေခံလျှင်၊ သူ့ကိုတမင်စော်ကားရာရောက်သွားနိုင်သည်။ ဒီနှစ်စပါးအထွက်လျော့သူထံတွင် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် စပါးအထွက်ကောင်းကြောင်း သက်သေခံခြင်းမျိုးရှောင်ရမည်။ ထိုသူတို့၏စိတ်ထဲတွင် ဘုရားသခင်သည် မျက်နှာလိုက်သောဘုရားဟု ယူဆသွားကြလိမ့်မည်။

### ၂။ စီးပွားရေးအောင်မြင်ကြောင်း မပြောပါနှင့်။

ဥပမာ၊ ဆင်းရဲနွမ်းပါးသူများထံတွင်၄င်း၊ စီးပွားကျ၍ စိတ်ဓာတ်ကျနေသောသူများထံတွင်၄င်း၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် မိမိ၏စီးပွားရေးအဆင်ပြေကြောင်း၊ ငွေကြေးအမြတ်အစွန်းများစွာရရှိခဲ့ကြောင်းတို့ကို သက်သေခံလိုက်လျှင်၊ ဝါကြွားရာရောက်သည့်အပြင်၊ စီးပွားရေးမပြေလည်သူများအား ပိုမိုစိတ်အားငယ်စေပြီး၊ မိမိဟောပြောသောကယ်တင်ခြင်းသတင်းကောင်းကိုပင် မုန်းတီးဆန့်ကျင်လာနိုင်ပါသည်။ ထို့ကြောင့် မိမိကောင်းချီးခံရသည့်အကြောင်းကို သူတစ်ပါးအား ထိမိ၍လဲစရာမဖြစ်ရအောင် အောင့်အီးမြိုသိပ်ထားသင့်ပါသည်။

### ၃။ မိမိအတွေ့အကြုံကို များများမပြောပါနှင့်။

မိမိ၏သက်သေခံချက်များသည် လိုရင်းတိုရှင်းဖြစ်ရန်လိုသည်။ များလွန်းပါက နားထောင်သူစိတ်ရှုတ်ထွေးသွားနိုင်သည့်အပြင်၊ သူကိုယ်တိုင် ထိုအတွေ့အကြုံများရရှိလိုစိတ်ပေါ်ပေါက်လာပြီး မရရှိပါက



စိတ်ပျက်သွားစေနိုင်ပါသည်။ စဉ်းစားချင့်ချိန်၊ သုံးသပ်တတ်ရန်အလွန်လိုအပ်ပါသည်။

### ၄။ ငြင်းခုန်ခြင်း၊ စကားရည်လုခြင်း မလုပ်ပါနှင့်။

ဘာသာခြားတစ်ဦးကို ငြင်းခုန်ခြင်းဖြင့် မည်သည့်အခါမျှ သူ၏စိတ်ကိုအောင်နိုင်မည်မဟုတ်ပါ။ ငြင်းခုန်ခြင်း၊ စကားရည်လုခြင်းများတွင် အနိုင်ရခြင်းသည် ထိုသူ၏စိတ်နှလုံးနှင့်ပိုမိုဝေးကွာစေပါသည်။ ဖြစ်နိုင်ပါက စကားရည်လုပွဲများတွင်အရှုံးပေးပြီး၊ ဝိညာဉ်ရေးရာတွင် အနိုင်ရအောင်ကြိုးစားပါ။

"[၂၅] ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကိုဝန်ခံခြင်းအလို႔ငှါ၊ နောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူ၍၊ [၂၆] မာရ်နတ်၏အလိုအတိုင်း ဖမ်းမိသောသူတို့သည်သတိရ၍၊ ထိုဖမ်းမိရာမှလွတ်ခြင်းသို့ရောက်ကောင်းရောက်ကြလိမ့်မည်။" (၂တိ ၂း၂၅-၂၆)

### ၅။ သူတစ်ပါးထိမိ၍လဲစရာများကို မလုပ်ပါနှင့်။

"ငါတို့၏သာသနာကို ထိခိုက်ပျက်ပြယ်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှါ **သူတစ်ပါးထိမိ၍လဲစရာ**အကြောင်း တစ်စုံတစ်ခုကိုမျှ ငါတို့မပြု။" (၂ကော ၆း၃)

ဥပမာ။ ။ ရှင်ပေါလုသည် သူတစ်ပါးကိုအစေခံနိုင်ရန်၊ ဧဝံဂေလိတရားကို ထိရောက်စွာဟောပြောနိုင်ရန် စည်းကမ်းချက်များ သတ်မှတ်ပြီး ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးခဲ့ပါသည်။ သူတစ်ပါးအား သခင်ခရစ်တော်ကို ယုံကြည်လက်ခံရန် အဟန့်အတားဖြစ်စေမည့်အရာအားလုံးကို ရှင်ပေါလု စွန့်လွှတ်ခဲ့သည်။

ရှင်ပေါလုသည် အသားကိုစားနိုင်ပါသလော။ စားနိုင်၏။ ထိုသို့ဖြစ်လျှင် အသားကိုစားသလော။ မစားပါ။ အကြောင်းရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

“အမဲသားကိုစားခြင်း၊ စပျစ်ရည်ကိုသောက်ခြင်းကိစ္စမှစ၍၊ ညီအကိုကို **ထိမိ၍လဲစရာ**အကြောင်း၊ **မှားယွင်းစရာ**အကြောင်း၊ **အားနည်းစရာ** အကြောင်းများကို**ရှောင်အပ်၏**။” (ရော ၁၄း၂၁)

“၈ အစားအသောက်အားဖြင့် ဘုရားသခင့်ရှေ့မှာမျက်နှာရသည် မဟုတ်။ အစားကိုသုံးကာမျှဖြင့် မြတ်သည်မဟုတ်။ ရှောင်ကာမျှဖြင့် ယုတ်သည်မဟုတ်။ ၉ သို့သော်လည်း သင်တို့လွတ်လပ်ခွင့်ကို အားနည်းသောသူတို့၌ **ထိမိ၍လဲစရာ**အကြောင်း မဖြစ်စေခြင်းငှါ သတိပြုကြလော့။” (၁ကော ၈း၈–၉)

“သို့ဖြစ်၍ ငါ၏အစားအသောက်ဖြင့် ငါ့ညီအကိုကို မှားယွင်းစေလျှင် ငါ့ညီအကို၌မှားယွင်းစရာအကြောင်းမရှိစေခြင်းငှါ၊ **အမဲသားကို အစဉ်မပြတ် ငါရှောင်မည်**။” (၁ကော ၈း၁၃)

“ငါသည် အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာကိုပြုနိုင်သည်မှန်စေတော့။ ခပ်သိမ်းသောအမှုအရာကို ပြုသင့်သည်မဟုတ်။ အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသောအမှုအရာကို ပြုနိုင်သည်မှန်စေတော့။ ဘယ်အမှုအရာ၌မျှ ငါသည် ကျွန်မခံ။” (၁ကော ၆း၁၂)

ရှင်ပေါလုသည် သူတစ်ပါးအတွက် ထိမိ၍လဲစရာမဖြစ်ရလေအောင်၊ လုပ်နိုင်သော်လည်း လုပ်ချင်သည်ကိုမလုပ်ဘဲ၊ သူတပါးအတွက် အကျိုးရှိမည့် လုပ်သင့်သောအရာများကိုသာ လုပ်ခဲ့ပါသည်။ အပြစ်တရား၏ကျေးကျွန်မဖြစ်ရအောင် အစဉ်အမြဲကြိုးစားအသက်ရှင်ခဲ့သည်။

## ၆။ ပညတ်တရားမှလွတ်မြောက်ပြီးတိုင်း လစ်လျူမရှုရ။

အချို့ယုံကြည်သူများသည် သခင်ယေရှု၏တန်ခိုးတော်ကြောင့် ပညတ်တရား၏ချုပ်နှောင်ခြင်းမှလွတ်မြောက်သွားကြပြီဖြစ်သဖြင့်၊ ထိုပညတ်တရားကို လစ်လျူရှုကာ၊ မိမိကြိုက်သလိုနေကြသည်။ အမှန်မှာ၊ ပညတ်တရားမှလွတ်မြောက်ခြင်းသည် ပညတ်တရားကိုကျူးလွန်နိုင်ရန် အခွင့်ပေးခြင်းမဟုတ်ပါ။ အောက်ပါကျမ်းပိုဒ်ကို လေ့လာကြည့်ပါ။

“၁၅ ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် ပညတ်တရား



လက်၌မရှိ၊ ကျေးဇူးတရားလက်၌ရှိသောကြောင့်၊ ဒုစရိုက်ကိုပြုရမည်လော။ **ထိုသို့မပြုရ။**” (ရော ၆း၁၅)

ပညတ်တရားအတွက်အငြင်းပွားနေမည့်အစား၊ တစ်ဦးနှင့်တစ်ဦးချစ်ခြင်းမေတ္တာပွားများရန်အရေးကြီးကြောင်း အောက်ပါအတိုင်းဖော်ပြထားပါသည်။

“ညီအကိုတို့၊ သင်တို့သည် လွတ်ခြင်းအခွင့်ကိုရသောသူဖြစ်၏။ သို့သော်လည်း၊ ဇာတိပကတိအား အခွင့်ကိုပေး၍၊ ထိုလွတ်ခြင်းကို မသုံးကြနှင့်။ အချင်းချင်းချစ်၍အမှုချင်းကိုဆောင်ရွက်ကြလော့။” (ဂလ ၅း၁၃)

## ၇။ ကျမ်းပိုဒ်များစွာဖြင့် ခေါင်းရှုတ်အောင်မလုပ်ပါနှင့်။

စေတနာပြည့်ဝလွန်းသောကြောင့်၊ မလိုအပ်ဘဲ ကျမ်းပိုဒ်များစွာဖတ်ပြခြင်း၊ ထောက်ပြခြင်းမျိုးရှောင်ကျဉ်ပါ။ ငြီးငွေ့သွားလိမ့်မည်။ ဖြစ်နိုင်ပါက ကျမ်းပိုဒ်တစ်ပိုဒ်၊ နှစ်ပိုဒ်မျှဖြင့် ကောင်းစွာနားလည်သဘောပေါက်အောင်ရှင်းပြပြီး နှလုံးသွင်းမှတ်မိနိုင်အောင်ကြိုးစားပါ။ ဖြစ်နိုင်ပါက သူနှင့်အတူကျမ်းပိုဒ်ကို အသံထွက်ရွတ်ဖတ်ပြီး၊ ဆုတောင်းဆက်ကပ်ပါ။

## ဆောင်ရန်ကိစ္စများ

## ၁။ သခင်ယေရှုအကြောင်းကိုသာ သက်သေခံပါ။

သက်သေခံရမည့်အချက်မှာ၊ သခင်ယေရှု၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့်၊ ကယ်တင်ခြင်းအကြောင်းကိုသာ သက်သေခံရမည်။ သခင်ယေရှုခရစ်တော်ကိုယုံကြည်လျှင် ဝိညာဉ်ဆုကျေးဇူးများသာမက၊ လောကီရေးရာ ဆုကျေးဇူးများကိုလည်း ဘုရားသခင်ကောင်းချီးပေးနိုင်ကြောင်းကိုသာ သက်သေခံရမည်။ ကျမ်းစာထဲရှိယုံကြည်ခြင်းဖြင့် ကောင်းချီးခံစားရသောလူပုဂ္ဂိုလ်များအကြောင်းကို သက်သေပြလျှင်ပိုကောင်းသည်။ (ဥပမာ၊ ၊ယောဘအကြောင်း။)

## ၂။ ကောင်းမှုကုသိုလ်ပြုရန်ဟောပြောပါ။

"ဤစကားသည် သစ္စာစကားဖြစ်၏။ ဘုရားသခင်ကိုယုံကြည်သောသူတို့သည် ကောင်းသောအကျင့်တို့ကိုအမြဲကျင့်အံ့သောငှါ သတိပြုရမည်အကြောင်း၊ သင်သည် ဤအရာများကို ကြိုးစား၍ဟောပြောစေခြင်းငှါ ငါအလိုရှိ၏။ ထိုအကျင့်တို့သည် ကောင်းသည်သာမက လူတို့၏အကျိုးကိုပြုစုတတ်သောအကျင့်ဖြစ်ကြ၏။" (တိ ၃း၈)

## ၃။ ဘုရားကိုအားကိုးပြီး၊ အမြဲသတိထားပါ။

"၇ သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ သင်တို့၌စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့။ ၈ သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူမာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလက်ရှိ၏။" (၁ပေ ၅း၇)

## ၄။ ဘုရားသခင်၏လက်နက်တန်ဆာကိုသာဝတ်ဆင်ပါ။

"၁၀ ကြွင်းသောစကားမူကား၊ ညီအကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော်အရှိန်အာဖြင့်၎င်း၊ ခိုင်ခန့်ခြင်းရှိကြလော့။ ၁၁ မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်ကြလော့။" (ဧ ၆း၁၀–၁၁)

## ၅။ ကုသိုလ်ကံကိုဆောင်ပြီး၊ အကုသိုလ်ကံကိုရှောင်ပါ။

"၂၁ ခပ်သိမ်းသောအရာကိုစုံစမ်း၍၊ ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့။ ၂၂ မကောင်းသောအမှုအရာအမျိုးမျိုးရှိသမျှကို ရှောင်ကြလော့။" (၁သက် ၅း၂၁–၂၂)

## ၆။ သက်သလောနိကျမ်းမှသင်ခန်းစာများကို လိုက်နာပါ။

ဧဝံဂေလိဟောပြောသူသည် ကောင်းသောပုံသက်သေကိုပြရမည်။ ထိုနည်းတူ၊ ကောင်းမွန်သောအသက်တာကို ပုံသက်သေပြပြီး၊ သတင်းကောင်းကို မဝေမျှပြန်လျှင်လည်းမဖြစ်နိုင်ပါ။ ထို့ကြောင့် အပြောနှင့် လက်တွေ့ညီညွတ်ရမည်။



သာသနာပြု၊ အမှုတော်ဆောင်များ လိုက်နာကျင့်သုံးရန်အတွက်၊ သက်သလောနိပထမကျမ်း၊ အခန်း(၂)တွင် ရှင်ပေါလု၏အမှုတော်လုပ်ငန်းကိုအကျဉ်းချုံး၍အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

(၁) သတ္တိရှိစွာသက်သေခံခြင်း၊
(၂) ကလိန်ညာဏ်ဆင်မှုမရှိခြင်း၊
(၃) ဘုရားသခင်ကျေနပ်အောင်ပြုမူခြင်း၊
(၄) ရိုးသားဖြောင့်မတ်ခြင်း၊
(၅) လူအများချီးမွမ်းခံရန်မကျိုးစားခြင်း၊
(၆) နူးညံ့သိမ်မွေ့ခြင်း၊
(၇) ချစ်ခြင်းမေတ္တာရှိခြင်း၊
(၈) ဇွဲဖြင့်ကြိုးစားအားထုတ်ခြင်း၊
(၉) ကောင်းစွာသက်သေခံခြင်းနှင့်
(၁၀) ခရစ်တော်အတွက်အသက်ရှင်ရန်သွန်သင်လမ်းပြခြင်း။

## ၇။ သူတစ်ပါး၏အစေကို ခံပါ။

ပျောက်ဆုံးဝိညာဉ်ကယ်တင်ရန်အတွက် ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းဖြင့် သူတပါးအားအစေခံရမည်။ အစေခံရန်လိုအပ်သည့်အကြောင်း သခင်ယေရှုကအောက်ပါအတိုင်းမိန့်တော်မူပါသည်။

"၄၂ ယေရှုသည် သူတို့ကိုခေါ်တော်မူ၍ သင်တို့သိသည်အတိုင်းလောကီမင်းတို့သည် အစိုးတရပြုကြ၏။ အကဲအမှူးတို့သည်အာဏာထားတတ်ကြ၏။ ၄၃ သင်တို့မူကား ထိုသို့မပြုကြနှင့်။ သင်တို့တွင်အကဲအမှူးပြုလိုသောသူသည် သင်တို့**အစေခံဖြစ်ရမည်**။ ၄၄ သင်တို့တွင်အထွဋ်အမြတ်လုပ်ချင်သောသူသည်လည်း အလုံးစုံတို့၏**စေခိုင်းရာကျွန်ဖြစ်ရမည်**။ ၄၅ အကြောင်းမူကား၊ လူသားသည် သူတပါးကိုစေစားခြင်းငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသတည်းဟုမိန့်တော်မူ၏။" (မာ ၁၀း၄၂–၄၅)

သို့သော်လည်း၊ မှတ်သားရမည့်အရေးကြီးအချက်တစ်ချက်မှာ၊ နှိမ့်ချခြင်း၊ အနစ်နာခံခြင်းတို့သည် အရှုံးပေးခြင်းမဟုတ်ပါ။ ခရစ်တော်အတွက် **"အရှုံးအားဖြင့် အနိုင်ယူခြင်း"** သာဖြစ်ပါသည်။

"ငါသည် အဘယ်သူ၏ကျွန်မဖြစ်သော်လည်း သာ၍များသောသူတို့ကို ငါရခြင်းအလိုငှါ **လူတကာတို့၏ကျွန် ငါခံရ၏**။" (၁ကော ၉း၁၉)

**၈။ စေတနာဖြင့် ဖြေးညှင်းသိမ်မွေ့စွာ ဆက်ဆံတတ်ရမည်။**

သူတစ်ပါး၏အစေကိုခံခြင်း၊ ကျွန်ခံခြင်းဆိုသည်မှာ အစဉ်အမြဲနူးညံ့သိမ်မွေ့စွာ၊ မေတ္တာစေတနာဖြင့် ဆက်ဆံတတ်ခြင်းဖြစ်သည်။

"[၇-၈] သင်တို့တွင် **ငါတို့ဖြေးညှင်းစွာပြုကြ၏**။ သင်တို့ကိုချစ်သောကြောင့် နို့ထိန်းသည်မိမိသူငယ်ကိုကျွေးမွေးပြုစုသကဲ့သို့၊ သင်တို့ကိုနှမျောစုံမက်ခြင်းနှင့်တကွ၊ ဘုရားသခင်၏ဧဝံဂေလိတရားကိုမျှမက၊ ကိုယ် **အသက်ကိုပင်ပေးချင်သောစေတနာစိတ်** ငါတို့၌ရှိကြ၏။" (၁သက် ၂း၇-၈)။

ရှင်ပေါလုသည် သူတပါးကိုမည်မျှချစ်သနည်းဟူမူ၊ ဂျူးလူမျိုးများ ကယ်တင်ခြင်းရဖို့အတွက်ဆိုလျှင် သူကိုယ်တိုင် ငရဲသို့ရောက်လျှင်ရောက်ပါစေ၊ ဂရုမဆိုက်ကြောင်း ရင်ဖွင့်ခဲ့သည်။

"အကြောင်းမူကား၊ ဇာတိအားဖြင့် ငါ့အမျိုးသားခြင်းဖြစ်သော ငါ့ညီအကိုတို့အတွက်၊ ငါသည် ကိုယ်တိုင်ခရစ်တော်နှင့်ခွာ၍ **ကျိန်ခြင်းကိုခံချင်လောက်အောင် စိတ်ရှိ၏**။" (ရော ၉း၃)



**အပိုင်း(ခ)**

အခန်း(၄)

## ကယ်တင်ခြင်းအကြောင်း

လူသားတစ်ဦးအတွက် ပထမအရေးကြီးဆုံးသောအရာသည် **"ဘုရားသခင်၏ကယ်တင်ခြင်းအကြံအစည်တော်"** ကို နားလည်သဘောပေါက်ရန်ဖြစ်သည်။ သို့သော်၊ ထိုကယ်တင်ခြင်းအကြောင်းကို သာမန် လူသားတစ်ဦးသည် လွယ်ကူစွာနားမလည်နိုင်ပါ။ ကျမ်းစာက၊

"ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာပိုင်းခြားနားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်" (၁ကော ၂း၁၄) ဟုဆိုပါသည်။

ထိုသို့နားမလည်နိုင်ခြင်းမှာ ထိုဇာတိပကတိလူသည် အသစ်မွေးဖွားခြင်းမခံရသေးသည့်အပြင်၊ သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်ခြင်းကိုလည်းမခံရသေးသောကြောင့်ဖြစ်သည်။ သခင်ယေရှုက၊

"ဥပဒေ့ရှာယ်ဆရာသည်ရောက်လာလျှင် ဒုစရိုက်အပြစ်ကိုငှင်း၊ အပြစ်ကင်းခြင်းကိုငှင်း၊ အပြစ်စီရင်ခြင်းကိုငှင်း လောကီသားတို့အား ထင်ရှားစွာဖော်ပြမည်" (ယော ၁၆း၈)။

ထို "ဥပဒေ့ရှာယ်ဆရာ" သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ ကယ်တင်ခြင်းအကြောင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အကူအညီဖြင့်သာလျှင်နားလည်သဘောပေါက်နိုင်သည်။ ထို့ကြောင့် ကယ်တင်ခြင်းမခံရမီ၊ ထိုသူအား သမ္မာကျမ်းစာ၏ လေးနက်သိမ်မွေ့နက်နဲသည့် အခြားအကြောင်းအရာများကိုမဆွေးနွေးသင့်ပါ။ ကယ်တင်ခြင်းအခြေခံသဘောတရားကိုသာ အကန့်အသတ်ဖြင့်ဆွေးနွေးသင်ကြားပေးရန်လိုအပ်သည်။

အောက်ပါအတိုင်း တစ်ဆင့်စီသင်ပေးရပါမည်။

## ၁။ လူသည်အပြစ်သားဖြစ်ခြင်း

(၁) *လူတိုင်းအပြစ်သားများဖြစ်ကြသည်။*

“၁၀ ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်
ယောက်မျှမရှိ။ ၁၁ နားလည်သောသူမရှိ၊ ဘုရားသခင်ကိုရှာသောသူမရှိ၊
၁၂ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရ
သောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကိုကျင့်သောသူမရှိ၊ တစ်
ယောက်မျှမရှိ။ ၁၃ သူတို့၏လည်ချောင်းသည် ဖွင့်ထားသောသင်္ချိုင်းတွင်း
ဖြစ်၏။ သူတို့သည် လျှာနှင့်လှည့်စားတတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲ
မှာ မြွေဆိုးအဆိပ်အတောက်ရှိ၏။ ၁၄ သူတို့နှုတ်သည် ကျိန်ဆဲသော
စကား၊ ကြမ်းတမ်းသောစကားနှင့်ပြည့်ဝ၏။ ၁၅ သူတို့ခြေသည်လူအ
သက်ကိုသတ်ခြင်းငှါလျင်မြန်၏။ ၁၆ သူတို့သွားရာလမ်း၌ပျက်ဆီးခြင်း၊
ဒုက္ခဆင်းရဲခြင်းရှိ၏” (ရောမ ၃း၁၀-၁၇)။

“ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီးလိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏” (ဟေရှာ ၅၃း၆)။

မယ်တော်မာရိ၊ ပုပ်ရဟန်းမင်း၊ တရားဟောဆရာ၊ အဖေအမေ၊ အဖိုးအဖွားနှင့်သားသမီး၊မြေးမြစ်အားလုံးအပြစ်ရှိကြသည်။ လူသားမှန်သမျှ၊ ကာယကံ၊ဝစီကံ၊မနောကံအားဖြင့် အပြစ်ရှိကြသည်။

(၂) *သူတော်စင်၊ သူတော်ကောင်း တစ်ယောက်မျှမရှိပါ။*

“အပြစ်မပါဘဲ ကောင်းသောအကျင့်ကိုကျင့်သောသူတော်ကောင်း တစ်စုံ တစ်ယောက်မျှမြေကြီးပေါ်မှာမရှိ” (ဒေ ၇း၂၀)။

ကျမ်းစာက အထက်ပါအတိုင်းအတိအကျမိန့်ဆိုထားသည်။ထို့ပြင်၊ အပြစ်နှင့်ပတ်သက်၍ မြန်မာဆိုရိုးစကားအရ၊ “လောကတွင်



ခြောက်ပြစ်ကင်းသောလူသားမရှိ” ဟုဖော်ဆိုထားပါသည်။ “ကုသိုလ် တစ်ပဲ၊ ငရဲတပိဿာ” ဆိုသကဲ့သို့၊ လူသားတိုင်းသည် ကုသိုလ်ကောင်းမှုထက်၊ အကုသိုလ်သာလျှင်ပွားများနေကြပါသည်။

(၃) *လူ၏ကောင်းမှုကုသိုလ်သည် လက်နှီးဆုတ်နှင့်တူသည်။*

“အကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိပါ။ ပြုဖူးသမျှသော ကောင်းမှုကုလိုသ်တို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏။ အကျွန်ုပ်တို့ရှိသမျှသည် သစ်ရွက်ကဲ့သို့ညှိုးနွမ်းလျက်ရှိ၍၊ ကိုယ်အပြစ်တို့သည် လေကဲ့သို့ အကျွန်ုပ်တို့ကိုတိုက်သွားပါပြီ” (ဟေရှာ ၆၄း၆)။

လူတို့၏ကုသိုလ်ကောင်းမှုသည် ညစ်ပေသောအဝတ်ဆုပ်နှင့် တူသည်ဟုကျမ်းစာကဆိုထားသည်။ “ညစ်သောအဝတ်” ဆိုသည်မှာ မကိုင်ရဲလောက်အောင် အလွန်ရွံရှာဘွယ်ကောင်းသောအဝတ်ဆုတ်ကို ဆိုလိုသည်။ အပြစ်၏စေခိုင်းရာတွင် ရေစုန်မျောနေကြသောလူသားများ ဖြစ်ကြောင်းဖော်ပြထားသည်။

(၄) *အပြစ်မရှိဟုဆိုသောသူသည် လူညာဖြစ်သည်။*

“ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ” (၁ယော ၁း၈)။

ဥပမာ။ ။ဖောက်ပြန်သောအမျိုးသမီးအကြောင်းကိုသုံးသပ်ကြည့်ကြပါစို့။ ဂျူးဘာသာရေးခေါင်းဆောင်များသည် မိမိကိုယ်ကိုအလွန်အထင်ကြီးပြီး ဘဝင်မြင့်နေသောသူများဖြစ်ကြသည်။ တစ်နေ့ ဖောက်ပြန်သောအမျိုးသမီးတစ်ဦးကို သခင်ယေရှုထံသို့ခေါ်ဆောင်လာကြပြီးနောက် သခင်ယေရှုအားစမ်းသပ်ကြသည်။ မောရှေ၏ထုံးတမ်းစဉ်လာအရဖြစ်လျှင် ထိုအမျိုးသမီးကိုကျောက်ခဲဖြင့်ပေါက်သတ်ရမည်ဖြစ်သည်။ သခင်ယေရှုအား မည်သို့အပြစ်ပေးမည်နည်းဟုမေးကြသောအခါ၊ ယေရှုက “သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာကျောက်ခဲကိုပစ်စေ” ဟုမိန့်တော်မူသောအခါ မည်သူကမျှမပစ်ပေါက်ရဲဘဲ၊ အားလုံးထွက်ခွာသွားခဲ့သည် (ယော ၈း၁-၁၁)။ လောကတွင် မိမိကိုယ်ကိုအပြစ်အကင်း

ဆုံးဟုယူဆနေကြသောသူ၊ ဝိနည်းထုံးတမ်းများကိုအကုန်အစင်လိုက် လျှောက်နိုင်သည်ဟုဝါကြွားနေသောသူ၊ ဘာသာရေးခေါင်းဆောင်များ သည် နောက်ဆုတ်အရှုံးပေးလိုက်ကြရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏မျက်မှောက်တွင် အားလုံးအပြစ်ရှိသောကြောင့်ဖြစ်သည်။

## ၂။ အပြစ်၏အကျိုးတရားများ

(၁) *အပြစ်၏ပထမအကျိုးသည် သေခြင်းဖြစ်သည်။*

"ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏။" (ရောမ ၅း၁၂)

အာဒံသည် စကားနားမထောင်ဘဲ တားမြစ်ထားသောအသီးကို စားခဲ့သောကြောင့်၊ "စားသည့်နေ့တွင် ဧကန်အမှန်သေရမည်" ဟုဘုရားသခင်မိန့်တော်မူသည့်အတိုင်း သေခြင်းတရားဝင်ရောက်လာပါသည်။ အာဒံအပြစ်ရှိသကဲ့သို့၊ လူသားတိုင်းအပြစ်ရှိကြသောကြောင့် လူသားအားလုံးသေကြရသည်။

"အပြစ်တရား၏အခကား သေခြင်းတရားပေတည်း။ ဘုရားသခင်ပေးသောလက်ဆောင်ကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း" (ရောမ ၆း၂၃)။

"လူသည် တစ်ခါတည်းသာသေ၍ ထိုနောက်မှတရားစီရင်တော်မူခြင်းကိုခံရမည်။" (ဟေဗြဲ ၉း၂၇)

လူတိုင်းသေရမည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းအပြစ်ရှိကြသောကြောင့်ဖြစ်သည်။ သို့သော်လည်း၊ လူသည် ဝိညာဉ်ရှိသောကြောင့်၊ သေပြီးသည့်နောက်တွင် သူတို့၏ဝိညာဉ်သည် တရားစစ်ဆေးခြင်းခံရဦး



မည်ဖြစ်သည်။ အကြောင်းမှာ၊ အပြစ်ရှိသောဝိညာဉ်သည် အပြစ်စီရင်ခြင်းခံရမည်ဟု ကျမ်းစာတွင် အတိအလင်းဖော်ပြထားပါသည်။

"[၄] ဝိညာဉ်အပေါင်းတို့ကို ငါပိုင်၏။ အဘ၏ဝိညာဉ်ကို ငါပိုင်သကဲ့သို့ သား၏ဝိညာဉ်ကိုလည်းငါပိုင်၏။ ပြစ်မှားသောဝိညာဉ်သည် အသက်သေရမည်။" (ယေဇ ၁၈း၁–၄)

အပြစ်ရှိသောသူ၏ဝိညာဉ်သည် မလွဲဧကန်သေကြရမည်ဖြစ်သည်။ မည်သူမျှ မငြင်းနိုင်၊ မလွန်ဆန်နိုင်ကြပါ။

ရှေးခေတ်သိုးကျောင်းသားများသည် နေ့တွင် သိုးနှင့်ဆိတ်များကို စားကျက်တွင်ထိန်းကျောင်းကြပြီး၊ ညနေဝင်သောအခါ သိုးသိုးနှင့်ဆိတ်များကို အိမ်သို့ခေါ်လာပြီး အိမ်ရောက်သည့်အခါ သိုးနှင့်ဆိတ်များကို ခွဲပြီးခြံသွင်းသကဲ့သို့၊ နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် လူတို့၏ဝိညာဉ်များတွင် ကောင်းကင်ဘုံဝင်မည့်သူနှင့် ငရဲကျမည့်သူများကို ခွဲခြားမည်ဖြစ်သည်။

"[၃၁] လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်များ အခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသောပလ္လင်တော်မှာထိုင်၍၊ [၃၂] ရှေ့တော်၌ လူမျိုးအပေါင်းတို့ကိုစုဝေးစေသဖြင့်၊ သိုးထိန်းသည်သိုးနှင့်ဆိတ်တို့ကိုတခြားစီ ခွဲထားသကဲ့သို့၊ လူအပေါင်းတို့ကိုသီးခြားခွဲ၍၊ [၃၃] သိုးတို့ကို လက်ျာတော်ဘက်၊ ဆိတ်တို့ကိုလက်ဝဲတော်ဘက်၌ထားတော်မူလတံ့။" (မ ၂၅း၃၁–၃၃)

ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ သိုးနှင့်ဆိတ်ခွဲခြားခြင်းကိုမူ မလွဲမသွေကြုံတွေ့ကြရမည်ဖြစ်သည်။

(၂) *အပြစ်၏ဒုတိယအခသည်ဘုရားနှင့်ဝေးခြင်းဖြစ်သည်။*

"သင်တို့ဒုစရိုက်သည် သင်တို့ကိုဘုရားသခင်နှင့်ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်နှာတော်ကိုလွှဲစေပြီ။" (ဟေရှာ ၅၉း၂)။

ဘုရားသခင်နှင့်ဝေးကွာခြင်းသည် လူတို့၏အပြစ်ကြောင့်ဖြစ်ပါသည်။ လူသည် မိမိ၏အပြစ်ကြောင့် ရှက်ကြောက်ကာ ဘုရားသခင်ကို ရင်မဆိုင်ရဘဲ ဝေးရာသို့ထွက်ပြေးတိမ်းရှောင်နေပါသည်။ ထိုအကြောင်းကို ဧဒင်ဥယျာဉ်တွင် တားမြစ်ထားသောအသီးကို စားသောအာဒံနှင့် ဧဝမှစတင်ကြောင်းတွေ့ရသည်။ ဘုရားသခင်သည် လူနှင့်မိဿဟာယဖွဲ့လိုသော်လည်း လူကထွက်ပြေးနေခြင်းဖြစ်သည်။ ဘုရားသခင်သည် အပြစ်ကိုမုန်းသော်လည်း၊ အပြစ်ကျူးလွန်သောအပြစ်သားများကို မမုန်းပါ။ ဘုရားသခင်အပြစ်ကိုမုန်းရခြင်းသည် အပြစ်ကလူကို ဘုရားသခင်နှင့်ဝေးကွာစေသောကြောင့်ဖြစ်သည်။

## ၃။ သခင်ခရစ်တော်အသေခံခြင်း

(၁) *လူတို့အပြစ်ကြောင့် သခင်ယေရှုအသေခံတော်မူသည်။*

"... ခရစ်တော်သည်ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ပြန်ရှင်တော်မူ၏။" (၁ကော ၁၅း၃–၄)

"[၅] ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ [၆] ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီးလိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏" (ဟေရှာယ ၅၃း၅–၆)။

"ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့်အသေသတ်ခြင်းကိုခံ၍ ဝိညာဉ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ရောက်တော်မူသည်ဖြစ်၍ ငါတို့ကိုဘုရားသခင့်အထံတော်သို့ဆောင်ခြင်းငှါ၊ ဖြောင့်မတ်တော်မူသောသူသည် မဖြောင့်မတ်သောသူတို့အတွက် ဒုစရိုက်အပြစ်များ



ကြောင့်တစ်ခါခံတော်မူ၏" (၁ပေ ၃း၁၈)

"[၁၃] ဒုစရိုက်အပြစ်၌သေသော်၄င်း၊ ဇာတိပကတိ၌အရေဖျားလှီးခြင်းကို မခံသောအဖြစ်၌၄င်း သေလျက်ရှိနေသောသင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ သင်တို့အပြစ်ရှိသမျှတို့ကိုလွှတ်တော်မူ၏။" (ကော ၂း၁၃)

"အကြောင်းမူကား၊ လူသားသည် သူတစ်ပါးကိုစေစားခြင်းငှါ မလာ၊ သူတစ်ပါးအစေကိုခံခြင်းငှါ၄င်း၊ မိမိအသက်ကိုစွန့်၍လူများကို **ရွေး**ခြင်းငှါ၄င်း၊ ကြွလာသတည်းဟုမိန့်တော်မူ၏။" (မာ ၁၀း၄၅)

(၂) *လူကိုချစ်၍ အပြစ်လွှတ်ရန်အသေခံတော်မူသည်။*

"[၈] ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည်ငါတို့အတွက်ကြောင့်အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်သည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏။ [၉] သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟုသာ၍မျှော်လင့်စရာရှိသည်။"(ရောမ ၅း၈–၉)

"[၁၀] သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာလာတတ်၏။ ငါမူကား သိုးတို့သည်အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်ဖြင့်ပြည့်စုံစေခြင်းငှါလာသတည်း။" (ယော ၁၀း၁၀)

"[၁၇] ငါသည် ကိုယ်အသက်ကိုစွန့်၍ နောက်တစ်ဖန်ယူဦးမည်ဖြစ်သောကြောင့်၊ ငါ့ခမည်းတော်သည် ငါ့ကိုချစ်တော်မူ၏။ [၁၈] ငါ့အသက်ကိုအဘယ်သူမျှမလုမယူ။ ကိုယ်အလိုအလျောက် ငါစွန့်၏။ ကိုယ်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တစ်ဖန်ကိုယ်အသက်ကို ယူပြန်ရသောအခွင့်သည် ငါ၌ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သည်ပေးတော်မူပြီဟုမိန့်တော်မူ၏။" (ယော ၁၀း၁၇–၁၈)

(၃) *ဖြောင့်မတ်ခြင်းအတွက် အသေခံတော်မူသည်။*

"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင် ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ကော ၅း၂၁)။

"[၂၄] ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။" (၁ပေ ၂း၂၄)

(၄) *စင်ကြယ်ခြင်းအတွက် အသေခံတော်မူသည်။*

"ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကို ရွေးနှုတ်ခြင်းငှါ၄င်း၊ ကောင်းသောအကျင့်ဖက်၌စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဖို့စင်ကြယ်စေခြင်းငှါ၄င်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ။" (တိတု ၂း၁၄)

"ပညတ်တရားအတိုင်း၊ ခပ်သိမ်းသောအရာတို့ကို ကုန်မတတ် **သွေးအားဖြင့်** စင်ကြယ်စေတတ်၏။ သွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂)

"[၁၀] ထိုအလိုတော်နှင့်အညီ ယေရှုခရစ်တော်၏ကိုယ်တော်ကို တစ်ခါတည်းပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။" (ဟေ ၁၀း၁၀)

ရှင်းလင်းချက်။ ။သခင်ယေရှုခရစ်တော်၏ကိုယ်စားအသေခံခြင်းသည် လူသားများအပြစ်နွံထဲတွင်နစ်မြုပ်နေစဉ်၊ မယုံကြည်မီကတည်းကပင်စတင်ခဲ့ပါသည်။ ရှေးဦးစွာ၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းပေးသနားတော်မူခဲ့သည်။ ထို့နောက်၊ လူသားများကထို ကယ်တင်ခြင်းကို ယုံကြည်ခြင်းဖြင့် လက်ခံရယူခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းသည် ယုံကြည်ခြင်းမတိုင်မီကပင် စတင်ခဲ့ပြီး ဖြစ်ကြောင်းသိမှတ်ရမည်။ တစ်နည်းအားဖြင့်ဆိုသော်၊ သင်မမွေးမီကပင်



သင့်အတွက်ကယ်တင်ခြင်းသည် ရှိနေပြီးသားဖြစ်သည်။ ထို့ကြောင့်၊ သင်၏ယုံကြည်ခြင်းကြောင့်သာလျှင် ဘုရားသခင်က ကယ်တင်တော်မူခြင်းဖြစ်သည်ဟု မယူဆပါနှင့်။

သခင်ယေရှုခရစ်တော်၏အသေခံခြင်းသည် မိမိဆန္ဒအလျောက်ဖြစ်သည်။ ဂျူးဘာသာရေးခေါင်းဆောင်များ၊ ရောမဘုရင်ခံပိလတ်မင်းနှင့်စစ်သားများက အတင်းအဓမ္မအနိုင်ယူသတ်ဖြတ်ခြင်းကြောင့်မဟုတ်ပါ။ ခမည်းတော်ဘုရား၏အလိုတော်အတိုင်းအသေခံခြင်းဖြစ်ပါသည်။

## ၄။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်း

"[၈] ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ [၉] ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။" (ဧ ၂း၈-၉)

ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ဖြစ်ပါသည်။ ကယ်တင်ခြင်းကို လူကကျင့်ကြံအားထုတ်မှုကြောင့်ရသည်မဟုတ်ဘဲ၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၊ သနားကရုဏာတော်ကြောင့်သာလျှင် အခမဲ့မေတ္တာလက်ဆောင်အဖြစ်ရရှိခြင်းဖြစ်သည်။

"ကျေးဇူးတော်အားဖြင့်ရှိလျှင်၊ ကိုယ်ကျင့်သောအကျင့်အားဖြင့်မရှိ။ ရှိလျှင် ကျေးဇူးသည်ကျေးဇူးမဟုတ်။ ကိုယ်ကျင့်သောအကျင့်အားဖြင့်ရှိလျှင်၊ ကျေးဇူးအားဖြင့်မရှိ။ ရှိလျှင် ကျေးဇူးသည် ကျေးဇူးမဟုတ်။" (ရော ၁၁း၆)

"ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်ကြောင့်အဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သောဆေးကြောခြင်းအားဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်၄င်း၊ ငါတို့ကိုကယ်တင်တော်မူ၏။" (တိ ၃း၅)

“အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏ အပြစ်ကိုဖြေသူအားယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏” (ရော ၄း၅)။

ကျမ်းစာသဘောအရ၊ ကယ်တင်ခြင်းနှင့်ဖြောင့်မတ်ခြင်းသည် သဘောတရားအတူတူပင်ဖြစ်သည်။ ပညတ်တရားကြောင့်မဟုတ်၊ ယုံကြည်ခြင်းကြောင့်ဖြောင့်မတ်ခြင်း (ကယ်တင်ခြင်း) ဖြစ်ပါသည်။ ပညတ်တရားသည် လူ၏အပြစ်ကိုသာဖော်ပြနိုင်ပြီး၊ လူကိုအပြစ်မကျူးလွန်အောင်မကူညီနိုင်ပေ။ အောက်ပါကျမ်းပိုဒ်များကိုကြည့်ပါ။

“ထိုသို့ ပညတ်တရားသည် ဒုစရိုက်အပြစ်ကိုထင်ရှားစေသည်ဖြစ်သောကြောင့်၊ ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်ရာ။” (ရော ၃း၂၀)

“ပညတ်တရား၏အကျင့်အားဖြင့် လူသည်ဖြောင့်မတ်ရာသို့မရောက်၊ သို့သော် ယေရှုခရစ်၏ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ကြောင်းသိကြသည်ဖြစ်၍၊ ပညတ်တရား၏အကျင့်အားဖြင့် အဘယ်လူသားမျှဖြောင့်မတ်ရာသို့မရောက်နိုင်သည့်အတွက် ပညတ်တရား၏အကျင့်အားဖြင့်မဟုတ်ဘဲ၊ ခရစ်တော်၏ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်မည်အကြောင်း၊ ယေရှုခရစ်၌ငါတို့ ယုံကြည်ကြပြီ။” (ဂလာ ၂း၁၆)

သားတော်သခင်ခရစ်တော်ကို ယုံကြည်လက်ခံခြင်းသည် ကယ်တင်ခြင်း၏အခြေခံဖြစ်သည့်အပြင်၊ ခမည်းတော်၏အလိုတော်နှင့်ကိုက်ညီအောင်အသက်ရှင်လိုသောသူသည် သားတော်ကိုယုံကြည်လက်ခံခြင်းပင်ဖြစ်ပါသည်။

“၂၈ ထိုသူတို့ကလည်း၊ ဘုရားသခင်၏အလိုတော်နှင့်ညီသော
အကျင့်ကိုကျင့်ခြင်းငှါ အဘယ်သို့ပြုရပါမည်နည်းဟုမေးလျှောက်ကြ၏။
၂၉ ယေရှုကလည်း၊ ဘုရားသခင်စေလွှတ်တော်မူသောသူကိုယုံကြည်ခြင်း
အကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်းဟုမိန့်တော်မူ၏။”
(ယော ၆း၂၈–၂၉)



## ၅။ ယုံကြည်ခြင်းဖြင့်ကယ်တင်ခြင်း

ဘုရားသခင်၏သားတော်သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ်ယုံကြည်လက်ခံသောသူများသာလျှင် ကယ်တင်ခြင်းရနိုင်သည်။ အကြောင်းမှာ၊ ကယ်တင်ခြင်းသည် လူကပြုလုပ်သောအရာမဟုတ်ဘဲ၊ ဘုရားသခင်က လက်ဝါးကပ်တိုင်ပေါ်တွင်ပြုလုပ်သောအရာဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင် အပြီးပြတ်ဆောင်ရွက်ခဲ့သောအရာသာဖြစ်ပါသည်။ ထို့ကြောင့် လူ၏တာဝန်သည် သခင်ယေရှုခရစ်တော်ကို “ကိုယ်ပိုင်ကယ်တင်ရှင်သခင်” အဖြစ်ယုံကြည်လက်ခံရန်သာဖြစ်သည်။

“ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။” (ယော ၃း၁၆)

“ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။” (ယော ၆း၄၇)

“၉ အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်
ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှရှင်ပြန်စေတော်မူပြီဟုစိတ်နှ
လုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ၁၀ ဖြောင့်မတ်
ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ ၁၁ ကယ်တင်ခြင်းသို့
ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။” (ရော ၁၀း၉–၁၁)

သိထားရမည့်အချက်တစ်ခုမှာ၊ “ကယ်တင်ခြင်း” နှင့် “ထာဝရအသက်” သည် စကားလုံးကွဲပြားသော်လည်း ဆိုလိုရင်းမှာ အတူတူပင်ဖြစ်ပါသည်။

“၁၂ ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို
ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေး
တော်မူ၏။ ၁၃ ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ဖွားသောသား
မဟုတ်။ လူအလိုဖြင့်ဖွားသောသားမဟုတ်။ ဘုရားသခင်ဖွားတော်မူ

သောသားဖြစ်သတည်း” (ယော ၁း၁၂–၁၃)။

“၂၆ အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကိုယုံကြည်သဖြင့် ဘုရားသခင်၏သားဖြစ်ကြ၏။” (ဂလ ၃း၂၆)

သခင်ယေရှုကိုယုံကြည်သောသူများသည် ဘုရားသခင်၏သားသမီးများဖြစ်ကြသောကြောင့် ကောင်းကင်ဘုံအမွေကိုဆက်ခံရမည်ဟုဆိုလိုပါသည်။

## ကယ်တင်ခြင်းရရန်နည်းလမ်း

### (၁) နောင်တရခြင်း

“ထိုအခါမှစ၍ ယေရှုက၊ နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီဟူသောတရားကိုဟောစပြုတော်မူ၏” (မ ၄း၁၇)။

“သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟု ငါဆို၏။” (ရှင်လုကာ ၁၃း၃)

“ဆိုးသောသူသည် မိမိလမ်းကိုငှင်း၊ မတရားသောသူသည် မိမိအကြံကိုငှင်း၊ စွန့်ပစ်၍၊ ထာဝရဘုရားထံသို့ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင်ထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့်အပြစ်ကိုလွှတ်လိမ့်မည်” (ဟေရှာ ၅၅း၇)။

“အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏အလိုတော်နှင့်ညီသောဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းသို့ရောက်စေပြီး၊ ဝမ်းနည်းပက်လက်ဖြစ်ကျန်ခဲ့ခြင်းမရှိ။ လောကီဝမ်းနည်းခြင်းမူကား၊ သေခြင်းကိုဖြစ်စေတတ်၏။” (၂ ကော ၇း၁၀) (ယုဒရှာကာရုတ်)

“ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဖူးသော်လည်း၊ ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု



ခပ်သိမ်းသောအရာတို့၌ရှိသောလူအပေါင်းတို့အား ပညတ်တော်မူ၏” (တ ၁၇း၃၀)။ ဥပမာ။ ။ပျောက်သောသား

### (၂) အပြစ်ဝန်ခံခြင်း

“ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၄င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၄င်း ပြည့်စုံတော်မူ၏” (၁ယော ၁း၉)။

“၉ အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှရှင်ပြန်စေတော်မူပြီဟုစိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ၁၀ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ ၁၁ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။” (ရော ၁၀း၉–၁၁)

### (၃) လက်ခံခြင်း

“ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်းငါနှင့်အတူ စားသောက်ရလိမ့်မည်” (ဗျာ ၃း၂၀)

“ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။ ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ ဖွားသောသားမဟုတ်။ လူအလိုဖြင့်ဖွားသောသားမဟုတ်။ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း” (ယော ၁း၁၂–၁၃)

### (၄) ယုံကြည်ခြင်း

“ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။ ကျမ်းစာလာသည်

ကား၊ ထိုကျောက်ကိုအမှီပြုသောသူမည်သည်ကား၊ ရှက်ကြောက်ခြင်း မရှိနိုင်ရာဟု လာသတည်း။” (ရော ၁၀း၁၀–၁၁)

“ယေရှုကလည်း ငါသည်ရှင်ပြန်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်” (ယော ၁၁း၂၅)

“ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုငှင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုငှင်း၊ ယုံကြည်ရမည်” (ဟေ ၁၁း၆)

ဥပမာ။ ။ခြေလက်သေသူနှင့်မိတ်ဆွေလေးဦးအကြောင်းကို သုံးသပ်ကြည့်ကြပါစို့။ သခင်ယေရှုသည် ကပေရနောင်မြို့သို့ရောက်လာသည့်သတင်းကြောင့် အိမ်တွင်ခြေချစရာနေရာမရှိအောင်လူအုပ်ကြီးများရောက်ရှိလာကြသည်။ လူလေးဦးသည် သူတို့၏မိတ်ဆွေကြီးခြေလက်သေနေသောကြောင့် အိမ်တွင်အိပ်နေသည်ကိုသတိရကြသဖြင့် သွား၍သတင်းကောင်းပြောကြသည်။ ထို့နောက်၊ မိတ်ဆွေကိုသယ်လာကြပြီး၊ အိမ်ထဲမဝင်နိုင်သောကြောင့် အိမ်ခေါင်မိုးကိုချိုးဖောက်ပြီး လူနာကို သခင်ယေရှု၏ရှေ့တည့်တည့်သို့ချလိုက်ကြသည်။ သခင်ယေရှုကလည်း သူတို့၏ယုံကြည်ခြင်းကိုတွေ့မြင်သောအခါ လူနာကိုပျောက်ကင်းစေခဲ့သည်။ အထက်ပါအကြောင်းတွင် ယုံကြည်ခြင်းနှစ်မျိုးနှစ်စားကိုတွေ့ရှိရသည်။

(၁) လူနာ၏ယုံကြည်ခြင်း။ ထိုသူသည် သခင်ယေရှုနှင့်တွေ့ရလျှင် သူ၏ရောဂါပျောက်မည်ကို ယုံကြည်သောကြောင့် မိတ်ဆွေတို့က သူ့ကိုသယ်ဆောင်ကြသည့်အခါ မငြင်းဘဲလိုက်သွားခဲ့သည်။ အိမ်ထဲမဝင်နိုင်သည့်အခါ အိမ်ပြင်ဘက်မှအိမ်ခေါင်မိုးသို့ခက်ခက်ခဲခဲသယ်ယူကြသည့်အခါ မငြင်းဘဲငြိမ်သက်စွာလိုက်ခဲ့သည်။ သူ၏ယုံကြည်ခြင်းသည် “ယုံကြည်ကိုးစားခြင်း” ဖြစ်သည်။ ယုံကြည်သောကြောင့် ခေါ်သည့်နေရာတိုင်းလိုက်ခဲ့သည်။ ဘာမျှစောဒကမတက်ခဲ့ပါ။ အသာတကြည်ပင်လိုက်နာခဲ့သည်။ သူ၏ယုံကြည်ခြင်းသည် “စိတ်ချခြင်း” ဖြစ်သည်။ သူဘာမျှလုပ်စရာမလိုပါ။ သူ၏ယုံကြည်ခြင်းအပေါ်စိတ်ချလက်ချနေရုံသာဖြစ်သည်။ ဘုရားသခင်၏တန်ခိုးတော်ကို စောင့်ကြည့်နေရုံသာလိုအပ်သည်။



(၂) မိတ်ဆွေလေးဦး၏ယုံကြည်ခြင်း။ သူတို့သည် သခင်ယေရှုက သူတို့၏မိတ်ဆွေကိုကုသပေးနိုင်မည်ကို ယုံကြည်ကြသောကြောင့် အပင်ပန်း၊ အဆင်းရဲခံကာ မိတ်ဆွေကိုခက်ခက်ခဲခဲသခင်ယေရှု၏ရှေ့မှောက်သို့ရောက်အောင်သယ်ဆောင်ခဲ့ကြသည်။ သူတို့၏ယုံကြည်ခြင်းအတွက်၊ ငြိမ်ငြိမ်မနေဘဲ ခွဲလုံ့လကြီးစွာဖြင့် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှဖြင့် လှုပ်ရှားသွားလာ၊ ကြိုးစားအားထုတ်ခဲ့ကြသည်။

ထို့သို့ဖြင့် မိတ်ဆွေလေးဦး၏ကြိုးစားအားထုတ်သောယုံကြည်ခြင်းနှင့် လူနာ၏ငြိမ်သက်စွာ၊ စိတ်ချစွာနေခြင်းနှစ်ခုပေါင်းလိုက်သည့်အခါ၊ လူနာပျောက်ကင်းသွားပါသည်။ ထို့ကြောင့် ယုံကြည်သူသည် မိမိမတတ်နိုင်သည့် ကယ်တင်ခြင်းအတွက် ဘုရားသခင်ကိုလုံးလုံးလျားလျားအားကိုးပုံအပ်ဖို့လိုသည်။ သို့သော် ကယ်တင်ခြင်းရရှိပြီးသည့်နောက်ပိုင်းတွင် မိမိတတ်နိုင်သည့်အရာများကို ယုံကြည်စိတ်ချစွာ ရုန်းကန်လှုပ်ရှားလုပ်ဆောင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းဆိုသည်မှာ မိမိမတတ်နိုင်သည့်အရာ၌ ဘုရားသခင်ကိုအားကိုးပြီး၊ မိမိတတ်နိုင်သည့်အရာ၌ အစွမ်းကုန်ယုံကြည်စိတ်ချစွာလုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ကယ်တင်ခြင်းအသီးအပွင့်များ

### (၁) လူသစ်ဖြစ်ခြင်း။

"လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည်အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။

### (၂) ဖြောင့်မတ်စေခြင်း။

""ယေရှုခရစ်၌ရွေးနုတ်တော်မူသောအားဖြင့် အဖိုးမပေးရဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏" (ရော ၃း၂၄)။

"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည်ထိုသူအားဖြင့်ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ကော ၅း၂၁)

### (၃) ဒုစရိုက်ကိုစွန့်လွှတ်ခြင်း။

"ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူမည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ အကြောင်းမူကား၊ ထိုသူ၌မျိုးစေ့တော်တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူဖြစ်သောကြောင့် ဒုစရိုက်ကိုမပြုနိုင်။ ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့်မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကိုမကျင့်သောသူ၊ မိမိညီအကိုကိုမချစ်သောသူမည်သည်ကား၊ ဘုရားသခင်နှင့်မဆိုင်" (၁ယော ၃း၉-၁၀)။

### (၄) ချစ်ခြင်းမေတ္တာရှိခြင်း။

"ငါ့ပညတ်ဟူမူကား၊ ငါသည်သင်တို့ကို ချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့" (ယော ၁၅း၁၂)။



"ချစ်သူတို့၊ ငါတို့သည်အချင်းချင်းချစ်ကြကုန်အံ့။ အကြောင်းမူကား၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကိုသိသောသူလည်းဖြစ်၏။ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" (၁ယော ၄း၇-၈)။

### (၅) သန့်ရှင်းသောအသက်တာရှိခြင်း။

"ငါတို့သည် ညစ်ညူးစေခြင်းငှါ ဘုရားသခင်ခေါ်တော်မူသည် မဟုတ်၊ သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူ၏" (၁ သက် ၄း၇)

"ထို့ကြောင့်၊ ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင်သင်တို့ကို ငါလက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တ တန်ခိုးနှင့်ပြည့်စုံသောထာဝရဘုရားမိန့်တော်မူ၏" (၂ကော ၆း၁၇-၁၈)။

"ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင် ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင်သန့်ရှင်းစေတော်မူပါစေသော။ ငါတို့ သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကိုပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှါ စောင်မတော်မူပါစေသော။" (၁ သက် ၅း၂၃)

"လူအပေါင်းတို့သည် အတင့်အသင့်နေ၍ ငြိမ်သက်ခြင်းကိုငှင်း၊ သန့်ရှင်းခြင်းပါရမီကိုငှင်း၊ မှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီမရှိလျှင် အဘယ်သူမျှ ထာဝရဘုရားကိုမဖူးမြင်ရ။" (ဟေ ၁၂း၁၄)

### (၆) ဝမ်းမြောက်ခြင်းအသက်တာရှိခြင်း။

"ဘုရားသခင်၌အစဉ်ဝမ်းမြောက်ခြင်းရှိကြလော့။ တစ်ဖန် ငါဆိုသည် ကား၊ ဝမ်းမြောက်ကြလော့" (ဖိ ၄း၄)

"အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသောအရာများတို့ကိုဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမှီနိုင်သောဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုစောင်မ လိမ့်မည်" (ဖိ ၄း၇)။





## ထာဝရအတွက်ကယ်တင်ခြင်း

"သင်ရရှိသောကယ်တင်ခြင်းသည် ထာဝရအတွက်မဟုတ်လျှင် သင်သည် ကယ်တင်ခြင်းအလျင်းမရသေးပါ။"

တစ်ကြိမ်ကယ်တင်ခြင်းရရှိခံစားပြီးသောသူသည် ထိုကယ်တင်ခြင်းကို ပြန်လည်ဆုံးရှုံးနိုင်သလား။

အချို့က ကယ်တင်ခြင်းပြန်လည် ဆုံးရှုံးနိုင်သည်ဟု ယူဆကြသည်။ ထိုအယူအဆသည် မမှန်ပါ။ သမ္မာကျမ်းစာသွန်သင်ချက်နှင့် မကိုက်ညီပါ။ "ကယ်တင်ခြင်းပြန်လည်ဆုံးရှုံးနိုင်သလော" ဟူသောမေးခွန်းကို သမ္မာကျမ်းစာက အောက်ပါအတိုင်းဖြေကြားထားပါသည်။

### အစဉ်ထာဝရအတွက်ကယ်တင်ခြင်း

"ကယ်တင်ခြင်း" သည် "အစဉ်ထာဝရအတွက်" မဟုတ်လျှင်၊ "စစ်မှန်သောကယ်တင်ခြင်း" မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ သမ္မာကျမ်းစာက သခင်ယေရှုခရစ်ကိုယုံကြည်သောသူသည် ထာဝရအသက်ရကြပြီဟုသွန်သင်ထားသောကြောင့်ဖြစ်သည်။

ယနေ့ကယ်တင်ခြင်းရရှိသော်လည်း၊ မနက်ဖန်ပြန်လည်ဆုံးရှုံးနိုင်သည်ဟုယူဆသူများသည် မှားယွင်းသောအကြောင်းရင်းနှစ်ချက်ပေါ်တွင် အခြေခံပြီး တွေးခေါ်ယူဆကြခြင်းဖြစ်သည်။

(၁) ပထမအချက်မှာ၊ "ကယ်တင်ခြင်းရရှိရန်အတွက် လူကိုယ်တိုင် ကျင့်ကြံအားထုတ်ရမည်" ဟုလွဲမှားစွာ ယူဆကြသောကြောင့်ဖြစ်သည်။ ကယ်တင်ခြင်းသည် လူ၏ကျင့်ကြံအားထုတ်မှုကြောင့်ဖြစ်သည်ဟုခံယူကြသောကြောင့်ဖြစ်သည်။ ထိုအခါ၊ ကောင်းမှုကုသိုလ်ပြုလုပ်

နိုင်လျှင် ကယ်တင်ခြင်းခံရပြီး၊ အကုသိုလ်ပြုလုပ်လျှင်မူ ရရှိပြီးသော ကယ်တင်ခြင်းကိုပြန်လည်ဆုံးရှုံးကာ ငရဲသို့ကျမည်ဟူသော သဘော ဆောင်သွားပါသည်။ တစ်နည်းအားဖြင့်၊ "ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်" သူသောကံကြမ္မာဝါဒနှင့်တူနေပါသည်။

(၂) ဒုတိယအချက်မှာ၊ ကယ်တင်ခြင်းသည် လူ၏ကြိုးစားအားထုတ်မှုကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာလျှင် ရရှိခြင်းဖြစ်ကြောင်း၊ သမ္မာကျမ်းစာသွန်သင်ချက်ကို ကောင်းစွာနားမလည်သောကြောင့်ဖြစ်သည်။ ကယ်တင်ခြင်းလုပ်ငန်းသည် လူ၏ဆောင်ရွက်ချက်မပါဘဲ၊ ဘုရားသခင်၏ လုပ်ဆောင်ချက်ဖြစ်သည်ကို ရှေးဦးစွာနားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ ထိုအချက်သည် ခရစ်ယာန်ဘာသာ၏ထူးခြားသောယုံကြည်မှုတစ်ရပ်ဖြစ်သည်။

ပထမအုပ်စုအယူအဆသမားများသည် သခင်ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခြင်းကြောင့် လောကသားများ၏အပြစ်အားလုံးကို ဘုရားသခင်ခွင့်လွှတ်တော်မူပြီးပြီဖြစ်ကြောင်းနှင့် သခင်ခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ်ယုံကြည်လက်ခံသောသူတို့အား ကိုယ်တိုင်ကျင့်ကြံအားထုတ်မှု တစ်ဆက်ကလေးမျှမပါဘဲ ဘုရားသခင်၏ အကြွင်းမဲ့ချစ်ခြင်းမေတ္တာတော်ကြောင့်သာလျှင် မေတ္တာလက်ဆောင်အဖြစ်ရရှိခြင်းဖြစ်ကြောင်းကို ကောင်းစွာ နားမလည်သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်၊ "ကျေးဇူးတော်" နှင့် "ကျင့်ကြံအားထုတ်မှု" တို့၏ခြားနားဆန့်ကျင်သည့် သဘောတရားကိုကောင်းစွာနားမလည်ခြင်းကြောင့်ပင်ဖြစ်သည်။

အထက်ပါ ဆန့်ကျင်ဘက်သဘောတရားကို ကွက်ကွက်ကွင်းကွင်း နားလည်သဘောပေါက်ရန်အတွက် "ကယ်တင်ရှင်" ဟူသော ဝေါဟာရစကားလုံးအကြောင်းကို ရှေးဦးစွာ တိကျမှန်ကန်စွာ နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ ထို့ကြောင့်၊ "ကယ်တင်ရှင်" ဟူသော ဝေါဟာရစကားလုံး၏မူရင်း အဓိပ္ပါယ်ကို အောက်တွင်ရှင်းလင်းဖော်ပြထားပါသည်။



(၁) ဥပမာ၊ သင်သည် အပြောကျယ်လှသောပင်လယ်ပြင်ကြီး၏အလယ်တွင် ရေနစ်နေသည်ဆိုကြပါစို့။ ထိုစဉ်လူတစ်ဦးက သင့်အား "အကောင်းဆုံးရေကူးနည်း" ဟူသော စာအုပ်တစ်အုပ်ကို ပစ်ပေးလိုက်ပြီး၊ "ဒီစာအုပ်ကိုဖတ်ပြီး ညွှန်ကြားထားတဲ့အတိုင်းကူးပါ" ဟုပြောလိုက်သည်ဆိုပါစို့။ ထိုသူသည် သင်၏ "ကယ်တင်ရှင်" ဖြစ်နိုင်ပါမည်လား။ မဖြစ်နိုင်ပါ။ လုံးဝဥဿုံမဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ ရေနစ်နေသူသည် ထိုစာအုပ်ကိုဖတ်ရှုလေ့လာရန် လုံးဝမဖြစ်နိုင်ပါ။ ထို့ကြောင့်၊ သူ့ကို "လမ်းညွှန်သူ" ဟုသာခေါ်ဆိုသမုတ်နိုင်မည်ဖြစ်သည်။

(၂) သို့တည်းမဟုတ်၊ လူတစ်ဦးသည် လှေပေါ်မှရေထဲသို့ ဒိုင်ဗင်ထိုးချကာ သင်၏နံဘေးတွင်လိုက်ပါလျက် မည်သို့မည်ပုံ ရေကူးခတ်ရမည်ကို လက်တွေ့ပြသပြီး၊ "ငါကူးသလို လိုက်ကူးပါ။ မင်းတကယ်လွတ်မြောက်လိမ့်မယ်" ဟုပြောသည် ဆိုကြပါစို့။ ထိုသူကို "ကယ်တင်ရှင်" ဟုခေါ်ဆိုနိုင်ပါမည်လော။ မခေါ်နိုင်ပါ။ သင်သည် ရေနစ်နေသောကြောင့် အလွန်စိတ်ခြောက်ခြားပြီး ကြောက်လန့်နေသည့်အချိန်တွင် သူ၏လက်တွေ့သင်တန်းကို လိုက်နာသင်ယူနိုင်မည်မဟုတ်ပါ။ စိတ်လည်း ဝင်စားမည် မဟုတ်ပါ။ ထို့ကြောင့် ထိုကဲ့သို့သောသူကို အမည်ပေးရမည်ဆိုလျှင်၊ "စံနမူနာပြသူ" ဟုသာခေါ်ဆိုနိုင်ပါသည်။ (ဂေါတမဗုဒ္ဓ၏ပုံစံမျိုးဖြစ်ပါသည်)။

(၃) အကယ်၍၊ လူတစ်ဦးသည် အားအင်ကုန်ခမ်း၍ ခြေကုန်လက်ပန်းကျနေသောသင့်အား ရေထဲမှဆယ်ယူကာ၊ အဝတ်အစားများလဲပေးခြင်း၊ အစာအဟာရများကျွေးမွေးပြီးသည့်နောက် သင့်ကို ရေထဲသို့ ပြန်တွန်းချကာ၊ "မင်းအခု အားရှိသွားပြီ။ ခွဲမလျှော့ဘဲ ဆက်သာကူးပါ။ လွတ်မြောက်လိမ့်မယ်" ဟုဆိုပြီး သင့်ကို ပစ်ထားလိုက်လျှင် ထိုသူသည် "ကယ်တင်ရှင်" ဖြစ်နိုင်ပါမည်လား။ လုံးဝမဖြစ်နိုင်ပါ။ ထိုသူကို အမည်ပေးရလျှင်၊ "ပညာပြသူ" ဟုသာခေါ်ဆိုနိုင်မည်။ ကူညီမည့်ဟန်ပြုပြီး၊ လမ်းခုလတ်တွင်ပြန်ချခြင်းသည် သူ၏အစွမ်းအစကို သိအောင်ပညာပြခြင်းသာဖြစ်နေပါသည်။

(၄) နောက်ဆုံးတွင်၊ လူတစ်ဦးသည် ရေထဲသို့ခုန်ဆင်းကာ သင့်ကိုပွေ့ချီဆယ်ယူပြီးနောက်၊ ကမ်းခြေအရောက်ပို့ကာ အဝတ်အစား လဲပေးပြီး၊ အစားအဟာရများကျွေးမွေးပြီးနောက် အိမ်တိုင်ရာရောက် လိုက်ပို့သည် ဆိုပါစို့။ ထိုသူသည် "ကယ်တင်ရှင်" ဖြစ်နိုင်ပါမည်လား။ ရာနှုန်းပြည့်ဖြစ်ပါသည်။ ထိုသူသည်သာလျှင် "ကယ်တင်ရှင်" အစစ် အမှန်ဖြစ်ပါသည်။ ထိုသူသည် သင့်အား "ရေကူးနည်း" စာအုပ်ပေးပြီး ကိုယ်တိုင် ရေမကူးခိုင်းပါ။ ထိုသူသည် သင်၏နဘေးတွင်ယှဉ်တွဲကာ နည်းလမ်းပြပြီး ကိုယ်တိုင်ကြိုးစားအားထုတ်ရန် မစေခိုင်းပါ။ သူသည် သင့်အား ရေထဲမှဆယ်ယူပြီးနောက် ရေထဲပြန်ချကာ ကိုယ်တိုင်ရေပြန် မကူးခိုင်းပါ။ ခြေကုန်လက်ပန်းကျနေသောသင့်ကို ပွေ့ချီသယ်ဆောင်ကာ ကမ်းခြေသို့၊ ထိုမှတဆင့် အိမ်သို့ရောက်အောင်ပို့သောသူဖြစ်သောကြောင့် စစ်မှန်သော ကယ်တင်ရှင်ဖြစ်ပါသည်။ ထိုသူသည် "သခင်ယေရှု ခရစ်တော်" ၏ကယ်တင်ခြင်းမျိုးပင်ဖြစ်ပါသည်။ (အေ၊ ၂၈–၂၉)

## ကယ်တင်ခြင်းစိတ်ချမှုအကြောင်း

သမ္မာကျမ်းစာသွန်သင်ချက်အရ တစ်ကြိမ်ရရှိပြီးသောကယ်တင် ခြင်း မဆုံးရှုံးနိုင်ကြောင်း အောက်ပါအတိုင်းတွေ့ရပါသည်။

### ၁။ ယုံကြည်သူများသည် ငြင်းပယ်ခြင်းမခံရတော့ပါ။

"ခမည်းတော်သည် ငါ့အားပေးသမျှသောသူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ **ငါ့ထံသို့လာသောသူကို ငါသည်အလျှင်းမပယ်။**" (ယော ၆း၃၇)

ခရစ်တော်ကိုယုံကြည်ကိုးစားပြီး အထံတော်သို့ချဉ်းကပ်ဆည်းပူး သောသူကို မည့်သည့်နည်းနှင့်မျှ ငြင်းပယ်မည်မဟုတ်ကြောင်းအာမခံ မိန့်တော်မူခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်၊ ပေးပြီးသောကယ်တင်



ခြင်းကို မည်သည့်အခါမျှ ပြန်လည်ရုတ်သိမ်းမည်မဟုတ်ကြောင်းမိန့် တော်မူခြင်းဖြစ်သည်။ သို့သော်၊ သခင်ခရစ်တော်ကမငြင်းပယ်သည့်တိုင် အောင်၊ ယုံကြည်သူသည် မိမိဆုံးဖြတ်ချက်ဖြင့် ခရစ်တော်ကိုစွန့်ခွာနိုင် သည်ဟုအချို့ကစောဒကတက်ကြပြန်ပါသည်။ ထိုအချက်ကို ခရစ်တော် ကိုယ်တိုင်က အောက်ပါအတိုင်းအဖြေပေးထားသည်။

"၃၉ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏ အလိုတော်ကား၊ ငါ့အားပေးသောသူတို့တွင် **တစ်စုံတစ်ယောက်ကိုမျှ ငါမပျောက်စေ ရဘဲ**၊ နောက်ဆုံးသောနေ့၌ ထိုသူအပေါင်းတို့ကို ပြန်ရှင်စေခြင်းငှါ၄င်း၊ ၄၀ သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် **ထာဝရအ သက်ကိုရစေခြင်းငှါ၄င်း** အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံး သောနေ့၌ ထိုသူတို့ကိုပြန်ရှင်စေမည်ဟုမိန့်တော်မူ၏။" (ယော ၆း၃၉–၄၀)

ယုံကြည်ခြင်းကြောင့် ကယ်တင်ခြင်းဆုကျေးဇူးခံပြီးသောသူများ တစ်ယောက်မျှ ပျောက်ဆုံးသွားခြင်းမရှိရဟု အတိအလင်းမိန့်တော်မူခြင်း ဖြစ်သည်။ တစ်ခါကယ်တင်ပြီးသောသူကို နောက်ဆုံးတိုင်အောင် ထိန်းသိမ်းထားမည်ဖြစ်သည်။ "နောက်ဆုံးသောနေ့၌ ထိုသူတို့ကိုပြန်ရှင် စေမည်" ဆိုသည်မှာ ယုံကြည်သူများ မည်သူမျှကယ်တင်ခြင်းဆုံးရှုံးမည် မဟုတ်ကြောင်း ဆိုလိုရင်းဖြစ်သည်။ သမ္မာကျမ်းစာက "မှေးမှိန်၊ ပျောက်ကွယ်ခြင်းမရှိနိုင်သောအမွေကို သင့်အဖို့ကောင်းကင်ဘုံတွင် သိမ်းထားလျက်ရှိသည်" ဟု ဤသို့ဖော်ပြထားသည်။

"၄ မည်သည့်အခါမျှမှေးမှိန်ခြင်း၊ ပျက်စီးခြင်း၊ ပျောက်ပျက်ခြင်း မဖြစ်နိုင်သောအမွေတော်ကို **သင့်အဖို့ကောင်းကင်ဘုံ၌သိုထားလျက် ရှိ၏**။ ၅ နောက်ဆုံးကာလ၌ဖွင့်ပြခြင်းငှါ အဆင်သင့်ဖြစ်နေသောကယ် တင်ခြင်းရောက်လာသည့်တိုင် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ထိန်းတော်မူ၏။" (၁ပေ ၁း၄–၅)

ကယ်တင်ခြင်းသည် မပျက်စီးနိုင်သောကောင်းကင်ဘုံအမွေဖြစ် ပြီး၊ ဘုရားသခင်ကိုယ်တိုင်သိမ်းထားပေးကြောင်းဖော်ပြသည်။ ကယ်

တင်ခြင်းကိုမဆုံးရှုံးရအောင် မည်သူကသိမ်းထားပေးသနည်း။ ဘုရားသခင်ကိုယ်တော်တိုင်၊ တန်ခိုးတော်အားဖြင့်ထိန်းသိမ်းခြင်းဖြစ်ပါသည်။ ထာဝရအသက်အမွေကိုကောင်းကင်ဘုံ၌သိုထားပေးသူမှာဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ပါသည်။ ဤနေရာတွင် "စောင့်ထိန်းတော်မူ၏" ဆိုသည်မှာ "ကာကွယ်စောင့်ရှောက်တော်မူ၏" ဟူသောအဓိပ္ပါယ်ရှိသည်။

## ၂။ ထာဝရကယ်တင်ခြင်းတွက် ဝိညာဉ်တော်က အာမခံသည်။

"[၁၃] သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ် သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကိုကြားနာရ၍ ထို ခရစ်တော်ကိုယုံကြည်ပြီးမှ၊ ကတိတော်နှင့်ယှဉ်သောသန့်ရှင်းသော ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံရကြပြီ။ [၁၄] ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကိုချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနုတ်တော်မူခြင်းသို့ မရောက်မှီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏စရံဖြစ်တော်မူ၏။" (ဧ ၁း၁၃–၁၄)

သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသည်နှင့်တပြိုင်နက် သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူ၏စိတ်နှလုံးထဲတွင်စတင်ကိန်းအောင်းပါသည်။ ထိုဝိညာဉ်တော်သည် နောက်ဆုံးသောကာလရောက်သည်အထိ၊ ယုံကြည်သူကိုထိန်းသိမ်းစောင့်ရှောက်ရန် စရံငွေပေးထားသကဲ့သို့ဖြစ်ပါသည်။ စရံငွေပေးထားသောအရာကို မည်သူကမှကြားဝင်စွပ်ဖက်ပြီး လုမယူနိုင်တော့ပါ။ စာတန်သည် ကယ်တင်ပြီးသားယုံကြည်သူတစ်ဦးကို ကယ်တင်ခြင်းဆုံးရှုံးသည်အထိ မနှောင့်ယှက်နိုင်တော့ပါ။ တစ်စုံတစ်ခုအတွက် စရံငွေပေးထားပြီးသည့်နောက်ပိုင်းတွင် ကျန်ရှိနေသေးသောပေးစရာများကိုလည်း အားလုံးကြေသည်အထိ ထပ်ပေးရဦးမည်ဖြစ်သည်။ "စရံငွေ" အနည်းငယ်ကြိုတင်ပေးခြင်းသည် နောက်ထပ်အပြည့်ပေးဦးမည်ဟူသည့်အာမခံချက်ဖြစ်သည်။ ထို့ကြောင့်၊ စရံငွေသည် ငွေအားလုံးအတွက် အာမခံဖြစ်သည်။ ထိုနည်းတူစွာပင်၊



ယုံကြည်သူသည် ထာဝရအသက်ရရှိပြီးပြီဖြစ်ကြောင်း ဝိညာဉ်တော်က "စရံငွေ" အဖြစ်အာမခံထားပါသည်။ တစ်နည်းအားဖြင့်၊ ယနေ့ယုံကြည်သူခရစ်ယာန်တစ်ဦးသည် နောက်ဆုံးသောနေ့တွင် ကောင်းကင်ဘုံ၌ထာဝရစံစားရမည်ဖြစ်ကြောင်း ဝိညာဉ်တော်ကအာမခံထားသည်ဟု အဓိပ္ပါယ်ဆိုလိုပါသည်။ အောက်ပါကျမ်းပိုဒ်ကိုကြည့်ပါ။

"ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို **ငါ့လက်မှမနုတ်မယူရာ။**" (ယော ၁၀း၂၈)

သိုးဆိုသည်မှာ ယုံကြည်သူခရစ်ယာန်များကိုတင်စားထားသည့်စကားလုံးဖြစ်သည်။ ထာဝရအသက်ရပြီးသော ယုံကြည်သူများကိုမည်သူကမှ၊ သခင်ယေရှု၏လက်တော်ထဲမှ လုမယူနိုင်ကြောင်းအာမခံဖြစ်သည်။

## ၃။ ယုံကြည်သူသည် ဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သည်။

"[၁၉] သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ **သင်တို့အထဲ၌ကိန်းဝပ်သည့် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်း**ကို၎င်း၊ မိမိတို့ကိုမိမိတို့ မပိုင်ကြောင်းကို၎င်း၊ မသိကြသလော။ [၂၀] သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။" (၁ကော ၆း၁၉–၂၀)

ယုံကြည်သူများသည် ဘုရားသခင်က သားတော်သခင်ယေရှုခရစ်၏သွေးတော်အားဖြင့် အဖိုးအခပေးပြီး ဝယ်ယူထားသောသူများဖြစ်ကြသည်။ ထို့ကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူ၏စိတ်နှလုံးထဲတွင် အမြဲကိန်းအောင်းတော်မူသည်။ ဝိညာဉ်တော်အစဉ် အမြဲကိန်းအောင်းလျှင် မည်သူမျှ အပြစ်ကျူးလွန်ဖေါက်ပြန်ခြင်း

မရှိနိုင်ပါ။ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသောသူများဖြစ်ကြသည်။

"ခမည်းတော်သည် သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ**အစဉ်မပြတ်**တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်။" (ယော ၁၄း၁၆)

ထိုဝိညာဉ်တော်သည် ယုံကြည်သူတို့နှင့်အတူ "အစဉ်မပြတ်" ရှိနေကြောင်းဖော်ပြထားပါသည်။ ထို့ကြောင့် ဝိညာဉ်တော်ရှိနေခြင်းသည် ကယ်တင်ခြင်းမဆုံးရှုံးကြောင်းသက်သေဖြစ်သည်။ တစ်နည်းဆိုသော်၊ ဝိညာဉ်တော်ကိန်းအောင်နေသရွေ့ကာလပတ်လုံး၊ ယုံကြည်သူ၏အသက်တာကိုထိန်းကျောင်းလမ်းပြပို့ဆောင်နေမည်ဖြစ်သောကြောင့် အပြစ်၏တန်ခိုးသည် ကယ်တင်ခြင်းဆုံးရှုံးအောင် တတ်နိုင်တော့မည်မဟုတ်ကြောင်းဆိုလိုရင်းဖြစ်သည်။

## ၄။ ခရစ်တော်၏ယဇ်ပူဇော်ခံခြင်းသည် စင်ကြယ်စေခြင်းအတွက်ဖြစ်သည်။

"[၁၀] ထိုအလိုတော်နှင့်အညီ ယေရှုခရစ်တော်၏ကိုယ်တော်ကို တစ်ခါတည်းပူဇော်သောအားဖြင့်၊ ငါတို့သည် **စင်ကြယ်ခြင်းသို့ရောက် ကြ**၏။... [၁၄] အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင် ခြင်းအကျိုးကိုရစေခြင်းငှါ၊ တစ်ခါတည်းပူဇော်ခြင်းအားဖြင့်ပြုတော်မူ ၏။" (ဟေ ၁၀း၁၀၊ ၁၄)

"စင်ကြယ်ခြင်း" ဟူသောစကားလုံး၏မူရင်းအဓိပ္ပါယ်မှာ "ဖြူစင်ခြင်း၊ အပြစ်အနာအဆာမရှိခြင်း" ကိုဆိုလိုသည်။ ဘုရားသခင်သည် ယုံကြည်သူများကို အပြစ်အနာအစာများကင်းစင်အောင် သခင်ယေရှု၏ယဇ်ပူဇော်ခြင်းအားဖြင့် ဆေးကြောစင်ကြယ်စေပြီးပြီဖြစ်သောကြောင့်၊ ကောင်းကင်ဘုံတွင် ထာဝရစံမြန်းကြမည့်သူတော်စင်များဖြစ်ကြပါသည်။ သခင်ယေရှု၏ယဇ်ပူဇော်ခြင်းသည် တစ်ကြိမ်တည်းဖြင့်ထာဝရအတွက်



ဖြစ်သောကြောင့်၊ အပြစ်ကင်းစင်သည်ဟု သတ်မှတ်ခံရသောသူသည် အမြဲထာဝရစင်ကြယ်သည့်သဘောပင်ဖြစ်ပါသည်။

"ငါတို့အဖို့ **ထာဝရရွေးနုတ်ခြင်းကျေးဇူး**ကိုခံရ၍ ဆိတ်သွေး၊ နွားကလေးသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့်သန့်ရှင်းရာဌာနထဲသို့ **တစ်ခါတည်း** ဝင်တော်မူ၏။" (ဟေ ၉း၁၂)

"တစ်ခါတည်းဝင်တော်မူ၏" ဆိုသည်မှာ၊ နောက်ထပ်ယဇ်ပူဇော်ခြင်းမလိုအပ်တော့ကြောင်း၊ ပြည့်စုံလုံလောက်ပြီဖြစ်ကြောင်းဆိုလိုသည်။ အောက်ပါကျမ်းပိုဒ်တွင် ပိုမိုရှင်းလင်းစွာဖော်ပြထားသည်။

"[၁၇] တဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းအမျိုးမျိုးတို့ကို **ငါ မအောက်မေ့ဘဲနေမည်**ဟုလာသတည်း။ [၁၈] ထိုအပြစ်တို့ကိုလွှတ်ပြီးလျှင် **နောက်တဖန် အပြစ်ဖြေသောပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ။**" (ဟေ ၁၀း၁၇–၁၈)။

အပြစ်လွှတ်ခြင်းခံရသူကို နောက်တစ်ဖန် အပြစ်ပေးမည်မဟုတ်ကြောင်းဆိုလိုသည်။ ထို့ကြောင့်၊ လိုရင်းတိုရှင်းပြန်ကျော့ရမည်ဆိုလျှင်၊ "ကယ်တင်ခြင်းအတွက် သခင်ယေရှု၏အသေခံတော်မူခြင်းသည် တစ်ကြိမ်တည်းဖြင့် အပြီးအစီးဆောင်ရွက်ခြင်းဖြစ်သည်။ နောက်ထပ်အသေခံခြင်းမရှိတော့ပါ။ ထိုနည်းတူ၊ ကယ်တင်ခြင်းသည်လည်း တစ်ကြိမ်တည်းဖြင့် အပြီးအပိုင်ပေးတော်မူပြီဖြစ်သောကြောင့်၊ နောက်တစ်ဖန် အပြစ်ပြန်ကျူးလွန်ခြင်းမရှိနိုင်သကဲ့သို့၊ ပြန်လည်ကယ်တင်ခြင်းမျိုးလည်း မဖြစ်နိုင်တော့ပါ" ဟုဆိုလိုပါသည်။

## ၅။ ယုံကြည်သူသည် အပြစ်စီရင်ခြင်းမှကင်းလွတ်သူဖြစ်သည်။

"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍ **အပြစ်စီရင်ခြင်းကိုမခံရ။** သေခြင်းမှအသက်ရှင်ခြင်းသို့

ကူးမြောက်သောသူဖြစ်၏။" (ယော ၅း၂၄)

ယုံကြည်သူသည် "ထာဝရအသက်ကိုရပြီ" ဖြစ်သောကြောင့် တစ်သက်လုံးအတွက်အာမခံပြီးဖြစ်သည်။ "ထာဝရ" ဟူသောစကားလုံး၏ "ကြားတွင်" မည်သည့်ပြောင်းလဲခြင်းမျိုးမှ မရှိနိုင်ပါ။ တစ်စုံတစ်ခုအား "ရာသက်ပန်အတွက်" သတ်မှတ်ထားလျှင်၊ ကြားတွင် အပြောင်းအလဲမရှိနိုင်ပါ။ အပြောင်းအလဲ ရှိနိုင်သေးလျှင် ရာသက်ပန်အတွက် မဖြစ်နိုင်တော့ပါ။ ရှေးက "ရာသက်ပန်ကျွန်" များကို သိသာစေရန် နားဖေါက်ထားကြသည်။ နားပေါက်ပါရှိသောကျွန်သည် မည်သည့်အခါမျှ လူလွတ်မဖြစ်နိုင်တော့ပါ။ ထိုနည်းတူစွာပင်၊ "ထာဝရအသက်ရပြီးသူအမှန်ဖြစ်လျှင်၊ မည်သည့်အပြောင်းအလဲမှ မရှိနိုင်တော့ပါ။" အကယ်၍၊ ပြောင်းလဲမှုရှိခဲ့မည်ဆိုလျှင် ထိုသူသည် "ထာဝရအသက် မရသောသူ" သာဖြစ်လိမ့်မည်။ ခရစ်ယာန်အတုသာဖြစ်မည်။ ခရစ်ယာန်အစစ်သည် ပြန်၍ပြိုလဲကျခြင်း မရှိနိုင်တော့ပါ။ ပြန်လဲကျခဲ့ပါက ခရစ်ယာန်အတုသာဖြစ်ပါလိမ့်မည်။

ယုံကြည်သူသည် သေခြင်းမှအသက်ရှင်ခြင်းသို့ ကျော်ဖြတ်သွားသူများဖြစ်သောကြောင့် နောက်တစ်ဖန်အပြစ်စီရင်ခြင်းခံရန်မဖြစ်နိုင်ပါ။ "အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏" ဟုကျမ်းစာကဖော်ပြထားပါသည်။

"၁၃ ဒုစရိုက်အပြစ်၌သော်၎င်း၊ ဇာတိပကတိ၌အရေဖျားလှီးခြင်းကို မခံသောအဖြစ်၌၎င်း သေလျက်ရှိနေသောသင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ **သင်တို့အပြစ်ရှိသမျှတို့ကိုလွှတ်တော်မူ၏**။" (ကော ၂း၁၃)

"အပြစ်ရှိသမျှတို့ကို လွှတ်တော်မူခြင်းခံရသူသည်" ဘုရားသခင်ရှေ့တော်မှောက်တွင် စင်ကြယ်သူ(သူတော်စင်)ဖြစ်သွားပါသည်။

"၃၈ ထိုကြောင့် ညီအကိုတို့၊ ထိုသခင်၏ကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခြင်းတရားကို သင်တို့အားဟောကြားသည်ကို၎င်း၊ ၃၉ ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် မောရှေ၏တရားအတိုင်း မလွှတ်နိုင်သော **အပြစ်ရှိသမျှတို့နှင့်လွတ်ရကြသည်**ကို၎င်း သိမှတ်ကြ



လော့။" (တ ၁၃း၃၈-၃၉)

အပြစ်အားလုံးမှ၎င်း၊ ပညတ်တရားအားလုံးမှ၎င်း၊ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသောသူသည် နောက်ထပ်အပြစ်စီရင်ခြင်းမရှိနိုင်တော့ပါ။ "ခွင့်လွှတ်ခြင်းသည် လွတ်မြောက်ခြင်း" ဖြစ်ပြီး၊ "လွတ်မြောက်ခြင်းသည် ကယ်တင်ခြင်း" ဖြစ်ပါသည်။

## ၆။ သားတော်ကိုရသောသူသည် ထာဝရအသက်ကိုရ၏။

သားတော်ကိုယုံကြည်လက်ခံလျှင် ထာဝရအသက်ကိုရသည်။ တစ်ဖန်၊ ထာဝရအသက်ရပြီးနောက် ပြန်ဆုံးရှုံးခြင်းမရှိနိုင်တော့ပါ။ သမ္မာကျမ်းစာက အောက်ပါအတိုင်းပြတ်သားစွာဖော်ပြထားပါသည်။

"၁၁ သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အားထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ ၁၂ **သားတော်ကိုရသောသူသည် အသက်ကိုရ၏**။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရ။ ၁၃ ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူတို့သည် **ထာဝရအသက်ကို ကိုယ်တိုင်ရသည်**ဟုသိစေခြင်းငှါ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။" (၁ယော ၅း၁၁-၁၃)

ကယ်တင်ခြင်း ပြန်လည်ဆုံးရှုံးနိုင်သည်ဟု ထင်မြင်ယူဆသူများရှိခဲ့ဖူးသောကြောင့် တမန်တော်ကြီးယောဟန်က "ကယ်တင်ခြင်း မဆုံးရှုံးနိုင်ကြောင်း" ကို အသေအချာ၊ ဂဃနဏသိစေလိုသောကြောင့် ယောဟန်ကြဝါဒကျမ်းစာကို ရေးသားရခြင်းဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ အထက်ပါကျမ်းပိုဒ်ကိုထောက်ရှုခြင်းအားဖြင့်၊ သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောသူတိုင်းသည် ထာရအသက်ကိုရရှိပြီးပြီဖြစ်ကြောင်း စိတ်ချလက်ချနေကြရန်သာရှိပါတော့သည်။

တစ်ခါက လူတစ်ဦးသည် သမ္မာကျမ်းစာကိုလှန်ပြီး အိပ်ယာကုတင်အောက်တွင် ရှေ့တိုးနောက်ဆုတ်လုပ်နေသည်။ ထိုအခါ ဇနီးသည်

က မြင်လိုက်သဖြင့် "ဘာလုပ်နေတာလဲ" ဟုမေးလိုက်သည်။ ထိုသူကလည်း "စာတန်ဟာ အမှောင်ထဲမှာရှိနေတတ်တယ်မဟုတ်လား။ ငါ့ရရှိထားတဲ့ ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်တယ်ဆိုပြီး ငါ့ကိုမညာရဲအောင် (၁ယော ၅း၁၃)ကို ဖွင့်ပြနေတာပါ" ဟုပြန်ပြောပြလိုက်သည် ဟုသတည်း။

ဆိုလိုသည်မှာ၊ စာတန်သည် ယုံကြည်သူများကို သံသယစိတ်ဝင်လာအောင် အမျိုးမျိုးနှောင့်ယှက်တတ်သောကြောင့်၊ ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟုဆိုခြင်းသည် စာတန်၏လက်ချက်သာဖြစ်သောကြောင့်၊ လိမ်ညာသူ၊ စုံစမ်းနှောင့်ယှက်သူ စာတန်ငြိမ်ကျသွားအောင် ကျမ်းပိုဒ်ဖြင့် ပိုင်ပိုင်နိုင်နိုင်အလဲထိုးလိုက်ခြင်းဖြစ်သည်။

ဘုရားသခင်သည် ကတိသစ္စာတည်မြဲသောဘုရား၊ မပြောင်းလဲသောဘုရား၊ တည်ကြည်သောဘုရားဖြစ်သောကြောင့်၊ "ပေးပြီးသောကယ်တင်ခြင်းကို ပြန်ယူမည်မဟုတ်ကြောင်း" ကျမ်းစာက အတိအလင်းဖော်ပြထားပြီးဖြစ်သည်။

"ဘုရားသခင်သည် မုသာစကားကိုပြောအံ့သောငှါ လူဖြစ်တော်မူသည်မဟုတ်။ နောင်တရအံ့သောငှါ လူသားဖြစ်တော်မူသည်မဟုတ်။ မိန့်တော်မူပြီးမှ၊ စကားတော်အတိုင်းမပြုဘဲနေတော်မူမည်လော။ ကတိထားတော်မူပြီးမှ၊ ကတိတော်မတည်ဘဲနေတော်မူမည်လော။" (တော ၂၃း၁၉)

မုသာမပြောတတ်သောဘုရားသခင် ကိုယ်တော်တိုင်က သားတော်ကို ယုံကြည်သောသူသည် "ထာဝရအသက်ရပြီ" ဟုဆိုလျှင်၊ စိတ်ချလက်ချယုံရန်သာဖြစ်ပါသည်။ ကျမ်းစာက ထာဝရအသက်ကို "ရမည်" ဟုအနာဂါတ်ကာလဖြင့် ရေးသားခဲ့ပါက မသေချာ၊ မရေရာဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ကျမ်းစာက "ရပြီ" ဟုအတိတ်ကာလဖြင့် အတိအလင်းဖော်ပြထားခြင်းဖြစ်သောကြောင့် စိုးရိမ်ကြောင့်ကျစရာမလိုတော့ပါ။ စိတ်နှလုံးဒုန်းဒုန်းချရန်သာရှိပါတော့သည်။ ထို့ကြောင့်၊ ယုံကြည်ခြင်းကို "အားကိုးခြင်း"၊ "စိတ်ချခြင်း"၊ "ပုံအပ်ခြင်း" ဟု



အဓိပ္ပါယ်ဖွင့်ဆိုကြခြင်းဖြစ်သည်။ သခင်ယေရှုမိန့်တော်မူသော စကားကို သုံးသပ်ကြည့်ပါ။

"...သင်တို့၏နာမည်များသည် ကောင်းကင်စာရင်း၌ဝင်သည်ကို ဝမ်းမြောက်ခြင်းရှိကြလော့ဟုမိန့်တော်မူ၏။" (လု ၁၀း၂၀)

သခင်ယေရှုကိုယ်တိုင်၊ "သင်တို့၏အမည်သည် ကောင်းကင်ဘုံစာရင်းတွင် ထည့်သွင်းထားပြီး" ဟုအတိအလင်းမိန့်တော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ကတိတည်သောဘုရားဖြစ်သောကြောင့် ယုံကြည်သူကို ကယ်တင်ခြင်းဆုံးရှုံးအောင်လုပ်မည်မဟုတ်ကြောင်းကို ကျမ်းစာကအာမခံထားပါသည်။

## "တစ်ချက်ခုတ်၊ ထာဝရပြတ်"

သမ္မာကျမ်းစာက ကယ်တင်ခြင်းလုပ်ငန်းသည် တစ်ကြိမ်တည်းပြုလုပ်ပြီး၊ အစဉ်ထာဝရအတွက်ဖြစ်ကြောင်းဖော်ပြထားပါသည်။ အကြိမ်ကြိမ် ကယ်တင်ခြင်းအကြောင်းကို သမ္မာကျမ်းစာတွင်မတွေ့ရပါ။ ထို့ကြောင့်၊ တစ်ကြိမ်ကယ်တင်ခြင်းခံရသူသည် အစဉ်ထာဝရအတွက်ဖြစ်သောကြောင့် ထိုကယ်တင်ခြင်းပြန်လည်ဆုံးရှုံးမည့်အရေး စိုးရိမ်စရာမလိုပါ။ ဘုရားသခင်ဆောင်ရွက်တော်မူသောအရာအပေါ်တွင် စိတ်ချလက်ချနေရန်သာဖြစ်သည်။

သို့သော်၊ အကယ်၍ ယုံကြည်သူသည် အပြစ်ကျူးလွန်ခဲ့သော် မည်သို့ဖြစ်မည်နည်း။ တစ်ဖန် အမှားပြုလုပ်ခဲ့လျှင် မည်ကဲ့သို့အရေးယူမည်နည်း။ တစ်ကြိမ် ကယ်တင်ပြီးသောသူသည် ကယ်တင်ခြင်းပြန်လည် ဆုံးရှုံးနိုင်သလော။ မေးခွန်းမှာစုံလှသည်။ အဖြေမှာ "မဆုံးရှုံးနိုင်ပါ" ဟူ၍ ဖြစ်သည်။ တစ်ကြိမ် ကယ်တင်ခြင်းခံရသောသူသည် တစ်သက်လုံး ကယ်တင်ခြင်းခံရသူဖြစ်သည်။ ယင်းကို "ထာဝရစိတ်ချရမှု" ("eternal security")၊ "တစ်ကြိမ်ကယ်တင်ခြင်းသည် အမြဲတမ်း

ကယ်တင်ခြင်းဖြစ်သည်" ("Once saved, always saved") ဟုခေါ်ပါသည်။

အောက်ပါကျမ်းပိုဒ်များကိုကြည့်ခြင်းအားဖြင့် တစ်ကြိမ်တစ်ခါ ကယ်တင်ခြင်းခံရပြီးသောသူသည် နောက်တဖန် အပြစ်စီရင်ခြင်းမရှိတော့ပါ။ ထာဝရအသက်ကိုရပြီးပြီဖြစ်ပါသည်။

"၁၄ မောရှေသည်တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ ၁၅ အကြောင်းမူကား ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ **ထာဝရအသက်ကိုရမည်**အကြောင်းတည်း။" (ယော ၃း၁၄–၁၅)

"ပျက်ဆီးခြင်းသို့မရောက်" ဆိုသည်မှာ၊ "အပြစ်စီရင်ခြင်းမရှိ" ဟုဆိုလိုသည်။ အောက်ပါကျမ်းပိုဒ်တွင် ပိုမိုရှင်းလင်းစွာဖော်ပြပါသည်။

"သားတော်ကိုယုံကြည်သောသူသည် **အပြစ်စီရင်ခြင်းကိုမခံရ။** မယုံကြည်သောသူမူကား၊ ဘုရားသခင်၌တစ်ပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကိုခံရ၏။" (ယော ၃း၁၈)

သားတော်ကိုယုံကြည်သူသည် ယနေ့တွင် ကယ်တင်ပြီးဖြစ်ပြီး၊ မယုံကြည်သောသူသည်လည်း ယနေ့တွင်ပင် အပြစ်ဒဏ်ပေးခြင်းကို စတင်ခံနေရပြီဟုဆိုလိုပါသည်။

"၃၈ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ ၃၉ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုခရစ်တော်၏အားဖြင့်ခံရသော **ဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်**ဟု ငါသည်သဘောကျလျက်ရှိ၏။" (ရော ၈း၃၈–၃၉)

အထက်ပါကျမ်းပိုဒ်တွင် "ဘုရားသခင်၏မေတ္တာတော်" ဆိုသည်



မှာ၊ "ထာဝရအသက်" ကိုဆိုလိုပါသည်။ အကြောင်းမှာ၊ ထာဝရအသက်သည် ဘုရားသခင်၏မေတ္တာကရုဏာကြောင့်သာ မထိုက်တန်ဘဲလျက် အခမဲ့ရရှိခြင်းဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်၏မေတ္တာတော်ဖြင့် လက်ဆောင်ရခဲ့သော "ထာဝရအသက်" မှလွဲချော်သွားအောင် မည်သည့် တန်ခိုးရှင်များကသော်၎င်း၊ ဖန်ဆင်းထားသောအရာအားလုံးကသော်၎င်း မပြုလုပ်နိုင်ကြောင်း သမ္မာကျမ်းစာကအတိအလင်းဖော်ပြထားပါသည်။

"ရွေးနုတ်ခြင်းရက်တိုင်အောင် **သင်တို့ကိုတံဆိပ်ခတ်တော်မူသော** ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။" (ဧ ၄း၃၀)

အထက်ပါကျမ်းပိုဒ်အရ၊ နောက်ဆုံးသောကာလရောက်သည်အထိ သန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူများကိုမပျောက်လွင့်အောင် တံဆိပ်ခတ်ထားသည်၊ ထိန်းသိမ်းထားသည်ဟုဆိုလိုပါသည်။

ကယ်တင်ခြင်းရပြီးသည့်နောက် ပြန်လည်ဆုံးရှုံးနိုင်ဦးမည်ဆိုလျှင် ထိုကယ်တင်ခြင်းသည် မိမိကောင်းမှုကုသိုလ်ကြောင့်၊ လုပ်အားခအတွက် ထိုက်တန်စွာရရှိထားသည့်သဘောကိုဆောင်လိမ့်မည်။ အမှန်မှာ ထိုသို့မဟုတ်ပါ။ ကယ်တင်ခြင်းကို လူတို့ကျင့်ကြံအားထုတ်ခြင်းဖြင့်ရသည် မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အခမဲ့လက်ဆောင်ရရှိခြင်းသာဖြစ်သည်။ အောက်ပါကျမ်းပိုဒ်ကိုသေချာဖတ်ကြည့်ပါ။

"၈ ယုံကြည်သောအားဖြင့် **ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်း**သို့ ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ၉ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။" (ဧ ၂း၈–၉)

ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့်၊ မထိုက်တန်သော်လည်း လက်ဆောင်အဖြစ်ရရှိခြင်းဖြစ်သည်။ အပြစ်ကင်းစင်သောကြောင့် ရသည် မဟုတ်ပါ။ အပြစ်သားဖြစ်လျက်၊ အပြစ်ရှိနေလျက်ပင် ဘုရား

သခင်၏ကျေးဇူးကရုဏာတော်ကြောင့် ရရှိခြင်းဖြစ်သည်။ အပြစ်ရှိနေပါလျက်နှင့် ပေးသနားခဲ့သောကြောင့်၊ အပြစ်ကျူးလွန်သည်နှင့် ပြန်ရုတ်သိမ်းစရာအကြောင်းမရှိပါ။ အပြစ်သားဖြစ်နေစဉ်ကပင် ပေးထားသောကြောင့်၊ နောက်ထပ်အပြစ်ကိုကျူးလွန်လျှင်လည်း ပေးပြီးသောအရာသည် ပေးပြီးသားဖြစ်ပါသည်။ အောက်ပါကျမ်းပိုဒ်ကို လေ့လာကြည့်ပါ။

"အကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိပါ။ ပြုဖူးသမျှသော ကောင်းမှုကုလိုသ်တို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏။ အကျွန်ုပ်တို့ ရှိသမျှသည် သစ်ရွက်ကဲ့သို့ညှိုးနွမ်းလျက်ရှိ၍၊ ကိုယ်အပြစ်တို့သည် လေကဲ့သို့အကျွန်ုပ်တို့ကိုတိုက်သွားပါပြီ။" (ဟေရှာ ၆၄း၆)

လူသည် မွေးရာပါအပြစ်တရားကြောင့် ဘုရားသခင်၏အလိုတော်စံချိန်နှင့်ကိုက်ညီအောင် သန့်ရှင်းစင်ကြယ်စွာ အသက်မရှင်နိုင်ကြပါ။ မောရှေ၏ပညတ်တော်ဆယ်ပါးကို ကြည့်ခြင်းအားဖြင့် လူသည် ပညတ်တစ်ခုကိုပင် မစောင့်ရှောက်နိုင်လောက်အောင် မည်မျှအားအင်ချိနဲ့နေသည်ကိုမြင်တွေ့နိုင်သည်။ ပညတ်တရားသည် လူကိုကောင်းမွန်စေလိုသောရည်ရွယ်ချက်ဖြင့် ပေးထားခြင်းဖြစ်သော်လည်း လူကိုကောင်းမွန်အောင် မပြုလုပ်နိုင်သည့်အပြင်၊ လူ၏မကောင်းမှုအားလုံးကို စာရင်းပြုစုဖော်ပြရန် ပေးအပ်ထားသကဲ့သို့ဖြစ်သွားပါလေသည်။ ပညတ်တော်ကို လိုက်နာရန် ကြိုးစားအားထုတ်လေလေ၊ မလိုက်နိုင်မှန်းသိသာထင်ရှားလာလေလေဖြစ်နေပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သားတော်အားဖြင့် လူသားများအတွက် ထွက်ပေါက်ရှာပေးခဲ့ခြင်းဖြစ်ပါသည်။ အပြစ်နှင့်ကင်းစင်သောသခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံစေခြင်းသည် ယုံကြည်သူအားလုံးအတွက် အပြစ်လွှတ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ဖြစ်သည်။ ဘုရားသခင်မြင်တွေ့လိုသော အပြစ်ကင်းစင်သည့်အသက်တာကို သခင်ယေရှုခရစ်တော်က အစားထိုးလိုက်ခြင်းဖြစ်ပါသည်။ ခရစ်တော်၏အသေခံခြင်းသည် ယာယီအတွက် မဟုတ်ပါ။ အစဉ်ထာဝရအတွက်သာဖြစ်ပါသည်။ သို့မဟုတ်ပါက၊ လူသားတို့ အပြစ်ကျူးလွန်တိုင်း သခင်ယေရှုခရစ်တော် အကြိမ်ကြိမ်



အသေခံရန်လိုအပ်နေလိမ့်မည်။ မဖြစ်နိုင်ပါ။

တစ်ဖန် သိထားရမည့်အချက်တစ်ခုမှာ၊ မယုံကြည်သူတစ်ဦးသည် ကယ်တင်ခြင်းဆုံးရှုံးခဲ့လျှင် ထာဝရအတွက် ဆုံးရှုံးခြင်းဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော်၊ ခရစ်တော်အသေခံခြင်းသည် တစ်ကြိမ်တည်းဖြင့် ထာဝရအတွက်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကယ်တင်ခြင်း တစ်ကြိမ်လွတ်ချော်သွားသောသူသည်လည်း တသက်လုံးထာဝရအတွက် လက်လွတ်ဆုံးရှုံးသွားခြင်းဖြစ်ပြီး၊ တစ်ကြိမ်ရလိုက်သောသူသည်လည်း ထာဝရအတွက်ရရှိခြင်းဖြစ်ပါသည်။ အောက်ပါကျမ်းချက်ကိုနားလည် သဘောပေါက်ရန်အရေးကြီးပါသည်။

"[၄] အလင်းသို့တစ်ခါရောက်၍ ကောင်းကင်စွမ်းရည်ကျေးဇူးကို မြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူခြင်း၊ [၅] ဘုရားသခင်၏ကောင်းမြတ်ခြင်းတရားစကားကို၎င်း၊ နောင်ကပ်ကာလ၌တန်ခိုးများကို၎င်း၊ မြည်းစမ်းခြင်းရှိပြီးမှ၊ [၆] **ရွေ့လျော့ဖေါက်ပြန်သောသူတို့သည်** မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍အသရေတော်ကိုရှုတ်ချသောသူဖြစ်သောကြောင့်၊ နောက်တစ်ဖန် နောင်တရအံ့သောငှါ အသစ်ပြုပြင်ခြင်းသို့မရောက်နိုင်ကြ။" (ဟေဗြဲ ၆း၄–၆)

အထက်ပါကျမ်းပိုဒ်သည် ကယ်တင်ခြင်း ထာဝရခိုင်မြဲကြောင်း အာမခံထားသောကျမ်းပိုဒ်ဖြစ်သည်။ ကယ်တင်ခြင်းရပြီးနောက်၊ တစ်ဖန်ဖေါက်ပြန်ရန်မဖြစ်နိုင်ကြောင်းဖော်ပြခြင်းဖြစ်သည်။ ကယ်တင်ခြင်း၏အနှစ်သာရများကိုမြည်းစမ်းပြီးသည့်နောက်၊ တစ်ဖန်ပြန်လည်ဖေါက်ပြန်ခြင်းသည် မဖြစ်နိုင်ပါ။ အကယ်၍ ဖေါက်ပြန်ခဲ့လျှင်လည်း ထိုသူသည် ကယ်တင်ခြင်းအမှန်တကယ်ရရှိသူ မဖြစ်နိုင်ပြန်ပါ။ အကြောင်းမှာ ကယ်တင်ခြင်းအမှန်တကယ်ရရှိသောသူသည် အသစ်ပြုပြင်ခြင်းကိုခံရသူ (၂ကော ၅း၁၇) ဖြစ်သောကြောင့် တစ်ဖန်ဖေါက်ပြန်ရန်မဖြစ်နိုင်တော့ပေ။ အပြန်အလှန်အားဖြင့်၊ တစ်ဖန်ဖေါက်ပြန်သောသူ၊ အပြစ်ကို တစ်ဖန်ကျူးလွန်သောသူသည်လည်း ကယ်တင်ခြင်းကို အမှန်တကယ် ရရှိခံစားရသူမဟုတ်သည့် သက်သေအထောက်အထားပင်ဖြစ်သည်။

အချို့သည် အထက်ပါကျမ်းပိုဒ်ကိုကိုးကားပြီး ကယ်တင်ခြင်း ရပြီးသောသူသည် နောက်တစ်ဖန်ပြန်လည်ဖေါက်ပြန်နိုင်ကြောင်း၊ ထိုသို့ ဖေါက်ပြန်ခြင်းသည် လူ့သဘာဝဖြစ်ကြောင်း စောဒကတက်ကြသည်။ ထို့ကြောင့် လူသည် ဖေါက်ပြန်တတ်သောသတ္တဝါဖြစ်ပြီး၊ ဖေါက်ပြန်မိလျှင်လည်း ချက်ချင်းပြန်လည်နောင်တရရန်လိုအပ်သည်ဟု တိုက်တွန်းကြသည်။ အမှန်မှာ ဟေဗြဲကျမ်းပိုဒ်သည် “ကယ်တင်ခြင်းရပြီးသူများမည်သည့်အခါမျှ ဖေါက်ပြန်ခြင်းမရှိနိုင်သည့်အကြောင်းကိုသာ” ဖော်ပြခြင်းဖြစ်သည်။ ဟေဗြဲကျမ်းစာအရ၊ အမှန်တကယ် မယုံကြည်သောသူသည် ဖေါက်ပြန်ရန်အသင့်ရှိသော်လည်း၊ အမှန်တကယ်ယုံကြည်သောသူမူကား ဖေါက်ပြန်ရန်အကြောင်းမရှိဟုဆိုလိုပါသည်။ အဘယ်ကြောင့်ဆိုသော် အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားသောကြောင့်ဖြစ်သည်။

“ထိုသို့ပြောသော်လည်း၊ ချစ်သူတို့၊ သင်တို့သည် **ကယ်တင်ခြင်းနှင့်ယှဉ်သောအရာ၊ သာ၍ကောင်းသောအရာတို့နှင့်ဆိုင်သည်ကို၊** ငါတို့ သည် သဘောကျလျက်ရှိကြ၏။” (ဟေ ၆း၇)

အထက်ပါကျမ်းပိုဒ်က ယုံကြည်သူတို့သည် ကယ်တင်ခြင်းနှင့်ထိုက်တန်စွာ၊ ကောင်းသောသီလများဖြင့် အသက်ရှင်ကြသည့်အတွက် ချီးကျူးဂုဏ်ယူထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် ဟေဗြဲကျမ်းစာ၏ ရည်ရွယ်ချက်သည် ယုံကြည်သူတစ်ဦး ပြန်လည်ဖောက်ပြန်နိုင်သည့်အကြောင်းကိုတင်ပြခြင်းမဟုတ်ဘဲ၊ “မဖောက်ပြန်သူ၊ ကောင်းသောအကျင့်သီလတို့ဖြင့် အသက်ရှင်ကြသည့် ခရစ်ယာန်များအကြောင်းကို” ဖော်ပြခြင်းသာဖြစ်သည်ကို အမြဲမှတ်သားထားရမည်။

အောက်ပါကျမ်းချက်များက ယုံကြည်သူတစ်ဦးသည် နောက်ထပ်တစ်ဖန် ဖေါက်ပြန်ပြိုလဲခြင်းမရှိနိုင်သကဲ့သို့၊ တစ်ဖန်ဖေါက်ပြန်သောသူသည်လည်း အမှန်တကယ်ယုံကြည်သူမဟုတ်သည့်အကြောင်း သက်သေခံထားကြပါသည်။



“၁၉ ထိုသူတို့သည် ငါတို့ထံမှထွက်သွားကြ၏။ သို့သော်လည်း အထက်က ငါတို့နှင့်မစပ်ဆိုင်ကြ။ ငါတို့နှင့်စပ်ဆိုင်လျှင် ငါတို့နှင့်အတူနေကြလိမ့်မည်။ ထိုသူအပေါင်းတို့သည် **ငါတို့နှင့်မစပ်ဆိုင်ကြောင်းကို ထင်ရှားစေခြင်းငှါ၊ ငါတို့ထဲမှထွက်သွားကြ၏။**” (၁ယော ၂း၁၉)

ခရစ်ယာန်ဟုဆိုပြီး ခရစ်ယာန်အသိုင်းအဝိုင်းမှထွက်ခွာသောသူသည် အမှန်တကယ်ခရစ်ယာန်မဟုတ်ခဲ့ကြောင်း၊ ဟုတ်ခဲ့လျှင်ထွက်ခွာသွားမည်မဟုတ်ကြောင်းဆိုလိုသည်။ ဟန်ဆောင်သောခရစ်ယာန်များဖြစ်ကြကြောင်းဖော်ပြသည်။ အယောင်ဆောင် ခရစ်ယာန်များသည် နှိပ်စက်ညှင်းပန်းခြင်းနှင့်ကြုံတွေ့ရသောအခါ မခံနိုင်ဘဲ၊ ထွက်ပြေးသွားကြသည့်သဘောဖြစ်သည်။ ထိုသူတို့သည် ကယ်တင်ခြင်းအမှန်တကယ်ရရှိသူများ မဟုတ်ကြပါ။ ထို့ကြောင့် ဖေါက်ပြန်ကြခြင်းဖြစ်သည်။

“ကိုယ်တော်၌တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။ **ဒုစရိုက်ကိုပြုတတ်သောသူမည်သည်ကား၊ ကိုယ်တော်ကိုမသိမမြင်ရသေး။**” (၁ယော ၃း၆)

သခင်ယေရှုကိုယုံကြည်သောသူသည် ဒုစရိုက်အပြစ်ကိုနောက်ထပ်မကျူးလွန်တော့ကြောင်း၊ အကယ်၍ကျူးလွန်ခဲ့လျှင် အမှန်တကယ်ယုံကြည်သူမဟုတ်ကြောင်းဆိုလိုသည်။ အမှန်တကယ်နောင်တရပြီး၊ သခင်ယေရှုခရစ်တော်ကိုယုံကြည်လက်ခံသောသူတိုင်း ကယ်တင်ခြင်းဆုကျေးဇူးကိုခံစားကြရသည် (တ ၁၆း၃၁၊ ယော ၆း၃၇၊ ၁၄း၆)။ ကယ်တင်ခြင်းရပြီးသူတို့သည် တစ်ဖန်ဖေါက်ပြန်ခြင်းမရှိနိုင်ပါ။

သို့ဖြစ်လျှင်၊ အဘယ်ကြောင့် အချို့သောအသင်းတော်များသည် “ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်” ဟုဟောပြောနေကြသနည်း။

ထိုသို့ ဟောပြောသောသူများသည် ကိုယ်တိုင်အပြစ်ကျူးလွန်လိုသူများ၊ အပြစ်ကိုမစွန့်လွှတ်နိုင်သူများသာဖြစ်ကြသည်။ ဘုရားသခင်၏ကျေးဇူးတော်ကယ်တင်ခြင်းကို အလွဲသုံးစားပြုသူများ၊ “အပြစ်ကျူးလွန်ရန်လိုင်စင်” ကဲ့သို့အသုံးပြုလိုသူများဖြစ်ကြသည်။ တစ်ချိန်က အလွန်နာမည်ကျော်ကြားပြီး၊ အလွန်တိုးတက်သည့် အသင်းတော်ကြီးများသည်

ယနေ့ အပြစ်တရား၏လက်အောက်တွင် ရေစုန်မျောနေကြသည်ကို ဝမ်းနည်းစွာတွေ့ရသည်။ ထိုသူတို့သည် အမှန်တကယ်ပင် ကယ်တင်ခြင်းမရရှိခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုသူတို့ကို သမ္မာကျမ်းစာက အောက်ပါအတိုင်းဖော်ပြထားသည်။

"[၁၄]**ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။** ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြားနားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်။" (၁ကော ၂း၁၂–၁၄)

ကယ်တင်ခြင်းစိတ်ချရမှုသည် အလွန်အရေးကြီးသောကြောင့်၊ ကယ်တင်ခြင်းမဆုံးရှုံးနိုင်ခြင်းနှင့်ပတ်သက်သော သမ္မာကျမ်းစာပါ သွန်သင်ချက်များကို အောက်တွင် အနည်းငယ်ထပ်မံဖော်ပြပါမည်။

(၁) **ဘုရားသားသမီးများသည် ထာဝရအသက်ရကြသည်။**

"[၁၂] ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ **ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို** ပေး တော်မူ၏။ [၁၃] ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ဖွားသောသား မဟုတ်။ လူအလိုဖြင့်ဖွားသောသားမဟုတ်။ ဘုရားသခင်ဖွားတော်မူသော သားဖြစ်သတည်း။" (ယော ၁း၁၂–၁၃)။

"[၁၆] ငါတို့သည် **ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူသက်သေခံတော်မူ၏။** [၁၇] သားမှန်လျှင်အမွေခံ၊ ဘုရားသခင်၏အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့် အတူ ဘုန်းဝင်စားမည်အကြောင်း၊ ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကို ခံရလျှင်၊ ထိုသခင်နှင့်ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏။" (ရော ၈း၁၆–၁၇)

သားသမီးများသည် မိခင်ဖခင်၏စည်းစိမ်များကိုအမွေခံကြရပါသည်။ ထိုနည်းတူ၊ သခင်ယေရှုကိုယုံကြည်လက်ခံကြသောကြောင့်



တိုင်း ထာဝရအမွေကိုပိုင်ဆိုင်ကြပါသည်။

(၂) **ဘုရားသခင်ရွေးကောက်ထားသောသူတို့ကို လုယူ၍မရပါ။**

"[၃၃] **ဘုရားသခင်ရွေးကောက်တော်မူသောသူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။** ဖြောင့်မတ်ရာ၌တည်စေသောသူကား ဘုရားသခင်ပေတည်း။ [၃၄] အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ခံသည်သာမက၊ သေခြင်းမှပြန်ရှင်၍ ဘုရားသခင်၏လက်ျာတော်ဘက်၌နေလျက်၊ ငါတို့အဖို့ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။ [၃၅] ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ငါတို့ကို အဘယ်သူကွာစေမည်နည်း။" (ရောမ ၈း၃၃–၃၅)

ဘုရားသခင်သည် လူကိုအပြစ်သားဘဝကပင် ဖြောင့်မတ်သူအဖြစ်ရွေးကောက်တော်မူခြင်းကိုထောက်ရှုကြည့်ခြင်းအားဖြင့် ယုံကြည်သူကို ဘုရားသခင်၏လက်မှ မည်သူကမျှမလုယူနိုင်ကြောင်းတွေ့ရသည်။

(၃) **ဘုရားသခင်၏သားသမီးများ အပြစ်၏ကျွန်မဟုတ်ပါ။**

"[၆] ထိုသို့ သင်တို့သည်သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။ [၇] သို့ဖြစ်၍ သင်တို့သည်နောက်တစ်ဖန် **အစေအပါးကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။** သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏**အမွေခံလည်းဖြစ်ကြ၏။**" (ဂ ၄း၆–၇)

ဘုရားသခင်ကို အဗ္ဗအဘဟုခေါ်ဆိုနိုင်သောသူမှန်သမျှသည် ဘုရားသခင်၏သားသမီးအမှန်ဖြစ်ကြပြီး၊ ကောင်းကင်ဘုံအမွေများကို ပိုင်ဆိုင်သူများဖြစ်ကြသည်။

(၄) **ဝိညာဉ်တော်ရသူသည် သွေးသားအလိုသို့ မလိုက်တော့ပါ။**

သွေးသားအလိုကိုလိုက်သောသူ၊ ဒုစရိုက်ကိုပြုသောသူသည်

သန့်ရှင်းသောဝိညာဉ်တော် မရရှိသောသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဝိညာဉ်ကိုရရှိသောသူသည် ဇာတိအလိုကို မလိုက်တော့ပါ။

"သို့သော်လည်း **ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူလျှင်၊ သင်တို့သည်ဇာတိပကတိဘက်၌ရှိကြသည် မဟုတ်။ ဝိညာဉ်ပကတိဘက်၌ရှိကြ၏**။ ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" (ရော ၈း၉)

ဘုရားသခင်၏ဝိညာဉ်တော်ကိန်းအောင်းသောသူသည် မဖေါက်ပြန်တော့ပါ။ အကယ်၍ဖေါက်ပြန်ခဲ့လျှင် ဝိညာဉ်တော်ထွက်သွား၍ဖြစ်မည်။ သို့သော် ဝိညာဉ်တော်သည် တစ်ကြိမ်တစ်ခါကိန်းအောင်းပြီးလျှင် ပြန်လည်ထွက်သွားခြင်းမရှိပါ။ ဝိညာဉ်တော်သည် ယုံကြည်သူများနှင့် "အစဉ်မပြတ်တည်နေကြောင်း" ကျမ်းစာတွင် ဖော်ပြထားသည်။

"ခမည်းတော်သည် သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ**အစဉ်မပြတ်တည်နေစေခြင်းငှါ** သင်တို့အားပေးတော်မူမည်။" (ယော ၁၄း၁၆)

(၅) **အသစ်ပြောင်းလဲသူသည် ဒုစရိုက်အပြစ်မကျူးလွန်ပါ။**

"[၉] **ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူ မည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်**။ အကြောင်းမူကား၊ ထိုသူ၌ မျိုးစေ့တော်တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူဖြစ်သောကြောင့် ဒုစရိုက်ကိုမပြုနိုင်။ [၁၀] ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့်မာရ်နတ်၏သားတို့သည်ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်း တရားကိုမကျင့်သောသူ၊ မိမိညီအကိုကိုမချစ်သောသူမည်သည်ကား၊ ဘုရားသခင်နှင့်မဆိုင်။" (၁ယော ၃း၉–၁၀)

ကျမ်းစာက ယုံကြည်သောကြောင့် ခရစ်တော်၌အသစ်တစ်ဖန်မွေးဖွားပြီးသောသူများသည် မည်သည့်အခါမျှ ဒုစရိုက်အပြစ်ကျူးလွန်ခြင်း၊ အကုသိုလ်အလုပ်ကိုလုပ်ခြင်းမျိုး မရှိနိုင်တော့ပါ။ အကြောင်းမူကား၊ သူသည် ပြောင်းလဲလူသစ်ဖြစ်သွားပြီဖြစ်သောကြောင့်ပေတည်း။



သို့မဟုတ်လျှင်၊ စာတန်မာရ်နတ်၏သားသမီးများသာဖြစ်ကြလိမ့်မည်။

(၆) **ယုံကြည်သူသည် အကုသိုလ်အလုပ်ကိုရှောင်ကြသည်။**

"[၁၇] ထို့ကြောင့်၊ ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ **မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်**။ ထိုသို့ပြုလျှင်သင်တို့ကို ငါလက်ခံမည်။ [၁၈] သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသောထာဝရဘုရား မိန့်တော်မူ၏။" (၂ကော ၆း၁၇–၁၈)

ကျမ်းစာအရ၊ ယုံကြည်သူသည် သန့်ရှင်းသူဖြစ်သောကြောင့်၊ မကောင်းမှုအကုသိုလ်မှန်သမျှ လက်နှင့်ပင်မတို့ထိရကြောင်းသတိပေးထားပါသည်။ ထို့ပြင်၊ ဒုစရိုက်ကိုကျူးလွန်နေသောသူသည် မည်သည့်နည်းနှင့်မျှ ဘုရားသခင်၏သားသမီးမဖြစ်နိုင်ကြပါ။

## ယုံကြည်သူသစ်လိုက်နာရန်စည်းမျဉ်းများ

### ၁။ သမ္မာကျမ်းစာလေ့လာခြင်း

ကိုယ်ခန္ဓာအတွက် အစာအဟာရလိုအပ်သလို၊ စိတ်ဝိညာဉ် အဟာရအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်း စာလိုအပ်ပါသည်။

**(၁) ဘုရားသခင်ဝိညာဉ်မှုတ်သွင်းသမ္မာကျမ်းစာဖြစ်သည်။**

"[၁၆] ထိုကျမ်းစာရှိသမျှသည် **ဘုရားသခင်မှုတ်သွင်းတော်မူသော** အားဖြင့်ဖြစ်၍၊ [၁၇] ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရား ကိုသွန်သင်ခြင်း**ကျေးဇူးများ**ကို ပြုတတ်၏။" (၂တိ ၃း၁၆–၁၇)

**(၂) ကျမ်းစာသည် စိတ်အကြံအစည်ကိုသိသည်။**

"ဘုရားသခင်၏နှုတ်ကပတ်တော်တရားသည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက်ထက်ခြင်းနှင့် ပြည့်စုံ သည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကို၎င်း၊ အရိုးဆစ်နှင့် ခြင်ဆီကို၎င်း ပိုင်းခြား၍ထုတ်ခြင်းထွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။" (ဟေ ၄း၁၂)။

**(၃) ဒေသနာသည် ဒဿနမဟုတ်၊ ဝိညာဉ်တန်ခိုးဖြစ်သည်။**

"[၄–၅] သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ၊ ငါ့စကား၊ ငါ့ ဒေသနာသည် လူပညာနှင့်ယှဉ်သောဖြားယောင်းသောစကားနှင့်တကွ



ရှိသည်မဟုတ်။ ဝိညာဉ်တော်၏နိမိတ် လက္ခဏာတန်ခိုးတော်နှင့်တကွ ရှိ၏။" (၁ကော ၂း၃–၅)

**(၄) ဒဿနသည် သစ္စာတရားမဟုတ်၊ ပြောင်းလဲနေသည်။**

"ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသောနည်း ဥပဒေသနှင့်လောကီတရားနုကိုလိုက်၍၊ လောကီပညာနှင့်ချီးနှီးသော ပရိယာယ်အားဖြင့် သင်တို့ကိုအဘယ်သူမျှ မလုယူဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့။" (ကော ၂း၈)

**(၅) သမ္မာကျမ်းစာမှယုံကြည်ခြင်း၊ ကယ်တင်ခြင်းဖြစ်သည်။**

"သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြား နာခြင်းသည်လည်း **ဘုရားသခင်၏စကားတော်**အားဖြင့်ဖြစ်၏။ " (ရော ၁၀း၁၇)

### ၂။ ကျမ်းစာကျက်မှတ်ရန်လိုအပ်ခြင်း

**(၁) သမ္မာကျမ်းစာလေ့လာပြီး၊ ကုသိုလ်ပွားများရပါမည်။**

"[၁၄] ဤအကြောင်းအရာများကို သူတစ်ပါးတို့အား သတိပေး လော့။ အဘယ်အကျိုးကိုမျှမပြုစု၊ ကြားနာသူတို့၏စိတ်ကို မှောက်လှန် သောငှါ၊ **စကားကြောင့်သာငြင်းခုံခြင်း**ကို မပြုမည်အကြောင်း၊ သခင် ဘုရားရှေ့၌သစ္စာပေးလော့။ [၁၅] သင်မူကား၊ ရှက်ကြောက်စရာအကြောင်း မရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သောဆရာသမား ဖြစ်လျက်၊ ဘုရားသခင်၏အသိအမှတ်ပြုခြင်းကိုခံယူသူအဖြစ် မိမိ ကိုယ်ကိုဆက်သခြင်းငှါ အကောင်းဆုံးကြိုးစားအားထုတ်လော့။" (၂တိ ၂း၁၄–၁၅)

**(၂) ကျမ်းဖတ်၊ အာဂုံဆောင်၊ လိုက်နာစောင့်ရှောက်ရမည်။**

"[၁၄–၁၅] သင်သည် အဘယ်သူထံ၌နည်းခံခဲ့ပြီးသည်ကို၎င်း၊ ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ပညာကိုပေး နိုင်သောဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကို၎င်း

သိမှတ်သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့။" (၂တိ ၃း၁၄–၁၅)

**(၃) လူသစ်များကိုနုနယ်သောတရားဖြင့် ကျွေးမွေးရမည်။**

"၂ အမျိုးမျိုးသောမနာလိုခြင်း၊ လှည့်ဖျားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကိုပယ်ရှား၍၊ ကယ်တင်ခြင်းအလိုငှါ နှုတ်ကပတ်တရား၏နို့စစ်အားဖြင့်ကြီးပွားမည်အကြောင်း၊ ၃ ဘွားစသောသူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန်လိုချင်သောစိတ်ရှိကြလော့။" (၁ပေ ၂း၂–၃)

**(၄) စုံစမ်းမေးမြန်းသူအတွက်၊ အဖြေအဆင်သင့်ရှိရမည်။**

"စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မျှော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသူရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့်ပြန်ပြောခြင်းငှါ၊ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့။" (၁ပေ ၃း၁၅)

## ၃။ သမ္မာကျမ်းစာကို ထိရောက်စွာလေ့လာနည်း

(၁) ဖတ်ပြီး၊ ကျက်မှတ်ထားပါ။
(၂) သဘောမပေါက်မချင်းဆက်ဖတ်ပါ။
(၃) မှတ်စုစာအုပ်တွင် ရေးမှတ်ပါ။
(၄) ကျမ်းပိုဒ်တစ်ပိုဒ်ကိုနားမလည်လျှင် အခြားကျမ်းပိုဒ်ဖြင့် နှိုင်းယှဉ်ကြည့်ပြီး အဖြေရှာပါ။

(၅) ခွဲခြမ်းစိပ်ဖြာပြီး တဆင့်စီလေ့လာပါ။

(က) မည်သူကရေးသနည်း။
(ခ) မည်သူ့ထံသို့ရေးသနည်း။
(ဂ) ကျမ်းစာ၏နောက်ခံအကြောင်းအဘယ်နည်း။
(ဃ) ကျမ်းစာကဘာကိုဆိုလိုသနည်း။
(င) ကျမ်းစာ၏ရည်ရွယ်ချက်အဘယ်နည်း။။

(၆) အဓိပ္ပါယ်မရှင်းလျှင်၊



(က) ဝေါဟာရအနက်ဖွင့်ကျမ်းများကိုသုံးပါ။
(ခ) အနက်ဖွင့်ကျမ်းများကိုအသုံးပြုပါ။
(ဂ) အခြားဘာသာပြန်ကျမ်းများနှင့်နှိုင်းယှဉ်သုံးသပ်ပါ။
(ဃ) ကျမ်းဂံကျွမ်းကျင်သူများနှင့်ဆွေးနွေးတိုင်ပင်ပါ။

(၇) ကိုယ်ပိုင်သုံးသပ်ချက်များကိုမှတ်စုစာအုပ်တွင် ခေါင်းစဉ်အလိုက် ရေးမှတ်ထားပါ။

(၈) အကြောင်းအရာတစ်ခုအတွက် အဓိကကျမ်းပိုဒ်နှင့် အခြားကျမ်းကူအပိုဒ်များကိုလည်း ဘေးတွင်ယှဉ်၍မှတ်သားထားပါ။

(၉) လက်ကိုင်ကျမ်းစာတစ်အုပ်ထားရှိပြီး၊ ရိုသေစွာကိုင်တွယ်ပါ။ ကျမ်းစာအုပ် ခဏခဏမလဲပါနှင့်။ မှတ်သားထားသော ကျမ်းပိုဒ်နှင့် စာမျက်နှာကို မျက်စိတွင်မြင်ယောင်ပြီး ပြန်ကောက်ရာတွင်လွယ်ကူစေပါသည်။

(၁၀) ကယ်တင်ခြင်းနှင့်သက်ဆိုင်သောကျမ်းပိုဒ်အချို့ကိုအလွတ်မှတ်မိအောင်ကျက်မှတ်ထားပါ။ ဥပမာ၊

- အားလုံးအပြစ်သားဖြစ်ခြင်း (ရော ၃း၂၃)
- အပြစ်၏အခသည်သေခြင်း (ရော ၆း၂၃)
- ကယ်တင်ခြင်းအတွက်ကြိုးစား၍မရခြင်း (ဧ ၂း၈–၉)
- ခရစ်တော်အားဖြင့်ဖြောင့်မတ်ခြင်း (၂ကော ၅း၂၁၊ ဖိ ၃း၉)
- ကယ်တင်ခြင်းတွက်ယုံကြည်ခြင်းအဓိကဖြစ်ခြင်း(ယော ၃း၁၆)
- ကယ်တင်ခြင်းစိတ်ချရန်လိုအပ်ခြင်း (၁ယော ၅း၁၃)
- ကောင်းကင်ဘုံပြည့်စုံခန်းနားခြင်း (ဗျာ ၂၁း၂၇)

## ၄။ ဆုတောင်းခြင်း

ဆုတောင်းခြင်းသည် ခရစ်ယာန်တို့၏အစွမ်းထက်သော လက်နက်ဖြစ်သည်။ ဆုတောင်းခြင်းဖြင့် လူသားများကိုချစ်တော်မူသော ဘုရားသခင်အားစကားပြောခြင်းဖြစ်သည်။ မိဿဟာယဖွဲ့ခြင်းဖြစ်သည်။

**(၁) ဘုရားသခင်ကိုခေါ်ပါ။**

"ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသောအရာတို့ကို ငါပြမည်။" (ယေ ၃၃း၃)

**(၂) ဖခင်ထံတောင်းသကဲ့သို့ ဆုတောင်းပါ။**

"[၁၄] ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်သမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ [၁၅] အကြောင်းမူကား၊ သင်တို့သည် တစ်ဖန် ကြောက်ရွံ့တတ်သောကျွန်သဘောကိုရကြသည်မဟုတ်။ အဗ္ဗ အဘဟုခေါ်ရသောအခွင့်နှင့်သားဖြစ်ခြင်း၏သဘောကိုရကြပြီ။" (ရော ၈း၁၄–၁၅)

**(၃) ကျေးဇူးတော်ကိုချီးမွမ်းပါ။**

"[၆] အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသောအရာများတို့ကိုဘုရားသခင်အား ကြားလျှောက်ကြလော့။ [၇] ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။" (ဖိ ၄း၆–၇)။

**(၄) ဝမ်းမြောက်စွာအသက်ရှင်ပါ။**

"[၁၆] အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။ [၁၇] မခြားမလပ် ဆုတောင်းပဌနာပြုကြလော့။ [၁၈] အရာရာ၌ ကျေးဇူးတင်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။" (၁သက် ၅း၁၆–၁၈)

**၅။ အတူဝတ်ပြုခြင်း၊ မိဿဟာယဖွဲ့ခြင်း**

**(၁) ကနဦးအသင်းတော် စုဝေးခြင်းကိုအမြဲပြုလုပ်သည်။**



စုဝေးသည့်အခါတွင် ဆုတောင်းခြင်း၊ သက်သေခံခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများပြုလုပ်လေ့ရှိကြပါသည်။

"ယေရုရှလင်မြို့သို့ရောက်လျှင်၊ တမန်တော်တို့နှင့်သင်းအုပ်တို့မှစ၍ သင်းဝင်သူများတို့တွင် လက်ခံခြင်းကျေးဇူးကိုခံ၍၊ မိမိတို့အားဖြင့် ဘုရားသခင်ပြုတော်မူသမျှတို့ကိုပြန်ကြားကြ၏။" (တ ၁၅း၄)

**(၂) တနင်္ဂနွေနေ့တိုင်း ဝတ်ပြုကိုးကွယ်ကြသည်။**

"ခုနစ်ရက်တွင် **ပဌမနေ့၌မုန့်ကိုဖဲ့ခြင်းငှါ စုဝေး**ကြသောအခါ၊ ပေါလုသည် နက်ဖြန်နေ့၌ထွက်သွားမည်ဖြစ်၍၊ သန်းခေါင်တိုင်အောင် ဟောပြောလျက်နေလေ၏။" (တ ၂၀း၇)

"[၁၈] နက်ဖြန်နေ့၌ ပေါလုသည် ငါတို့နှင့်တကွယာကုပ်ထံသို့ဝင်လျှင်၊ သင်းအုပ်အပေါင်းတို့သည် **စုဝေးကြ၏**။ [၁၉] ပေါလုသည် ထိုသူများကိုနှုတ်ဆက်ပြီးလျှင်၊ ဓမ္မဆရာအမှုကို မိမိဆောင်ခြင်းအားဖြင့် တပါးအမျိုးတို့တွင် ဘုရားသခင်ပြုတော်မူသမျှတို့ကို သေခြာစွာထုတ်ဖော်ပြသလေ၏။ [၂၀] ထိုသူတို့သည်ကြားလျှင် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ၏။..." (တ ၂၁း၁၈–၂၀)

**(၃) ဝတ်ပြုခြင်းမပျက်ကွက်ရန် မှာကြားထားသည်။**

ခရစ်ယာန်တို့၏အစည်းအဝေးနှင့် ဝတ်ပြုကိုးကွယ်ခြင်းသည် အချင်းချင်းမေတ္တာထားကြရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ရန်အတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ တရားဒေသနာဟောပြောခြင်းများပါဝင်သည်။

"[၂၄] ထိုမှတစ်ပါး၊ **မေတ္တာစိတ်ရှိစေခြင်းငှါ၄င်း**၊ **ကောင်းသောအကျင့်ကို** ကျင့်စေခြင်းငှါ၄င်း၊ **တိုက်တွန်းနှိုးဆော်**ရသောအခွင့်ကိုရှာ၍၊ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ [၂၅] လူအချို့တို့၏ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း**စုဝေးခြင်းအမှုကို မရှောင်လွှဲကြနှင့်။** အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကိုထောက်သဖြင့်၊ သာ၍ကြိုးစားကြလော့။" (ဟေ ၁၀း၂၄–၂၅)

### ၆။ သူတပါးထံသက်သေခံခြင်း

### (၁) ဧဝံဂေလိသတင်းကောင်းဟောပြောရမည်။

“**ဧဝံဂေလိတရား**ကို စောင့်ထိုက်သောသူအဖြစ် ငါတို့ကိုဘုရားသခင်လက်ခံတော်မူသည်နှင့်အညီ၊ လူကိုနှစ်သိမ့်စေဖို့မဟုတ်၊ ငါတို့စိတ်နှလုံးကိုစစ်ကြောသောဘုရားသခင်ကိုနှစ်သိမ့်စေဖို့ ငါတို့ **ဟောပြော**ကြ၏။” (၁သက် ၂း၄)

### (၂) နှုတ်ကပတ်တော်ကို မဟောဘဲမနေနိုင်ပါ။

“ထိုကြောင့် ငါသည်**နှုတ်ကပတ်တော်ကိုမပြောကြား**၊ နာမတော် ကိုအမှီပြု၍မဟောဘဲနေမည်ဟုသဘောထားသော်လည်း၊ ငါ့အရိုးတို့၌ ချုပ်ထားး၍၊ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ ဖြစ်သောကြောင့်၊ အလွန်ငြီးငွေ့သဖြင့် **အောင့်၍မနေနိုင်**။” (ယေ ၂၀း၉)

### (၃) ဘုရားသခင်၏အခွင့်အာဏာဖြင့်ဟောပြောရမည်။

“[၁၉] သင်တို့သည်သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ [၂၀] ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင် အောင်သင်တို့နှင့်အတူ အစဉ်အပြတ်ရှိသည်ဟုတပည့်တော်တို့အား မိန့်တော်မူ၏။” (မ ၂၈း၁၉–၂၀)

ဧဝံဂေလိဟောပြောခြင်းသည် သခင်ဘုရား၏အမိန့်တော်ဖြစ်သည်။ မပျက်မကွက်ဆောင်ရွက်ရမည်။ ငြင်းဆန်၍မရပါ။

“[၁၈] ထိုသို့ဖြစ်သော် ဘုရားသခင်၏တန်ခိုး တော်အားဖြင့်ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် ပြန်လည်သင့်မြတ်စေတော်မူ၏။ ထိုပြန်လည်သင့်မြတ်ခြင်းတရားကို **ဟောရသောအခွင့်အရာကို ငါတို့၌ အပ်ပေးတော်မူ**



**၏**။ [၁၉] ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်၊ လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်ပြန်လည်သင့်မြတ်စေတော်မူ၏။ ထိုပြန်လည် သင့်မြတ်ခြင်းတရားကိုလည်း ငါတို့၌အပ်ထားတော်မူ၏။” (၂ကော ၅း၁၇–၁၉)။

## ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်း

“လူသားသည် မိမိအဘခမည်းတော်၏ဘုန်းအာနုဘော်ကို ဆောင်လျက်၊ ကောင်းကင်တမန်အခြံအရံတို့နှင့်ကြွလာတော်မူလတံ့။ ထိုအခါ လူအသီးအသီး ကျင့်သောအကျင့်နှင့်အလျောက် **အကျိုးအပြစ်ကိုဆပ်ပေးတော်မူလတံ့။**” (မ ၁၆း၂၇)

ယုံကြည်သူခရစ်ယာန်တိုင်းသည် “ကယ်တင်ခြင်း” တည်းဟူသော ထာဝရအသက်ကိုပိုင်ဆိုင်ထားသောသူများဖြစ်ကြသည်။ သို့သော်လည်း ထိုကယ်တင်ခြင်းသည် မိမိကြိုက်သလိုနေထိုင်သွားလာရန် အခွင့်အရေးပေးထားခြင်းမဟုတ်ပါ။ ယုံကြည်သူများသည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည် (ယော ၁း၁၂)။ ထို့ကြောင့် ဘုရားသခင်သည်သူ၏ သားသမီးများကို ပြုစုစောင့်ရှောက်ခြင်း၊ ဆုံးမပဲ့ပြင်ခြင်းတို့ကိုဆောင်ရွက်မည်ဖြစ်ကြောင်း သိထားကြရပါမည်။ ကယ်တင်ခြင်းရပြီးသည့်နောက် နေချင်သလိုနေပြီး၊ လုပ်ချင်သလိုလုပ်နိုင်သည်ဟု ယူဆသောသူများသည် သမ္မာကျမ်းစာကို လုံးဝနားမလည်သောသူ၊ ဝိညာဉ်တော်အမှုဆောင်ပုံကို လုံးဝနားမလည်သောသူများဖြစ်ကြသည်။

လူ့သမိုင်းကိုလေ့လာလျှင် အုပ်စိုးသူအစိုးရတိုင်း၊ အဖွဲ့အစည်းတိုင်း၊ အိမ်ထောင်တိုင်းတွင် ဆုပေးဒဏ်ပေးစနစ်ကိုကျင့်သုံးကြကြောင်း တွေ့ရသည်။ အပြစ်ရှိသူတရားခံကိုအပြစ်မပေးဘဲထားခြင်းသည် လူမိုက်ကိုအားပေးရာရောက်ပါသည်။ တရုတ်ပညာရှင်ကြီး Confucius တည်ထောင်သောဘာသာနှင့်လူမှုအဖွဲ့အစည်းကြီးတွင် ရာဇဝတ်မှုသည်မရှိနိုင်ဟုဆိုကြသည်။ အဘယ်ကြောင့်နည်းဆိုသော်၊ သူသည် အပြစ်ရှိသူကို

ပြစ်ဒဏ်ပေးဆုံးမပြီး၊ လူတော်လူကောင်းများကို ဆုချီးမြှင့်ခဲ့ပါသည်။ ဘုရားသခင်ဖန်ဆင်းထားသောကမ္ဘာလောကကြီးတွင် Confucius သည် ဘုရားသခင်သတ်မှတ်ထားသော လူ့ကျင့်ဝတ်များကိုလိုက်နာကျင့်သုံးသူ ဖြစ်သည်။

ဘုရားသခင်သည် လူသားများနှင့်ဆက်ဆံရာတွင် နည်းစနစ်နှစ်မျိုးအသုံးပြုပါသည်။ (က) ဘုရားသခင်၏စကားကို နားထောင်လိုက်နာသူများအတွက် လမ်းပြခြင်း၊ ခွန်အားပေးခြင်း၊ ထောက်မခြင်းများပြုလုပ်သည်။ (ခ) ဘုရားသခင်၏စကားနားမထောင်ဘဲ တော်လှန်ပုန်ကန်သူများအား နာခံလာအောင်နည်းအမျိုးမျိုးသုံးပြီးဆုံးမပဲ့ပြင်သည်။ ဘုရားသခင်သည် ချစ်တော်မူသောသားသမီးများကို အမြဲဆုံးမတော်မူကြောင်း သမ္မာကျမ်းစာကဖော်ပြထားသည်။

(၁) **ဘုရားသခင်သည် ချစ်တော်မူသောသူကိုဆုံးမသည်။**

“၁၁ ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏အပြစ်ကိုစစ်ဆေးတော်မူသောအခါ စိတ်မပျက်နှင့်။ ၁၂ ထာဝရဘုရားသည် **ချစ်တော်မူသောသူကိုဆုံးမတော်မူတတ်၏။ နှစ်သက်တော်မူသောသားကို ဒဏ်ခတ်တော်မူတတ်၏။**” (သု ၃း၁၁–၁၂)

ထိုပြင်၊ ဘုရားသခင်၏ဆုံးမတော်မူခြင်းကိုခံရသောသူများသည် မင်္ဂလာရှိသူများဖြစ်ကြောင်း ကျမ်းစာကဆက်လက်ဆိုထားပါသည်။

“အပြစ်နှင့်အလျောက် **ဘုရားသခင်၏စစ်ဆေးတော်မူခြင်းကို ခံရသောသူသည် မင်္ဂလာရှိ၏**။ ထို့ကြောင့် အနန္တတန်ခိုးရှင်ဆုံးမတော်မူခြင်းကို မထီမဲ့မြင်မပြုပါနှင့်။” (ယောဘ ၅း၁၇)

(၂) **အပြစ်ဝန်ချတောင်းပန်ပါ။**

မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ၊ “ဆုံးမပဲ့ပြင်ခြင်း” ဆိုသည်မှာ၊ ကောင်းမွန်တိုးတက်အောင်မြင်စေလိုသောကြောင့်သာဖြစ်ပါသည်။ ထို့ကြောင့်၊ စိတ်မညှိုးငယ်ဘဲ မိမိအပြစ်ကိုဝန်ချတောင်းပန်သင့်ပါသည်။



“၉ **ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ** ဘုရားသခင်သည် သစ္စာ တရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။ ” (၁ယော ၁း၉)

အပြစ်ကိုဝန်ချတောင်းပန်သူတိုင်းအား ဘုရားသခင် ခွင့်လွှတ်တော်မူ၏။ သို့သော်လည်း အပြစ်ကိုအမြဲကျူးလွန်ပြီး အကြိမ်ကြိမ်အပြစ်ဝန်ချတောင်းပန်သူကိုမူ လက်ခံတော်မမူပါ။ ထိုသို့သောသူများအတွက် အာမခံချက်ပေးမထားပါ။ သတိပြုရမည့်အရေးကြီးသည့်အချက်တစ်ခုမှာ၊ သင်၏အပြစ်ကိုဝန်ချတောင်းပန်သောကြောင့် ဘုရားသခင်သည် သင်၏အပြစ်ကို ခွင့်လွှတ်တော်မူသည့်တိုင်အောင်၊ သင်ပြုခဲ့သောအပြစ်၏ကျိုးဆက်ကိုမူကား သင်သည်မလွဲမသွေခံရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်၊ “ဒဏ်ရာပျောက်သွားသော်လည်း၊ အမာရွတ်တော့ ကျန်နေဦးမည်” ဖြစ်သည်။

ဥပမာ၊ လူတစ်ဦးသည် အရက်ကိုအလွန်အကျွံသောက်သည်ဆိုကြပါစို့။ တစ်နေ့တွင် သူသည် နောင်တရသောကြောင့် အပြစ်ကိုဝန်ချတောင်းပန်သည်ဆိုပါစို့။ ဘုရားသခင်သည် သူ၏အပြစ်ကိုခွင့်လွှတ်တော်မူလိမ့်မည်။ သို့သော်လည်း၊ အရက်အလွန်အကျွံသောက်ခဲ့သောကြောင့် ပေါ်ပေါက်လာသည့် အသဲရောင်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ခြင်းစသည်တို့ကိုမူ ဘုရားသခင်သည် ပျောက်ကင်းစေတော်မူလိမ့်မည် မဟုတ်ပါ။ “ဘယ်သူမပြု၊ မိမိမှု” သာဖြစ်ပါသည်။

(၃) **ပြုလုပ်ခဲ့သည့်အတိုင်း အကျိုးအပြစ်ကိုအတိအကျခံရမည်။**

ထို့ကြောင့် “လုပ်ရဲရင်၊ ခံရဲရမည်” ဟူသောဆိုစကား ပေါ်ပေါက်လာခြင်းဖြစ်သည်။

“အကြောင်းမူကား၊ ငါတို့ရှိသမျှသည်ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း **အကျိုးအပြစ်ကို အသီးသီးခံခြင်းငှါ ခရစ်တော်၏တရားပလ္လင်ရှေ့၌** ပေါ်လာရကြမည်။” (၂ကော

၅း၁၀)

လူတိုင်းတစ်နေ့ သေကြရမည်။ သေပြီးသည့်နောက် "သိုးနှင့်ဆိတ်ခွဲခြင်း"၊ "ကုသိုလ်အလုပ်နှင့်အကုသိုလ်အလုပ်" တို့ကို စစ်ဆေးခြင်း၊ တရားစီရင်ခြင်းရှိမည်ဖြစ်သည်။ ထို့ကြောင့် ဒုစရိုက်နှင့်အကုသိုလ်အလုပ်ကို ကြိုတင်ရှောင်ရှားရန်လိုအပ်ကြောင်း၊ အကယ်၍ ဒုစရိုက်ကိုကျူးလွန်ပါက ကျူးလွန်ခဲ့သောအပြစ်အတွက် နောက်ဆက်တွဲအကျိုးဆက်များကို တစ်ခုမကျန်မလွဲမသွေခံရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက အောက်ပါအတိုင်း အတိအလင်းသတိပေးထားပါသည်။

## (၄) စိုက်သည့်အတိုင်းပြန်ရိတ်သိမ်းရမည်။

"[၇] အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ **လူသည် မျိုးစေ့ကြဲသည်အတိုင်းအသီးအနှံကိုရိတ်ရလိမ့်မည်။** [၈] မိမိဇာတိပကတိ၌မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့်ပုပ်ပျက်ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကိအားဖြင့် ထာဝရအသက်ရှင်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။" (ဂ ၆း၇-၈)။

ဗုဒ္ဓဘာသာအလိုအရ၊ "ကောင်းတာလုပ်ရင်၊ ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်" ဟူသောသဘောဖြစ်ပါသည်။ မီးကိုလက်နှင့်တို့သူသည် လက်မီးလောင်ခြင်းခံရမည်ဖြစ်သည်။ "ဝဋ်မှာအမြဲ၊ ငရဲမှာအပ" ဆိုသကဲ့သို့၊ ဝဋ်ကြွေးကိုပြန်ဆပ်ရမည်ဖြစ်ပါသည်။

ဥပမာ၊ ဒါဝိဒ်မင်းကြီးသည် စစ်ဗိုလ်ဥရိယ၏ဇနီး ဗာသရှေဘကိုမတရားသိမ်းယူသောအပြစ်အတွက် ပရောဖက်နာသန်က ဆုံးမလိုက်သောအခါ နောင်တရသဖြင့် ဘုရားသခင်၏ခွင့်လွှတ်တော်မူခြင်းခံရသော်လည်း အပြစ်၏အကျိုးဆက်အတွက် သူ၏သားဦးသည် အသက်သေဆုံးခဲ့ရသည်။ သမ္မာကျမ်းစာက အပြစ်ကျူးလွန်သူသည် အပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားသည်။



လူတိုင်း မိမိစိုက်သည့်အပင်၏အသီးအပွင့်ကို ပြန်ရိတ်သိမ်းရမည်။ မည်သည့်အပင်ကို သင်စိုက်မည်နည်း။ လူတစ်ဦးသည် ဖရောင်းတိုင်မီးကို လက်နှင့်တို့လျှင် လက်မီးလောင်မည်မှာ သေချာလှပါသည်။ သို့သော် လက်ဖြင့်မတို့ဘဲနေလျှင် ဖရောင်းတိုင်မီးက လာရောက်ပြီး သူ၏လက်ကိုလောင်မည်မဟုတ်ပါ။ ထိုနည်းတူ၊ ခရစ်ယာန်များသည် လူသားများဖြစ်ကြသည့်အားလျော်စွာ အပြစ်ကိုကျူးလွန်နိုင်သော အခြေအနေတွင် အမြဲရှိနေကြသည်။ သို့သော်၊ ဝိညာဉ်တော်၏ထိန်းသိမ်းကာကွယ်မှုကြောင့်သာလျှင် အပြစ်ကိုရှောင်တိမ်းနိုင်ကြခြင်းဖြစ်ပါသည်။

## (၅) ဆုံးမခြင်းသည် အခံရခက်သော်လည်း အကျိုးရှိသည်။

တစ်ဖန်၊ ဆုံးမပဲ့ပြင်ရာတွင် ဆူပူကြိမ်းမောင်းခြင်းနှင့်ပြစ်ဒဏ်ပေးခြင်းများပါဝင်တတ်ပါသည်။ ထို့ကြောင့် ကျမ်းစာက ဤသို့သတိပေးထားသည်။

"ဆုံးမခြင်းမည်သည်ကား၊ ခံရစဉ်အခါ ဝမ်းမြောက်စရာမထင်၊ ဝမ်းနည်းစရာထင်တတ်၏။ သို့သော်လည်း၊ ဆုံးမခြင်းကိုခံရသောသူတို့သည်၊ နောက်မှငြိမ်သက်ခြင်းနှင့်သက်ဆိုင်သော **ဖြောင့်မတ်ခြင်းအကျိုးကို** ခံရကြ၏။" (ဟေ ၁၂း၁၁)

## (၆)အမြဲပုန်ကန်သူကို ဘုရားသခင်စောစွာခေါ်တော်မူသည်။

သတိပြုရမည့် အရေးကြီးသည့်အချက်တစ်ခုရှိပါသည်။ လူသည် ဘုရားသခင်၏စကားတော်ကိုမနာခံဘဲ အမြဲတော်လှန်ပုန်ကန်နေလျှင် ဆုံးမသည့်အနေဖြင့် ဘုရားသခင်၏အိမ်တော်သို့စောစီးစွာခေါ်ဆောင်ခြင်းခံရနိုင်ပါသည်။ သမ္မာကျမ်းစာက သတိပေးထားပါသည်။

"[၃၀] ထိုအကြောင်းကြောင့်၊ သင်တို့တွင်အားနည်းသောသူ၊ မကျန်းမာသောသူများရှိကြ၏။ **သေသောသူများလည်းရှိကြ၏။** [၃၁] ငါတို့သည် ကိုယ်ကိုကိုယ်စစ်ကြောစီရင်လျှင်၊ စစ်ကြောစီရင်တော်မူခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ [၃၂] စစ်ကြောစီရင်တော်မူခြင်းကိုခံရသောအခါ၊ လောကီသားတို့နှင့်အတူ အပြစ်စီရင်ခြင်းနှင့်ကင်းလွတ်မည်

အကြောင်း **ဆုံးမတော်မူခြင်းကိုခံရကြ၏။”** (၁ကော ၁၁း၃၀)

ခရစ်ယာန်များ ဘုရားစကားနားမထောင်ဘဲ အပြစ်ကျူးလွန်နေပါက သူ၏ဝိညာဉ်ကိုကယ်တင်ရန်အတွက် သူ၏ကိုယ်ခန္ဓာသေဆုံးစေသောဆုံးမခြင်းကို သမ္မာကျမ်းစာတွင်တွေ့ရပါသည်။

“[၄] စီရင်ချက်ဟူမူကား၊ ငါသည် သခင်ယေရှု၏အခွင့်အားဖြင့် သင်တို့သည် ငါ့ဝိညာဉ်နှင့်အတူစုဝေးပြီးမှ ငါတို့သခင်ယေရှုခရစ်၏တန်ခိုးတော်ကိုအမှီပြု၍၊ [၅] ထိုသူ၏ဝိညာဉ်သည် ယေရှုခရစ်၏နေ့ရက်၌ ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း **သူ၏ကိုယ်ခန္ဓာပျက်စီးဖို့ရာ** သူ့ကို စာတန်လက်သို့အပ်နှံကြစေဟု ငါစီရင်၏။” (၁ကော ၅း၄–၅)

ဝိညာဉ်ကယ်တင်ခြင်းဆုံးရှုံးသွားသည်အထိ ကြီးမားသောအပြစ်ကို မကျူးလွန်မိ၊ စောစောစီးစီးအသက်ကို နုတ်ယူခြင်းကိုဆိုလိုသည်။

(၇) **ဆုလာဘ်မရသော်လည်း ကယ်တင်ခြင်းမဆုံးရှုံးပါ။**

“ဝိညာဉ်ကယ်တင်ခြင်းအတွက် ကိုယ်ခန္ဓာကိုဖျက်ဆီးခြင်း” ဖြင့် ခေါ်ဆောင်တော်မူခြင်းခံရသည့်အတွက် ထိုသူ၏ကယ်တင်ခြင်း ဆုံးရှုံးမှုမရှိပါ (၁ကော ၅း၅)။ ထို့ပြင် အမှုတော်ဆောင်သော်လည်း လုပ်အားသက်သေပြရန်မရှိသောကြောင့် ကောင်းကင်ဘုံတွင် ဆုလက်ဆောင်မရသော်လည်း ကယ်တင်ခြင်းကိုမူ ရမြဲရမည့်အကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

“အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည်**ကယ်တင်ခြင်း**သို့ရောက်လိမ့်မည်။” (၁ကော ၃း၁၅)

ဘုရားသခင်သည် ပြုလုပ်ခဲ့သောကုသိုလ်ကောင်းမှုနှင့်အကုသိုလ်အလိုက် တရားစီရင်မည့်အကြောင်းဖော်ပြထားသည် (၁ကော ၃း၁၃)။ အပိုဒ်ငယ်(၁၄)တွင် ကုသိုလ်ကောင်းမှုအတွက်ဆုချမည့်အကြောင်း ဖော်ပြပြီး၊ အပိုဒ်ငယ်(၁၅)တွင် ကုသိုလ်ကောင်းမှုမပြုလုပ်သူများအတွက်



ဆုလက်ဆောင်ဆုံးရှုံးသော်လည်း ကယ်တင်ခြင်းဆက်လက်ရရှိခံစားကြမည့်အကြောင်း အတိအလင်းဖော်ပြထားပါသည်။

(၈) **ယုံကြည်သူသည် ကောင်းသောအကျင့်ကိုကျင့်ရမည်။**

လူသည် ကုသိုလ်ကောင်းမှုကြောင့် ကယ်တင်ခြင်းသို့ရောက်ကြရသည်မဟုတ်သော်လည်း၊ ခရစ်ယာန်များသည် “ကယ်တင်ခြင်းရပြီး” ဖြစ်သောကြောင့် ကောင်းမှုကုသိုလ်ပြုလုပ်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း အတိအလင်းဖော်ပြထားပါသည်။

“[၁၀] အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် **ကောင်းသောအကျင့်တို့ကိုကျင့်ရမည်**အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည်ကျင်လည်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ။” (ဧ ၂း၁၀)

အထက်ပါကျမ်းပိုဒ်ကို ကောင်းစွာနားလည်ထားရန်လိုသည်။ လူသည် ‘မိမိ၏ကောင်းမှုကုသိုလ်ကြောင့် ကယ်တင်ခြင်းသို့ရောက်သည်မဟုတ်ဘဲ၊ ကယ်တင်ခြင်းရသောကြောင့် ကောင်းမှုကုသိုလ်ကိုပြုလုပ်ရခြင်း’ ဖြစ်ကြောင်း ရှင်းလင်းစွာပိုင်းခြားသိမြင်ရန်လိုအပ်သည်။

“**ကောင်းသောအကျင့်ကိုကျင့်သောသူ**မည်သည်ကား၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ဘုရားသခင်၏လက်တော်မှအကျိုးကိုခံရလိမ့်မည်ဟုသိမှတ်ကြလော့။” (ဧ ၆း၈)

(၉) **လောကီသဏ္ဍာန်ကိုပယ်၍ ပုံသဏ္ဍာန်ပြောင်းလဲရမည်။**

ကယ်တင်ခြင်းခံရပြီးသောသူတိုင်း လောကီရေးရာကိုစွန့်လွှတ်ပြီး၊ အလိုတော်အတိုင်း လောကုတ္တရာအတွက်အသက်ရှင်ရမည်။ အောက်ပါသမ္မာကျမ်းစာတွင်ဖော်ပြထားသည်။

“[၁] ညီအကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့် ပြည့်စုံသော

ယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည် အကြောင်း ဘုရားသခင်၏ကရုဏာတော်ကိုထောက်ထား၍၊ သင်တို့ကို ငါ တိုက်တွန်းနှိုးဆော်ပေ၏။ ၂ သင်တို့သည် **လောကီသဏ္ဌာန်ကို မဆောင်ကြနှင့်**။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသင့်ပြင်ဆင်၍ **ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့**။" (ရောမ ၁၂း၁–၂)

**(၁၀) ဘုရားသခင်၏အမှုတော်ကိုအားထုတ်ဆောင်ရွက်ပါ။**

"သို့သော်လည်း၊ စိုက်ပျိုးသောသူနှင့် ရေလောင်းသောသူသည် တစ်လုံးတဝတည်းဖြစ်၍ အသီးအသီးမိမိလုပ်သည်အတိုင်း **မိမိအကျိုးကို** ခံရလိမ့်မည်။" (၁ကော ၃း၈)

"၅၈ ထိုကြောင့် ငါချစ်သောညီအကိုတို့၊ သည်တို့သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍၊ မရွေ့လျော့မတိမ်းယိမ်းဘဲလျှက် သခင်ဘုရား၏**အမှုတော်ကိုကြိုးသားအားထုတ်ကြလော့**။" (၁ကော ၁၅း၅၁–၅၈)

ထို့ကြောင့်၊ တရားစီရင်ခြင်းဆိုသည်မှာ လူ့ပြည်တွင်အသက်ရှင်စဉ်တွင် ကုသိုလ်ကောင်းမှုပြုလုပ်သူများကိုဆုချမည်ဖြစ်ပြီး၊ ကောင်းမှုကုသိုလ်မလုပ်သူများသည် ဆုလာဘ်မရဘဲ၊ သူတစ်ပါး ဆုယူနေသည့်အချိန်တွင် လက်ခုပ်တီးပေးသူအဖြစ်ပါဝင်ကြရမည်ဖြစ်ပါသည်။



## ကျမ်းကိုးစာရင်း
## (Reference Books)


Alvin L. Rid. *Sharing Jesus Without Freaking Out: Evangelism the Way You Were Born To Do It.* Nashville, TE: B & H Academic, 2017).

David Lin and Steve Spaulding, eds. *Sharing Jesus in the Buddhist World.* Pasadena, CA: William Carey Library, 2003.

Dustin Willis and Aaron Coe. *Life on Mission: Joining the Everyday Mission of God.* Chicago: Moody Publishers, 2014.

Guthrie, Stan. *Missions in the Third Millennium: 21 Key Trends for the 21st Century.* Eugene, OR: Wipf & Stock Publishers, 2002.

J. Herbert Kane. *Understanding Christian Missions*, 4th ed. Grand Rapids: Baker Book House, 1986.

James A. Stewart. *Evangelism*, 4th ed. Alexandria, LA: Lamplighter Publications, 1955.

Jerry Savelle. *Sharing Jesus Effectively: A Handbook on Successful Soul-Winning.* Tulsa, Oklahoma: Harrison House, 1982.

William Fay and Linda Evans Shepherd. *Share Jesus Without Fear.* Nashville, TE: Broadman & Holman Publishers, 1999.


(၁၂၊ ၀၃၊ ၁၉)